ပိုင်ဆောင်ဆက်သွယ် TRANSCOM NEWS JOURNAL

သတင်းဂျာနယ်

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်မှ စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ် (ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

အတွဲ (၈)၊ အမှတ် (၂)

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်

ဓာတ်မုံ–ကျော်ကျော်လှိုင်

၆၆ ရေနွေးငွေ့စက်ခေါင်း (steam) အားမြတ်နိုးကြသူများစီးလုံး ဌားပြီးအလှ၊ သဘာဝရှုခင်းများ ဓာတ်ပုံရိုက် . . .

» စာ - ၁၆

အယိ် ဒီ တာ့ အာ ဘော်
စည်းလုံးငြိမ်းချမ်း.....
တည်ဆောက်ကာကွယ်....

ဇန်နဝါရီလ ၁၄ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး "နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ"တွင် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရေး မှဒီဦးဖွင့်ပွဲနှင့်တိုင်းခမ်း ချောင်းအသေးစား ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို နန်းပယ်နန်းမြို့,ရောကော့ရပ်ကွက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက်ချီးမြှင့်ခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်, အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇုန်းမြတ်, နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်နှင့် နာဂစာပေနှင့် ယဉ်ကျေးမှု(ဗဟို) နာယက ဦးရှစ်ကြူးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထိုနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသခံများနှင့်အတူ နာဂရိုးရာနှစ်သစ်ကူးပွဲတော်တခွန်တိုင်စိုက် ထူကြပြီး ရိုးရာပန်အဆောက်အဦးရှေ့တွင် ဆုတောင်း တိုင်များစိုက်ထူကာ ရိုးရာပန်ထုံးတီးခတ်ကြသည်။

တိုင်ခမ်းချောင်း အသေးစားရေအားလျှပ်စစ်ကို စစ်ကိုင်းတိုင်းဒေသကြီး အဖိုးရအဖွဲ့,ရန်ပုံငွေဖြင့် နန်းယွန်းမြို့ အနောက်တောင်ဘက် ၃ဝိုင်းကွာတိုင်းခမ်းချောင်းတွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ Francis Turbine အမျိုးအစား ၅၀ဝကီလိုဝပ် ၂လုံးဖြင့် ၁၀ဝဝ ကီလိုဝပ်ထုတ်လွှတ် နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။ ၂၀၀၈ခုနှစ်၊ ဖွဲ့ စည်းပုံအခြေခံဥပဒေအရကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ်တွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ ၅၅ခုရှိပါကြောင်း။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် သဘာဝအရင်းအမြစ်များစွာရှိသဖြင့် ဒေသဖွံ့ဖြိုးရေးအတွက်ကျိုးရှိစွာ အသုံးပြုစေလိုပါကြောင်း။ နာဂလူမျိုးများ၏ သမိုင်းကြောင်းကိုလေ့လာရာတွင် မိုးနွယ်စုကြီး ၄စုနှင့် မိုးနွယ်စုငယ် ၁၀ဝကျော်ရှိသည်ကိုသိရှိရပါကြောင်း။ ဒေသတစ်ခုခုဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရန် လိုအပ်ပါကြောင်း။ နာဂဒေသဖွံ့ဖြိုးတိုးတက်လာခြင်းသည် နာဂဒေသ၏ တည်ငြိမ်အေးချမ်းမှုကိုဖော်ပြနေခြင်းဖြစ်ပါကြောင်း။ ဒုတိယသမ္မတ ဦးမြင့်ဆွေကအမှာစကားပြောကြားရာတွင် အထက်ပါအတိုင်းထည့်သွင်း ဖြေကြားခဲ့ သည်။

Steam Loco ဟူသည့် ခေါင်းစဉ်ဖြင့် မြန်မာရှေခင်းအလှများအားရေနွေး ငွေ့စက်ခေါင်းနှင့် ခေတ်ဟောင်းရထားတွဲများကို ဥရောပနိုင်ငံ၃နိုင်ငံမှဓာတ်ပုံပညာရှင် ၄၀ကျော်ပါဝင်သည့်အဖွဲ့မှ ဗားရင်းကာ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် တို့တွင် နှစ်စဉ်ဇန်နဝါရီလ၌ လာရောက်လေ့ရှိကြောင်း သိရသည်။ ပြည်တွင်း ရှိ Pleasant Myanmar Tourسနှင့် ဂျာမဏီနိုင်ငံရှိ Far Rail Toursတို့မှ ပေါင်းရိုက်ဆက်ကာ လာရောက်ခဲ့သည်မှာ တတိယကြိမ်ရှိပြီဟု သိရသည်။ ယခုနှစ်တွင်မူ ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်မှ သတင်းအဖွဲ့သည်မြန်မာ့ဗီးရထားနှင့် Pleasant Myanmar Tours ဂျာမဏီတို့ ချိတ်ဆက်၍ လိုက်ပါမေးမြန်းရိုက်ကူး မှတ်တမ်းတင်ခဲ့သည်။ အဆိုပါ ဂျာမဏီမှ တာဝန်ရှိသူများကဂျာနယ်တိုက်ရိုက်သို့လာရောက်၍ သိလိုသည်များ ရှင်းပြဆွေးနွေးခဲ့ကြသည်။

ရေနွေးငွေ့သုံးရထားစက်ခေါင်းနှင့် ခေတ်ဟောင်းရထားတွဲများအား မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မြန်မာ့အလှ၊ မြန်မာ့ရှေခင်းများကိုတန်ဖိုးထားလာရောက် နေ့ စဉ်ညအပင်ပန်းခံကာရိုက်ကူးကြသည်မှာ လေးစားဂုဏ်ယူစရာဖြစ်ပါသည်။ တစ်နှစ်တစ်ကြိမ် လာရောက်ရာမှတစ်နှစ်စ်ကြိမ်လာရောက်ရန် ကြိုးစားပြင်ဆင်နေကြောင်းလည်း သိရသည်။

ဇန်နဝါရီလ ၁၇ ရက်နံနက်ပိုင်းတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန(DCA)၏ စီစဉ်ပေးမှုဖြင့် ပို့ဆောင်ဆက်သွယ်သတင်းအဖွဲ့သည် လေဆိပ်ဆိုင်ရာလုပ်ငန်းများ၊ လေဆိပ်လုံခြုံရေးဆိုင်ရာတွင် အမျိုးသားအဆင့်ဖွဲ့စည်း၍ ဆောင်ရွက်နေသည်များ၊ ပြည်တွင်း၊ ပြည်ပလေယာဉ်များဦးဆောင်လမ်းညွှန်၊ ထိန်းသိမ်းပေးသည့်လုပ်ငန်းများ၊ မြန်မာ့လေဝိုင်နက်ကိုဖြတ်ကျော်နေသည့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လေယာဉ်များ၊ကိုစောင့်ကြည့်ခြင်းနှင့် ပြည်ပဝင်ငွေရာဇွေပေးနေသည်များကို ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်မရိတ်သတင်အတွက် အသိပညာ၊ ဗဟုသုတများ ဆင့်ပွားမျှဝေပေးနိုင်ရေးကြိုးစားနိုင်ခဲ့ကြပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကို ကြိုးပမ်းဆောင်ရွက်ရင်း တည်ဆောက်၊ ကာကွယ်ရေးကဏ္ဍတွင်တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နေပါကြောင်း။ တင်ပြစေလားလိုက်ရပါသည်။

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘဂီလားပင်လယ်အော်အခြေအနေ

ကမ္ဘလီပင်လယ်ပြင်နှင့် ဘဂီလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ဘဂီလားပင်လယ်အော်မြောက်ပိုင်းတွင်အများအားဖြင့်သာယာပြီး၊ ကမ္ဘလီပင်လယ်ပြင်နှင့် ကျွန်ဘဂီလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြေအောက်လျှောနည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်ရွာသွန်းမြေခန်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်ရွာသွန်းမြေထက်ပိုနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် (၃)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် (၁)ရက်မှ (၂)ရက်ခန့် ရွာနိုင်ပါသည်။

ညအပူချိန်

ညအပူချိန်မှာ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် (၁.၅)ဒီဂရီစင်တီဂရိတ်လျော့နည်းနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆)ရက်မှ (၈)ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၃)ရက်မှ (၅)ရက်ခန့်နံနက်ပိုင်းတွင် မြူထူများဖိုးပိုးနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ဇန်နဝါရီလ တတိယ (၁၀)ရက်ပတ်အတွင်း မြစ်ကြီးနားမြို့, ဗန်းမော်မြို့, ရွှေကူမြို့, ကသာမြို့, သပိတ်ကျင်းမြို့, မန္တလေးမြို့, စစ်ကိုင်းမြို့, မြင်းမူမြို့, ပခုက္ကူမြို့, ညောင်ဦးမြို့, ချောက်မြို့, မင်းဘူးမြို့, မကွေးမြို့, အောင်လံမြို့, ပြည်မြို့, ဆိပ်သာမြို့, ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် ပေတက်မှ ၁-ပေခန့်ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည်ဇန်နဝါရီလ တတိယ (၁၀)ရက်ပတ်အတွင်း ခန္ဓီးမြို့, ဟုမ္မလင်းမြို့, ဖောင်းပြင်မြို့, မော်လိုက်မြို့, ကလေးခမြို့, မင်းကင်းမြို့, ကနီစီမြို့နှင့် မုံရွာမြို့တို့တွင် ပေတက်ခန့်ကျဆင်းလာနိုင်ပါသည်။ မိုး/ဇလ

MPT ၏နေ့စဉ်သုံး Facebook ဒေတာ
အပိုလက်ဆောင် အစီအစဉ်သစ်ကြောင့်
အဆက်အသွယ်မပြတ်ချိတ်ဆက်နိုင်တော့မည်

MPT ကဆိုရှယ်မီဒီယာအသုံးပြုသူများအတွက် နေ့စဉ်သုံး facebookဒေတာအပိုဆုလက်ဆောင်ရရှိမည့် အစီအစဉ်တစ်ရပ်ကို ဇန်နဝါရီ ၁၁ရက်ကစ၍သုံးစွဲသူများထံ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

MPT သုံးစွဲသူအနေဖြင့် E-Top upငွေဖြည့်စနစ် (သို့) မိုဘိုင်းဘဏ်အသုံးပြု၍ ငွေဖြည့်သွင်းခြင်းအားဖြင့် facebook, Messenger, viber, Line, Instagram စသည့် ဆိုရှယ်မီဒီယာများအတွက် အသုံးပြုဒေတာအပိုဆုလက်ဆောင်ရရှိမည်ဖြစ်ပြီး မိသားစုများ၊ သူငယ်ချင်းများအပြင်ချစ်ခင်ရသူများအကြားတွင် အချိန်ကြာကြာဆက်သွယ်နိုင်မည့် အစီအစဉ်ဖြစ်ကြောင်းသိရသည်။

MPT- KSSM၏ Chief Commercial Officer ဖြစ်သူ Mr Reizo Umedamက သုံးစွဲသူတွေကကျွန်တော်တို့ရဲ့ အရည်အသွေးဖြင့် ကွန်ရက်ကို အသုံးပြုပြီး Facebookနဲ့ အခြားလူမှုကွန်ရက်ပေါ်ကနေ နှစ်သက်တဲ့ သတင်းတွေ, မိတ်ဆုံတွေနဲ့ဗီဒီယိုတွေကိုကြည့်ရှုရတာကို ဘယ်လောက်အထိနှစ်သက်ကြလဲဆိုတာကို MPT နှစ်သက်နားလည်ထားပြီး မြန်မာ့အင်တာနက်ဆုရရှိထားပြီး LTE+ကွန်ရက်ပေါ်ကနေဒေတာသုံးစွဲမှုတွေဟာပြီးခဲ့တာ ၆လအတွင်းမှာပဲ သိသိသာသာမြင့်တက်လာတာကိုတွေ့ရသလို ဆိုရှယ်မီဒီယာအခန်းကဟာလည်း အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ကြောင်း သိရသည်။

MPTသုံးစွဲသူတွေကို သိထားစေချင်တာကတော့ခဲခြစ်ငွေဖြည့်က၆နဲ့ ငွေဖြည့်သွင်းရင်ဒေတာအပိုဆုလက်ဆောင်ကို ရရှိနိုင်မည်အဟုတ်ပါ + E- Top up ငွေဖြည့်စနစ်က ဖုန်းသုံးတဲ့အခါ အလွန်အဆင်ပြေစေသလိုအချိန်ကုန်လည်းသက်သာစေမှာဖြစ်တဲ့အပြင် ဒေတာအပိုလက်ဆောင်အစီအစဉ်ကို နှစ်သက်ကြမယ်လို့ မျှော်လင့်ကြောင်းပြောကြားသည်။

အဆိုပါအစီအစဉ်တွင် ငွေဖြည့်သွင်းသည့်ပမာဏအပေါ်မူတည်ပြီး ကွာခြားမည်ဖြစ်ပြီး အသုံးပြုသူများငွေများများဖြည့်သွင်းပါက နေ့စဉ်သုံး facebook အပိုလက်ဆောင်ကို ပိုမိုရရှိမည်ဖြစ်သည်။ ထိုပြင်သောကြာနေ့တိုင်းတွင် ဖြည့်သွင်းပါကနေ့စဉ်သုံး facebook ဒေတာလက်ဆောင်အပြင် ယခင်က Happy friday အပိုလက်ဆောင်ကိုပါ ထပ်ဆောင်းရရှိမည်ဖြစ်ပြီး နေ့စဉ်သုံးfacebookအပိုလက်ဆောင်ကို (၃)ရက်အတွင်းအသုံးပြုရမည်ဖြစ်ပြီး ခဲခြစ်က၆နှင့် ၁၀ဝဝကျပ်အောက်ငွေဖြည့်သွင်းမှုများအတွက် ရရှိမည်မဟုတ်ကြောင်းလည်းသိရသည်။

ဒေတာအပိုဆုအစီအစဉ်များ၏ သက်တမ်းကုန်ဆုံးရက်မှာ ဇန်နဝါရီ ၃၁ရက်ဖြစ်သည်ကိုလည်း သိရသည်။ ယခုအစီအစဉ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်ကို http://mpt.com.mm/mm/ နှင့် MPTအမှတ်တံဆိပ်ပါအရောင်းဆိုင်များတွင် စုံစမ်းနိုင်ကြောင်း သိရသည်။

လှမျိုး - ဆ.သ.ရ

MPT က ဟော်ကွင်ကံထူး နှစ်သစ်ကူးအစီအစဉ်မှ iphone X အလုံး ၃၀ Toyota Vois ကားဥစီးနှင့် ကွန်ဒိုတိုက်ခန်းမဲဖောက်သူများကို ဆုပေးအပ်ခဲ့ကြောင်း သိရသည်။

MPT ကချီးမြှင့်သည့် iphone X ကံစမ်းမဲ (Lucky Draw)အစီအစဉ်မှ မဲပေါက်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အိမ်တိုင်ရာရောက် ဆက်သွယ်ဆောင်ရွက်၍ iphone X ဖုန်းအလုံး၃ဝဝကို အိမ်တိုင်ရာရောက် ဆက်သွယ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁ဝ ရက်နေ့က မြန်မာပလာဇာတွင် ကျင်းပပြုလုပ်ခဲ့သည့် ကံစမ်းမဲ condo အထပ်မြင့်အိမ်ရာ မဟာကံထူးရှင်ရွေးချယ်ပွဲတွင် Toyota Vois Brand Newကား ၃စီးမဲပေါက်ခဲ့သည့် မဟာကံထူးရှင် ၃ဦးကို အများပြည်သူရှေ့မှောက်၌ ကားကံထူးရှင်များအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သန်လျင်မြို့ Star City ရှိ ONE BED ROOM Glaxy Condo award for MPT New Year Lucky Draw မှ မဆုသက်နွယ်အား ကွန်ဒိုတိုက်ခန်းပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီလ ၁ရက်နေ့က Star City Sale Gallary တွင် ကွန်ဒိုတိုက်ခန်းဆုအား MPT က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ MPT-KSGM မှ စီးပွားရေးရာဌာနကြီး ဒုတိယအကြီးအကဲဖြစ်သူ ဦးသိန်းဟုတ်က MPT အနေဖြင့် ယခုထက်ကောင်းသော အစီအစဉ်သစ်များ ဆက်လက်ဆောင်ရွက်နေကြောင်းအပြင်၊ MPT ကို ဆက်လက်အားပေးကြရန် တိုက်တွန်းပြောကြားကြောင်း သိရသည်။

လှမျိုး၊ သဇင်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ၏
အမိန့်အမှတ်၊ ၇/၂၀၁၈
၁၃၇၉ ခုနှစ်၊ မြဘုလိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ ဧရန်လဒီလ ၁၆ ရက်)
ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဝန်ကြီးဌာန၊ ဦးသာဦး၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဇနီးအမည်	-	မရှိပါ။
အလုပ်အကိုင်	-	
သားသမီး	-	မသက်ဆိုင်ပါ။
အမှုထမ်းဆောင်ခြင်း	-	အင်ဂျင်နီယာအဆင့် ၃မှ ဦးဆောင်ညွှန်ကြားရေးမှူး (၁၀.၁၀.၁၉၇၄ မှ ၁.၇.၂၀၀၉ထိ)မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကျွမ်းကျင်သူ (၂.၇.၂၀၀၉ မှ၁၀.၃.၂၀၁၀ထိ)မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ဝင် (၁၀.၃.၂၀၁၀ မှ ၅.၆.၂၀၁၂) ပြည်ထောင်စုရေကြောက်ပွဲကော်မရှင်ဂုဏ်ထူးဆောင် အကြံပေးဗုဒ္ဓိလ ဂုဏ်ထူးဆောင်အကြံပေးဗုဒ္ဓိလ (၁၀.၁၀.၂၀၁၇ မှ ၁၅.၁.၂၀၁၈) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (၁၆.၁.၂၀၁၈ မှ ယနေ့အထိ)
ပညာသင်ကြားရေး	-	အစိုးရမူလတန်းကျောင်း၊ သိမ်ဆိပ်၊ သထုံမြို့နယ်၊ မွန်ပြည်နယ် (၁၉၅၆-၁၉၅၉)အစိုးရအထက်တန်းကျောင်း၊ ကျိုကြော်၊ သထုံမြို့နယ်၊ မွန်ပြည်နယ်၊ (၁၉၅၉-၁၉၆၅) အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန် (၁၉၆၅-၁၉၆၈) ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၈-၁၉၇၂)
ပြည်ပခရီးစဉ်	-	၁၉၇၇ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ ရက်နေ့အထိ ၃၂နှစ်တာကာလအတွင်း၊ ဂျပန်၊ အိန္ဒိယထိုင်း၊ အစ္စရေး အမေရိကန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျာမဏီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆွတ်ဇာလန်၊ အင်္ဂလန်၊ စင်္ကာပူ၊ မလေးရှား၊လာအို၊ ဟောင်ကောင်၊ ဗီယက်နမ်စသည့်နိုင်ငံများသို့ သင်တန်းတက်ရောက်ခြင်း၊ လေ့လာရေးခရီး၊ အလုပ်ရုံဆွေးနွေးပွဲများ၊နှစ်နိုင်ငံဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ အတွက်စာချုပ်ချုပ်ဆိုရန်ညှိနှိုင်းဆောင်ရွက်သည့်လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိမ်ဖန်များစွာ သွားရောက်ခဲ့ပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။
လက်ရှိတာဝန်	-	ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁၆ရက်စွဲပါ နိုင်ငံတော် သမ္မတရုံးအမိန့် (၇/၂၀၁၈))

အမည်	-	ဦးသာဦး
အခြားအမည်	-	မရှိပါ။
မွေးသက္ကရာဇ်	-	၁၉၄၈ခုနှစ်၊ ဇူလိုင်လ ၂ ရက်
လူမျိုးနှင့်ကိုးကွယ်သည့်	-	ဗမာ၊ ဗုဒ္ဓ
အရပ်အမြင့်	-	၅၆ ၅လက်မ
ဆံပင်အရောင်	-	အနက်
မျက်စေ့ရောင်	-	အနက်
ထင်ရှားသည့်အမှတ်အသား	-	ညာဘက်လက်မောင်းတွင် အမာရွတ်ရှိ
ကိုယ်အလေးချိန်	-	၁၂၀ ပေါင်
မွေးရပ်ဇာတိ	-	ဝင်းပကျေးရွာ၊သိမ်ဆိပ်တိုက်နယ်၊သထုံမြို့နယ်
နိုင်ငံသားမှတ်ပုံတင်အမှတ်	-	၁၂/သယက(နိုင်)၀၂၅၄၃၂
နေရပ်လိပ်စာ	-	အမှတ် ၄၄၊ ကန်သာယာလမ်း၂၉ရပ်တွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ပညာအရည်အချင်း	-	A.G.T.I (EC). B.E (EC)

မြန်မာ့စာတိုက်လုပ်ငန်းက အစိုးရသစ်လက်ထက်တွင် တံဆိပ်ခေါင်းသစ်များ ထုတ်ဝေခဲ့



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းက ယခင်ထုတ်ဝေခဲ့သော၊ အထူးထုတ်တံဆိပ်ခေါင်းများ အစဉ်သုံးတံဆိပ်ခေါင်းများ အပြင် အစိုးရသစ်လက်ထက်တွင် ၂၀၁၈ခုနှစ်က အာဆီယံနိုင်ငံများ၏ ၂၃ကြိမ်မြောက် ASEAN Postal Business Meeting၊ နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် ၇၀ပြည့်အထိမ်းအမှတ် ဗိုလ်ချုပ်ပုံပါတံဆိပ်ခေါင်းကို ၂၀၁၇ခုနှစ် မတ်လ ၁၇ရက်နေ့က ထုတ်ဝေခဲ့သည်။ ထို့ပြင် ဖေဖေစ်မြောက် လွတ်လပ်ရေးနေ့အထူးထုတ် တံဆိပ်ခေါင်းအပြင် ယခုလည်း လွတ်လပ်ရေးနေ့တံဆိပ်ခေါင်း ၃မျိုးကိုထုတ်လုပ် မြန်မာဝေထားကြောင်း သိရသည်။

ဇန်နဝါရီ ၄ရက်နေ့က နှစ် ၇၀ပြည့်လွတ်လပ်ရေးနေ့ အထူးထုတ်တံဆိပ်ခေါင်း ၃မျိုးကို အရောင် ၃မျိုးဖြင့် ထုတ်လုပ်ခဲ့ပြီး First day Cover စာအိတ်များကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစာတိုက်ကြီးတို့တွင်ရောင်းချပေးခဲ့ကြောင်း သိရသည်။

တံဆိပ်ခေါင်း 42x30 mm အရွယ်အစားဖြစ်ပြီး တစ်မျိုးလျှင် အလုံးရေ ၃၀၀၀၀ ထုတ်လုပ်ထားပြီး ၃မျိုးအတွက် စုစုပေါင်းအလုံးရေ ၉၀၀၀၀၀သိန်း ထုတ်လုပ်ထားကြောင်း သိရသည်။ ထို့ပြင် တံဆိပ်ခေါင်းချစ် မြတ်နိုးသူများ အသင်းကလည်း စာအိတ်ပေါင်း ၇၀၀၀ကို အမှတ်တရ ထုတ်ဝေခဲ့ကြောင်း သိရသည်။

လွတ်လပ်ရေးနေ့ အထူးထုတ်တံဆိပ်ခေါင်းများကို မြန်မာ့လွတ်လပ်ရေးစာတင်ရှိခဲ့သည့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ကစ၍ မြန်မာ့စာတိုက်လုပ်ငန်းကစတင် ထုတ်ဝေခဲ့ပြီး နိုင်ငံတော်၏ အထိမ်းအမှတ် နေ့ထူးနေ့မြတ်များ၊ ကုလသမ္မဂအဖွဲ့အစည်းအပါအဝင် အာဆီယံနိုင်ငံများ၏ နစ်ပတ်လည် အထိမ်းအမှတ်နေ့ကြီးများအပါအဝင် နိုင်ငံတော်၏အရေးကြီးသည့် နေ့ထူးနေ့မြတ်များတွင် မြန်မာ့စာတိုက်လုပ်ငန်းအား အထူးထုတ်တံဆိပ်ခေါင်းသစ်များ ပုံနှိပ်ထုတ်ဝေလျက်ရှိကြောင်း သိရသည်။

လှမျိုး ဆ.သ.ရ

အင်ဆုံး၏ ပြီးချင်သည်

ဘဝမှာဘာတွေဖြစ်ချင်သလဲ
စာစစ်၍မေးလာလျှင်...။

အဖြေပေးချင်လည်း
ဖြေရေးလေ့မလွယ်ခက်လုချည့်
အရွယ်အသက်ယိုမှားလွင်လွင်နှင့်
ဟိုယခင်ပေါစ်ကဆိုတော့
"ပျိုဘဝ" "ငျိစည်းစိမ်"
"ပျိုအိုးအိမ်" ငါတွေမှားပါလို့

ဖြစ်ချင်တာလွန်အကျူးရယ်နှင့်
ရှားခဲ့သည်ပင်...။

မရင်တမ်းသာပ
ဖြတ်သန်းလာဘဝကိုရှုမြန်တော့
ထပ်မှန်းကာရလိုမှုတွေက
"တစ်ခုပြီးတစ်ခုပေါ်"
"တစ်ခုပေါ်တစ်ခုဆင့်"
အမြင့်ပျံစံချင်နိုးငယ်နှင့်

မိုးတိမ်လွှာအာကာနန်းဆီက
ကြယ်ပန်းကိုပန်မယ်မျှော်လို့
လပေါ်မှာတစ်ရေးအိပ်ချင်ရဲ့
တွေးစိတ်ကအလုမ်းကျယ်ချင်
လမ်းတကယ်မမြင်အောင်အနှုံလိုက်လေဝေ။
အလွမ်းရယ်ရင်တောင်မဆုံအမိုက်တွေထွေး။

သတိသမ္မဇဉ်
အသိဉာဏ်မယှဉ်လို့
လိုချင်ရာကိုယ်မရနေလတိုင်း
ဘဝမှာကြိမ်ကြိမ်ဝိုတော့
အိုတွေခုခါဆုံးပြီထင့်
ချစ်မုန်းဒဏ်တွင်တွင်ခံလို့
ရှင်သန်ရှိနိုက်ကျန်သရွေမှာမြင့်

သောကအိမ်တစ်ဖန်မတွေချင်ဘူး
ပြန်၍ဆင်ခြင်တော့
ကံယာဉ်မှာဉာဏ်စစ်မြင့်ပါလို့
အခွင့်သာအခါမလွှခင်ဌ
ဝဲသြယာတဏှာဘုံရဲ့
ကာမဂုဏ်အာရုံညွှတ်ဆီက
လွှတ်တဲ့သူသည်ကိုယ်စစ်
ဖြစ်ချင်ရဲ့လေး။။

မြင်းမူမောင်နိုင်မိုး

ယာဉ်မောင်းနှင်ခြင်းမပြုမီ စစ်ဆေးရမည့်အချက်များ

၁။ ဘရိတ်
၂။ မီးများ
(က) ရှေ့မီးကြီး
(ခ) ဘေးမီးငယ်
(ဂ) ဘရိတ်မီး
(ဃ) အချက်ပြမီး
(င) နောက်နံပါတ်ပြားမီး
၃။ တွန်း
၄။ တာယာကောင်း/မကောင်း။ လေညီ/မညီ
၅။ စတီယာရင် ကောင်း/မကောင်း။
၆။ ဂီယာ ကောင်း/မကောင်း
၇။ နောက်ကြည့်မှန်
၈။ ဆီ၊ ရေ၊ လေ၊ ဝိုင်၊ ပြည့်စုံမှု ရှိ/မရှိ
၉။ ယာဉ်မောင်းလိုင်စင်
၁၀။ မှတ်ပုံတင် သက်သေခံလက်မှတ်
၁၁။ မိုးတွင်းအခါ ရေသုတ်ကရိယာ ကောင်း/မကောင်း

ကျော်တက်ရာတွင် သတိပြုရမည့်အချက်များ

၁။ ယာဉ်မောင်းသူသည် မိမိရှေ့ကယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုပြီးမှ ကျော်တက်ရမည်။
(က) နောက်မှလိုက်နေသောယာဉ်သည် မိမိယာဉ်ကို ကျော်တက်ရန်ပြင်ဆင်နေခြင်းမရှိသည့်အခါ။
(ခ) မိမိကျော်တက်လိုသောယာဉ်သည် ၎င်း၏ ရှေ့ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်နေခြင်းမရှိသည့်အ ခါ။
(ဂ) ကျော်တက်ရန်အတွက် မိမိအသုံးပြုမည့် ယာဉ်ကြောရှင်းနေသည့်အခါ။
၂။ ရှေ့မှယာဉ်အား ကျော်တက်လိုလျှင် ယာဉ်ရှင်း/မရှင်း ဦးစွာကြည့်၊ ကျော်တက်ရန်၊ ဟွန်းတီးအချက်ပေး။ ယာဉ်ရှင်း/မရှင်းထပ်ကြည့် ရှင်းမှကျော်တက်ပါ။
၃။ မည်သည့်ယာဉ်မဆို မိမိရှေ့ကယာဉ်ကို ကျော်တက်ရာတွင် သာမန်အားဖြင့် ထိုယာဉ်၏ လက်ဝဲဘက်မှသာ လွတ်ကင်းစွာ ကျော်တက်ရမည်။
၄။ မိမိရှေ့က သွားနေသော ဝန်လေးမော်တော်ယာဉ်ကြီးကို ကျော်တက်လိုလျှင်ထို ယာဉ်ကြီး၏ နောက်ကကပ်မလိုက်ဘဲ ၎င်း၏ရှေ့တွင်ရှိသည့် လမ်းအခြေအနေကို ကောင်းမွန်စွာ လှမ်း၍မြင်နိုင်သည့် အကွာအဝေးမှလိုက်ပြီး လမ်းရှင်းမှကျော်တက်ရမည်။
၅။ ကျော်တက်ပြီး၍ မူလယာဉ်ကြောသို့ ပြန်ဝင်လျှင် နောက်မှယာဉ်ကို အနောက်အယှက်မဖြစ်စေဘဲ လွတ်ကင်းစွာဝင်ရမည်။
၆။ မိမိယာဉ်ကို အခြားယာဉ်က ကျော်တက်နေလျှင်ထိုယာဉ်ကျော်တက်ပြီးသည်အထိ မိမိယာဉ်၏ အမြန်နှုန်းကိုမတိုးဘဲ လမ်းပေး၍ ကျော်တက်ခွင့်ပြုရမည်။
၇။ မိမိရှေ့မှယာဉ်၏ လက်ယာဘက်မှကျော်တက်နိုင်သည့် အခြေအနေများမှာ-
(က) ရှေ့မှယာဉ်သည် လက်ဝဲကွေ့ရန် အချက်ပြနေသည့်အခါ၊
(ခ) လမ်းတွင် ယာဉ်များပိတ်ဆို့နေသဖြင့် လက်ယာဘက်တွင်လမ်းပွင့်နေသည့်အခါ။
(ဂ) ယာဉ်ကြော လမ်းပြောင်းသည့်အနေဖြင့် လက်ဝဲဘက်ယာဉ်ကြောတွင် မောင်းနှင်နေသည့်ယာဉ်၏ ရှေ့သို့လက်ယာဘက်ယာဉ်ကြောမှ လွတ်ကင်းစွာ လမ်း ပြောင်းဝင်သည့်အခါ။
(ဃ) တစ်လမ်းမောင်းလမ်းတွင် မောင်းနှင်သွား သောအခါ။
၈။ အောက်ပါနေရာများနှင့် အချိန်အခါများတွင် မိမိရှေ့မှ ယာဉ်ကိုလုံးဝကျော်တက်ခြင်းမပြုရ-
(က) ခြေလျင်လျှောက်သူများ ဖြတ်ကူးရန်ခွင့်ပြု ထားသောနေရာ၊
(ခ) လမ်းဆုံနှင့် လမ်းခွ၊
(ဂ) လမ်းထောင့်နှင့် လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားပေါ်၊
(စ) လမ်းကျဉ်းအတွင်း။
(ဆ) ဥမင်လိုက်ခေါင်းအတွင်း။
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်း မျဉ်းကြောင်းဖြင့် သတ်မှတ်ထားသော ယာဉ်ကြော အတွင်း။
(ည) တံခါးရှိ/တံခါးမဲ့ရထားလမ်းနေရာ၊
(ဋ) မြင်ကွင်းမကောင်း၍ အန္တရာယ်ကင်းစွာကျော် တက်ရန် မိတ်မချရသော အချိန်အခါ။
(ဌ) ကျော်တက်လျှင် ရေ (သို့မဟုတ်) မျက်နှာ ချင်းဆိုင်မှ မောင်းနှင်နေရသည့်ယာဉ်များက ရှောင်တိမ်း ပေးခြင်း အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောက်အယှက်ဖြစ်စေနိုင်သည့်အခါ။

EMS. In'L. အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းက ပြည်ပ ၅နိုင်ငံသို့ တိုက်ရိုက်ဝန်ဆောင်မှုပေးမည်

EMS. In'L အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းက ပြည်ပ ၅နိုင်ငံသို့ နိုင်ငံခြားအမြန်ချောပို့စနစ်ဖြင့် တိုက်ရိုက်ပေးပို့သည့်စနစ်ဖြင့် စတင်နေပြီဖြစ်ကြောင်း။ အဆိုပါတိုက်ရိုက်ပေးပို့သည့်စနစ်ကို ယခုနစ် ဇန်နဝါရီ ၂ရက်နေ့ကစတင်နေပြီဖြစ်ကြောင်း။ EMS. In'L မှ တာဝန်ခံအရာရှိတစ်ဦး၏ ပြောကြားချက်အရသိရသည်။

ယခင်က ဂျာမဏီ၊ ယူနိုက်တက်ကင်းဒမ်း (UK) နှင့် ပြင်သစ်စသည့် ဥရောပနိုင်ငံကြီးများသို့ ချောစာနှင့် ချောထုပ်များကို ပေးပို့ဆောင်ရွက်ရာတွင် တစ်ဆင့်ခံအဖြစ် စင်ကာပူလေကြောင်းလိုင်းဖြင့် ပေးပို့ဆောင်ရွက်ရာတွင် လမ်းခရီးတွင်နစ်ပတ်ခန့်ကြာမြင့်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ဩစတေလျှနိုင်ငံများသို့ ချောစာနှင့် ချောထုပ်များပေးပို့ခြင်းအတွက် လမ်းခရီးတွင်တဆင့်ခံ လေကြောင်းလိုင်းများဖြစ်သည့်အတွက် (၁၀)ရက်ခန့်ကြာမြင့်ခဲ့ကြောင်းသိရသည်။

ယခုအခါ EK. 38g အာရပ်စော်ဘွားများနိုင်ငံ (UAE) အခြေစိုက် ဒူဘိုင်း (Dubai) လေကြောင်းလိုင်းဖြင့် တိုက်ရိုက်ပို့ဆောင်နိုင်ပြီဖြစ်သည့် အတွက် ဂျာမဏီ၊ UK နှင့် ပြင်သစ်စသည့် ဥရောပနိုင်ငံကြီးများသို့ ချောစာနှင့် ချောထုပ်များ ရက်သတ္တ (၁)ပတ်အတွင်း ရောက်ရှိတော့မည်ဖြစ်သည်။ ထို့ပြင်အမေရိကန် ဩစတေးလျှနှင့် အာရပ်စော်ဘွားများနိုင်ငံ (UAE) သို့ ၅ရက်မှ ၇ရက်အတွင်း ချောစာနှင့် ချောထုပ်များရောက်ရှိတော့မည်ဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပ- အမြန်ချောစာနှင့် ချောထုပ်ပစ္စည်းများကို တိုက်ရိုက်ချိတ်ဆက်ဝန်ဆောင်မှုများက မြန်မာ့စာတိုက်ဝင်ငွေတိုးတက်ရေး ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင်၊ အများပြည်သူအတွက် Every one for Myanmar Post လူတိုင်းအတွက်မြန်မာ့စာတိုက်ဖြစ်စေရမည်ဟူသည့် အထက်အကြီးအကဲများ လမ်းညွှန်မှာကြားချက်များနှင့်အညီ အများပြည်သူအတွက် အချိန်ကုန်ငွေကုန်သက်သာစေပြီး၊ အချိန်အခါနှင့် နေရာဒေသမရွေး မြန်မာ့စာတိုက်ဝန်ထမ်းများက ကြိုးစားဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

လှမျိုး - ဆ.သ.ရ

ဆက်လုပ်ခွင့်ပြုပါ

ပဟိုပို့ဆက်၊ စံကျောင်းထက်မှ
ထက်မြက်လုပ်သား၊ အလေးထား၍
တို့များစံပြ၊ လေ့ကျင့်ကြမည်
ထည်ခုံဝင့်ညား၊ ကြီ့ခိုင်အားမာန်
ထူးခြားစွမ်းရည်၊ ပြည်တာဝန်ထမ်းမည်.....။

ယိုဗိတ်ဂရုဏာ၊ စေတနာနွေးချို
မေတ္တာပို့ထုံး၊ ပြုံးရိပ်ဆင်လျက်
ထာဝစဉ်ကမ်းလက်၊ ဟန်ချက်မပျက်ဘဲ
တွဲယှဉ်လှမ်းလျှောက်၊ မှန်းရည်ပြုစု
ထုဆစ်ပုံသွင်း၊ အိုး.....မိခင်.....။

စိတ်ဓာတ်စည်းကမ်း၊ ပြည်ဝတ္တမ်းရည်
တည်ပြုထောင်ဝေ၊ အောင်နိုင်စေရေး
သင်ကြားပေးဝေ၊ ဥပဒေအကြောင်း
ပြောင်းလဲတိုးတက်ခဲ့၊ ကွန်ယက်နည်းပညာ
ကွန်ပျူတာတွေ့ပို့၊ ဘဏ္ဍာထုပ်ထိန်းထား
ရုံးလုပ်ငန်းများ။ ထားသိုပစ္စည်း
နည်းမှန်လမ်းမှန်၊ ဟန်ချက်ညီညီ
ရှေ့သို့ချီမည်၊ ပြည့်ချစ်သားချစ်သူ.....။

မိခင်ရင်ခွင်၊ ခိုဝင်ဆည်းပူး
ထူးကဲလေ့ကျင့်၊ တင့်တယ်ရည်မှန်း
ထမ်းရွက်ဦးတည်၊ ပြည်ကြီးမဏ္ဍိုင်
သစ္စာခိုင်မြဲ၊ အတူတွဲလျှောက်
ခရီးပေါက်ရန်၊ မြန်ရဦးမည်
ဌာနဆီသို့၊ ကိုယ်စီအလှ
ရခဲ့အပြုံး၊ နုတ်ဆက်ဦးမယ်
ဆက်လုပ်ခွင့်ပြုပါ၊ အို.....မိခင်.....။
(သင်တန်းဆင်းများ.....အတွက်
ဂုဏ်ပြုလက်ဆောင်)

ဦးဇော်(CITC)

ကြော်ငြာရှင်များ ဆက်သွယ်လိုပါက
Advertising Department
ဖုန်း-၀၁-၈၆၁၀၁၉၁
e-mail-transcomnews.2017@gmail.com

Transcom News Journal
စီမံခန့်ခွဲမှုအရာရှိ ဦးနီအောင်
စာတည်းမှူးချုပ် မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ ထိန်လင်း
ဌေစာရင်းအရာရှိ ကျော်သူရ
လက်ထောက်စာတည်း တင်မောင်
သတင်းထောက်ချုပ် ကျော်ကျော်လိုင်
သတင်း (ရထား) အောင်ဆန်းဦး
သတင်း (ဆက်သွယ်ရေး) လှမျိုး
ကာတွန်းသရုပ်ဖော် မောင်တင်ယု
သတင်းထောက် အိမ်စည်
ဝေဝေဖြိုး
သဇင်မူး
ပိုးဟေမာ
မျက်နှာဖုံးဒီဇိုင်း ဝင်းထိုက်
ကွန်ပျူတာ ခိုင်ယုသွယ်
ဇင်ဘိုထွန်း
မင်းခန့်ဇော်
အောင်ကောင်းဆက်
စာမျက်နှာဒီဇိုင်း နေလင်း
မြတ်ထူးဇော်
ဖြန့်ချိရေး ကိုကိုမြတ်၊ ဘိုဘို
ထုတ်ဝေသူ ကျော်မြင့်
၀၀၇၉၆
ပုံနှိပ် မင်းပြည့်စုံ
၀၀၁၀၃
တိုက်တည်နေရာ။ ။အမှတ် (စဉ/၉၁)၊ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၈၆၁၀၁၉၂၂ စာတည်းမှူးချုပ်-၀၁-၃၇၅၄၄၃။ e-mail-transcomnews.2017@gmail.com

PHOTO NEWS

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်း၌ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၁ရက် တွင်ကျင်းပပြုလုပ်မည့် သံဃာအပါး ၂၀၀၀ဆွမ်းလောင်းလှူပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည်များအား ဇန်နဝါရီ ၂၀ရက် မြင်ကွင်းအား မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

PHOTO NEWS

ရခိုင်ပြည်နယ်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များတွင် တာဝန်ပေးအပ်ရန် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးမှ ရန်ကုန်သို့ အမှတ် (၄) အဆုန်ရထားဖြင့် တပ်ဖွဲ့အင်အား ၂၀၀ ကျော် လိုက်ပါလာရာ အမှတ် (၂) လုံခြုံရေးရဲ ကွပ်ကဲမှု အဖွဲ့မှူး ရဲဗိုလ်ချုပ်တင်ကိုကို ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ကြိုဆိုခဲ့ကြောင်းသိရသည်။

အဆိုပါ ရဲတပ်ဖွဲ့ဝင်များသည် မန္တလေးစုရပ်မှ ၁၂၇၆ နေပြည်တော်စုရပ်မှ ၁၄၀၆ဦးဖြစ်ကြောင်း၊ သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့များမှထုတ်နုတ်အင်အားဖြစ်ပြီးအ မှတ် (၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ ပျဉ်းမပင်တွင် နိုင်ငံတကာ အသိအမှတ်ပြုလုံခြုံရေးပိုင်းဆိုင်ရာ သင်တန်းတက် ရောက်ရမည်ဖြစ်သည်။

သင်တန်းတက်ရောက်ပြီး ရခိုင်ပြည်နယ်၊ နယ်ခြား စောင့်ရဲတပ်ဖွဲ့ (၄)ဖွဲ့တွင် အင်အားဖြည့်တာဝန်ဖြည့် ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်၊ ရန်ကင်းမောင်

အူရီဒူးမှ မြန်မာနိုင်ငံရှိမြို့နယ်အားလုံး၏ ၃ပုံ၂ပုံကို 4G ကွန်ရက်ဖြင့် လွှမ်းခြုံထား

မြန်မာနိုင်ငံတွင် 4Gကွန်ရက်ဖြင့် ပထမဦးဆုံးဝန်ဆောင်မှုပေးအပ်ခဲ့သည် ဆက်သွယ်ရေးအော်ပရေတာ အူရီဒူးသည်4G ကွန်ရက်ကို မြန်မာနိုင်ငံတွင် ဆက်လက်တိုးချဲ့ပြန့်ကြက်ပေးလျှက်ရှိရာ ယခုအခါတွင်မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၂၀၀ကိုအောင်မြင်စွာဖြင့် ကွန်ရက်ဖြန့်ကြက်ပြီး ဝန်ဆောင်မှုပေးအပ်နိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံရှိ မြို့နယ်အားလုံးသုံးပုံနှစ်ပုံကိုလွှမ်းခြုံထားခြင်းကြောင့် မြန်နန်းမြင့်အင်တာနက်ချိတ်ဆက်မှုဖြင့် နစ်သက်စွာအသုံးပြုလုပ်ဆောင်ခွင့်ရမည်ဖြစ်ကြောင်းသိရသည်။

သင့်တင့်မျှတသော ဈေးနှုန်းဖြင့်အရည်အသွေးအထူးကောင်းမွန်သော ဝန်ဆောင်မှုကိုအူရီဒူးသုံးစွဲသူများအားပေးအပ်နိုင်ရန်အတွက် နည်းပညာပိုင်းနှင့်ဆန်းသစ်တီထွင်မှုပိုင်း၌ အထောက်အကူပြုရန်အတွက် အူရီဒူးမြန်မာမှရင်းနှီးမြှုပ်နှံမှုကို ဆက်လက်ပြုလုပ်လျှက်ရှိကြောင်း အူရီဒူးဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် အကောင်းဆုံးသောဒေတာ အတွေ့အကြုံကိုရရှိအသုံးပြုနိုင်ပြီး အင်တာနက်စွမ်းအားကိုနှစ်သက်ခံစားနိုင်စေရန် အူရီဒူးမှ ၂၀၁၈ခုနှစ်တွင်ကွန်ရက်တိုးချဲ့ခြင်းကိုဆက် လက်လုပ်ဆောင်သွားမည် ဖြစ်သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr.Vikram Sinha မှ "အူရီဒူးရဲ့ဝန်ဆောင်မှုကို အသုံးပြုသူတွေအတွက်နေ့တိုင်းအသုံးပြုနိုင်အောင် မြန်နန်းမြင့်အင်တာနက်ရရှိနိုင်ဖို့အခုလိုအချိန်တိုအတွင်းမှာ မြို့ပေါင်း ၂၀၀ကျော်ကို4G ကွန်ရက်ဖြန့်ကြက်တိုးချဲ့ပေးနိုင်ခဲ့သောကြောင့် ကျွန်တော်တို့အနေနဲ့ တကယ်ကို ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ အခု ၂၀၁၈ခုနှစ်အတွက် ကျွန်တော်တို့မှာကြိုးစားတဲ့ အစီအစဉ်ရှိတဲ့အတွက်ကြောင့် မြန်မာဆက်သွယ်ရေးကဏ္ဍအတွက် အရေးပါလှတဲ့ ဆက်သွယ်ရေးကွန်ရက်ပြောင်းလဲတိုးတက်မှုကိုဖြစ်ပေါ်စေရန်အတွက်ကြိုးစားလုပ် ဆောင်နေကြပါတယ်။ ကျွန်တော်တို့အနေဖြင့် အူရီဒူးဝန်ဆောင်မှုအသုံးပြုသူတွေကို အကောင်းဆုံးသောအင်တာနက်ကို နှစ်သက်ပျော်ရွှင်စွာအသုံးပြုပြီး မိမိကိုယ်တိုင်အတွေ့အကြုံကောင်းတွေနှင့်အတူ အူရီဒူးရဲ့အင်တာနက်ချိတ်ဆက်မှုနှုန်းဟာ ထူခြားတယ်ဆိုတာသိရှိစေလိုပါတယ်"ဟု ပြောကြားလိုက်သည်။

သုံးစွဲသူများ၏ အသံများကိုနားထောင်ပြီ ၎င်း၏တဲ့ ပြန်ချက်ပေါ်မူတည်ပြီ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးအပ်နိုင်ခြင်းဖြင့် သုံးစွဲသူများနှစ်သက်ကျေနပ်မှုများရှိရှိနိုင်ရန်အတွက် စဉ်ဆက်မပြတ်တိုးတက်စေရန် ကြိုးစားလုပ်ဆောင်သွားမည်ဟု အူရီဒူးမြန်မာမှခံယူချက် ထားကြောင်း အူရီဒူး၏ဆင်းကတ်အားလုံးကိုမည်သည့် ဟန်းဆက်တွင်မဆိုများမကြာမီကပင်စတင်အသုံးပြုနိုင် ပြီဖြစ်သည့်အပြင် အူရီဒူး၏ဝန်ဆောင်မှုကိုလည်း နေရာအနှံ့ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်နှင့် မြန်နန်းမြင့်အင်တာနက်နှင့်အတူ ပိုမိုကောင်းမွန်ပြီး လိုင်းတည်ငြိမ်သော ကွန်ရက်ဖြန့်ကြက်လွှမ်းခြုံနိုင်ရန်အတွက် အူရီဒူးမှ ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

ယနေ့တိုးတက်လျက်ရှိသော ဒီဂျစ်တယ်ကမ္ဘာတွင်သုံးစွဲသူများ ဒေတာအသုံးပြုမှုအတွက် အစဉ်မပြတ်အမြဲလိုအပ်နေတဲ့ လိုအင်ဆန္ဒကိုအဆိုပါ ကြိုးစားလုပ်ဆောင်ချက်များကနေတဆင့် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု အူရီဒူးမြန်မာမှယုံကြည်ပါကြောင်း။ ထို့ကြောင့် အူရီဒူးမြန် မာမှ ၎င်း၏ဝန်ဆောင်မှုကို ရယူထားသူများအတွက်ပိုမို ကောင်းမွန်သောအင်တာနက်ကွန်ရက်အတွေ့အကြုံကို ရရှိစေရန် 10MHz လှိုင်းနှုန်းစဉ်ဖြင့် 1800MHzကြိမ် နှုန်းလှိုင်းခွင်ကို ထပ်မံရရှိရန်အတွက်များ မကြာမီကမြေ လုပ်ခဲ့ကြောင်းသိရသည်။

ကျော်ကျော်

အများပြည်သူစီးနင်းလိုက်ပါသည့် ခရီးသည်တင်ရေယာဉ်ပေါ်တွင် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများကန့်သတ်တားမြစ်

၁။ အောက်ပါပစ္စည်းများအား ခရီးသည်စီနင်းလိုက်ပါသည့် လေယာဉ်ကိုယ်ထည်အတွင်းနှင့် လုံခြုံရေးကန့်သတ်နယ်မြေအတွင်းတွင် လုံခြုံရေးအရ ကန့်သတ်တားမြစ်ထားရှိပါသည်။

(က) သေနတ်များ၊ လက်နက်များနှင့် လူကိုပြင်းထန်စွာဒဏ်ရာရရှိစေနိုင်ရန် ပြုလုပ်ထားသည့် ပစ်ခတ်နိုင်သည့်ပစ္စည်းများ သို့မဟုတ် အဆိုပါပစ္စည်းများနှင့် မှားယွင်းစေနိုင်သည့် ပစ္စည်းများတွင်-

(၁) ပစ္စတို၊ ဆုံလည်သေနတ်၊ ရိုင်ဖယ်သေနတ်နှင့်ပြောင်းချောသေနတ် အပါအဝင် လက်နက်အမျိုးမျိုး။

(၂) သေနတ်အစစ်ကဲ့သို့ လွဲမှားစွာအသုံးပြုနိုင်သော အရုပ်သေနတ်များ။ ပုံတူနှင့် သေနတ်အတုများ။

(၃) အဝေးကြည့်မှန်ပြောင်းမှလွဲ၍ သေနတ်များ၏ ကျန်အစိတ်အပိုင်းများ။

(၄) ပစ္စတို၊ ကျည်စေ့သေနတ်၊ ရိုင်ဖယ်နှင့် ဘောစေ့သေနတ်များ အပါအဝင်လေသေနတ်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ သေနတ်များ။

(၅) အချက်ပြမီးကျည်နှင့် တာထွက်ရန်အချက်ပြသည့် ပစ္စတိုများ။

(၆) လေး၊ ဒူးလေးနှင့် မြား။

(၇) ဓိုနိုးနှင့် လုံသေနတ်များ။

(၈) လောက်လေးခွများ။

(ခ) တုန့်ဆိုင်းသွားစေရန် သို့မဟုတ် မလှုပ်ရှားနိုင်စေရန် အထူးပြုလုပ်ထားသော ကျည်စက်များတွင်-

(၁) တုန့်ဆိုင်းစေနိုင်သည့် သေနတ်နှင့် တုတ်တံများကဲ့သို့သောလျှပ်စစ်ရှောဖြစ်စေသည့် ပစ္စည်းများ။

(၂) အလားတူတိရိစ္ဆာန်အား တုန့်ဆိုင်းစေနိုင်၊ သေကြေစေနိုင်သော ပစ္စည်း။

(၃) ဇာတိမြို့လိမ္ပင့်၊ ငရုတ်ကောင်း သို့မဟုတ် ငရုတ်စပရေး၊ တိရိစ္ဆာန်များအား သေကြေစေနိုင်သော စပရေးနှင့် မျက်ရည်ယိုဓာတ်ငွေ့ကဲ့သို့သော မသန်မစွမ်းဖြစ်စေနိုင်သော စာတုပစ္စည်းများ။ ဓာတ်ငွေ့များနှင့် စပရေးများ။

(ဂ)ပြင်းထန်စွာ ဒဏ်ရာရရှိစေရန် အသုံးပြုသည့် ချွန်ထက်သောပစ္စည်းများတွင်-

(၁) ပုဆိန်ကဲ့သို့သော် ခုတ်ထစ်သည့် ပစ္စည်းများ။

(၂) တောင်တက်သမားများအသုံးပြုသည့် ရေခဲပြင်သုံးပေါက်ချွန်း

(၃) ဘလိတ်ဓားနှင့် စက္ကူဖြတ်ဓား၊

(၄) အသွား ၆စင်တီမီတာ (၂လက်မခွဲခန့်) ထက်ကျော်လွန်သောဓား။

(၅) ဆုံလည်မှတိုင်းတာလျှင် အသွား ၆စင်တီမီတာ (၂လက်မခွဲခန့်) ထက်ကျော်လွန်သောကတ်ကြေး၊

(၆) ချွန်ထက်သောအသွားနှင့် အချွန်ပါရှိသော သိုင်းကစားသည့် ပစ္စည်းများ။

(၇) ဓားရှည်နှင့် ဓားကောက်၊

(ဃ) ပြင်းထန်စွာ ဒဏ်ရာရရှိစေရန် သို့မဟုတ် လေယာဉ်၏ဘေးကင်းလုံခြုံရေးအားခြိမ်းခြောက်ရန် အသုံးပြုသည့် လုပ်ငန်းခွင်သုံးပစ္စည်းများတွင်-

(၁) သံတူရွင်းများ။

(၂) ကြိုးမဲ့လျှပ်စစ်လွန်ပူ အပါအဝင် လွန်ပူနှင့် ရူးသွားများ။

(၃) ဝက်အူလှည့်နှင့် ဆောက်များကဲ့သို့ လက်နက်အဖြစ်အသုံးပြုနိုင်သော ၆စင်တီမီတာ (၂လက်မခွဲခန့်) ထက်ပိုသော အသွားသို့မဟုတ် အချွန်ရှိသောပစ္စည်းများ။

(၄) ကြိုးမဲ့လျှပ်စစ်လွှ အပါအဝင်လွှအမျိုးမျိုး။

(၅) ဂဟေဆော်ဂိုရိယာများ။

(၆) မ္ဂလီစုပ်စက်နှင့် သံရိုက်သေနတ်များ။

(င) ပြင်းထန်စွာဒဏ်ရာရရှိစေရန် ရိုက်နက်အသုံးပြုနိုင်သည့် တုံးသောကိရိယာများတွင်-

(၁) ဘေစ်ဘောလ်တုတ်တံများ။

(၂) ရဲအရာရှိသုံးတုတ်များအပါအဝင် ဂေါက်ရိုက်တုတ်နှင့် ဘတ်တံကဲ့သို့ပစ္စည်းများ။

(၃) ကိုယ်ခံပညာသုံးပစ္စည်းများ။

(စ) ပြင်းထန်စွာ ဒဏ်ရာရရှိစေရန်သို့မဟုတ် လေယာဉ်၏ ဘေးကင်းလုံခြုံမှုအပေါ် ခြိမ်းခြောက်ရာတွင် အသုံးပြုနိုင်သည့် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် မီးလောင်လွယ်စေသော ပစ္စည်းများတွင်-

(၁) ကျည်ဆံများ။

(၂) စနက်တံများ။

(၃) ဒီတိုနေတာများ။ ဖျူစ်များ။

(၄) ဖောက်ခွဲရေးပစ္စည်းနှင့် ပုံစံတူ သို့မဟုတ် အတုများ။

(၅) ဓိုင်းများ။ လက်ပစ်မုံးများနှင့် စစ်ဖက်သုံးဖောက်ခွဲရေးပစ္စည်းများ။

(၆) မီးရှူးမီးပန်းများ။

(၇) မီးခိုးပုံးနှင့်

(၈) ဓိုင်းနဖိုက်၊ ယမ်းမှုန့်များနှင့် ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းများ။

(ဆ)အရည်၊ ဂျယ်ရည်နှင့် ဂျယ်လ်ဆိုင်ရာ လုံခြုံရေးထိန်းချုပ်မှု လက်ခွဲစာစောင်တွင် သတ်မှတ်ဖော်ပြထားသော အရည်၊ ဂျယ်ရည်နှင့် ဂျယ်လ်ပစ္စည်းများ

၂။ ပေါက်ကွဲစေတတ်သော သို့မဟုတ် မီးလောင်လွယ်စေတတ်သော ပစ္စည်းများ သို့မဟုတ် လေယာဉ်၏ ဘေးကင်းလုံခြုံမှုအပေါ် ခြိမ်းခြောက်နိုင်သည့် သို့မဟုတ် လူပုဂ္ဂိုလ်များအားပြင်းထန်စွာဒဏ်ရာရရှိစေရန် အသုံးပြုနိုင်သည့်ပစ္စည်းများအား လေယာဉ်၏ ဘေးကင်းလုံခြုံမှုအတွက် အပ်နှံပစ္စည်းထားသို့ရာနေရာအတွင်း ထည့်သွင်းသယံဆောင်ခြင်းမှ ကန့်သတ်ထားရှိသည့် ပစ္စည်းများတွင် (ဥပမာအရ ရ သယံဆောင်ရန် ကင်းလွတ်ခွင့်ပြုနိုင်သည်)-

(က)အချို့သောယမ်းထောင့်များအား အော်ပရေတာ၏ ခွင့်ပြုချက်နှင့်အတူ လေကြောင်းဖြင့်အန္တရာယ်ရှိစေသော ကုန်ပစ္စည်းများအားသေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ရေးအတွက် နည်းပညာလမ်းညွှန်မှုစာစောင် (Doc 9284) ၏ အပိုင်း (၉) အခန်း(၁) (၁.၁.၂)တွင် သတ်မှတ်ဖော်ပြထားချက်များနှင့် ကိုက်ညီလျှင် အပ်နှံပစ္စည်းများတွင် ထည့်သွင်းသယံဆောင်ခွင့်ပြုနိုင်သည်။

(ခ) စနက်တံများ။

(ဂ) ဒီတိုနေတာများ။ ဖျူစ်များ။

(ဃ) ဓိုင်းများ။ လက်ပစ်မုံးများနှင့် စစ်ဖက်သုံးဖောက်ခွဲရေးပစ္စည်းများ။

(င) မီးရှူးမီးပန်းများ။

(စ) မီးခိုးပုံးများနှင့်

(ဆ) ဓိုင်းနဖိုက်များ။ ယမ်းမှုန့်များနှင့် ပလက်စတစ်ဖောက်ခွဲရေးပစ္စည်းများ။

အဆိုပါ ခရီးသည်တင်ယာဉ်ပေါ်တွင် ဘေးအန္တရာယ်ဖြစ်ပေါ်စေမည့် ပစ္စည်းများမတင်ဆောင်ရန် လေကြောင်းလုံခြုံမှုစစ်ဆေးရေးဌာနခွဲလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကန့်သတ်တားမြစ်ထားကြောင်းသိရသည်။

တင်မောင်- ပို/ဆက်

လိုင်စင်ဆိုင်ရာအခကြေးငွေများ ပြောင်းလဲကောက်ခံခြင်းအတွက် အများပြည်သူသဘောထားတောင်းခံခြင်း

ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများသို့ ကောက်ခံလျက်ရှိသော ပေးဆောင်ရမည့်လိုင်စင်ဆိုင်ရာ အခကြေးငွေများ ပြင်ဆင်ပြောင်းလဲကောက်ခံခြင်းအတွက် ဆောင်ရွက်လျက်ရှိရာ အကြံပြုလိုသူများရှိပါက www.motc.gov.mm တွင်ကြည့်ရှု၍ ဤကြေငြာပါသည့်ရက်မှစ၍ ၇. ၂. ၂၀၁၈ရက်နေ့အထိအောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်ပေးပို့၍ အကြံပြုနိုင်ပါကြောင်း အသိပေးကြေငြာထားကြောင်းသိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

အကြံပြုစာပေးပို့ရန်

၁။ အမြတ်မိုးအတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝမဂ-၃၄၀၀၇၅၀ chitwai.ho@motc.gov.mm

၂။ ညွှန်ကြားရေးမှူးချုပ် -ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဝမဂ-၃၄၀၀၇၆၀၉ dg ptd@mpt mail.net.mm

၃။ ညွှန်ကြားရေးမှူးလိုင်စင်နှင့် စစ်ဆေးရေးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဝမဂ-၃၄၀၀၇-ptd reglator@g mail-com

၂၀၁၇ခုနှစ်အတွင်း အွန်လိုင်းမှ အလုပ်လျှောက်ထားမှု အော်ပရေတာ MyTel အများဆုံးဆုရ

စတုတ္ထမြောက် ဆက်သွယ်ရေးအော်ပရေတာ MyTel သည် ၂၀၁၇အတွင်းအွန်လိုင်းပေါ်ကအလုပ်လျှောက်ထားလွှာအများဆုံးရရှိခဲ့ကြောင်း အလုပ်အကိုင်ရှာဖွေးရေးဝက်ဘ်ဆိုက် work.com.mmတွင် ကြေညာထားသည်။

လူဦးရေ တစ်သောင်းခုနှစ်ထောင်ကျော်သည် အွန်လိုင်းအသုံးပြု၍ တစ်နှစ်အတွင်း MyTelအော်ပရေတာထံအလုပ်လျှောက်ထားခဲ့ပြီး ခုတိယအနေဖြင့် လူဦးရေ ၈၇၀၀ကျော်သည် Max Myanmar Holding ကုမ္ပဏီ၊လီမိတက်ထံအလုပ်အကိုင်လျှောက်ထားခဲ့ကြောင်း ယင်းဝက်ဘ်ဆိုက်ကဖော်ပြသည်။

MyTelသည် တစ်နှစ်အတွင်းလစ်လပ်အလုပ်အကိုင် ၁၈၃ခုကို အွန်လိုင်းမှတိုက်ရိုက်ခေါ်ယူခဲ့ပြီး ၂၀၁၈အတွင်းလုပ်ငန်းလည်ပတ်မည့် MyTelသည်တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဝန်ထမ်းသုံးထောင်ကျော်ခန့်အပ်မည်ဟု MyTelအော်ပရေတာမှ ဦးဇော်မင်းဦးကပြော သည်။

MyTel အနေဖြင့်အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်ခေါ်ယူရာတွင် ရုံးတွင်းစီမံခန့်ခွဲမှုရာထူးကိုသာ အများဆုံးခေါ်ယူခဲ့ကြောင်း ၂၀၁၇စက်တင်ဘာစာရင်းအရ MyTel တွင်ခန့်အပ်ပြီး၀နေ့ထမ်း ၅၀၀ခန့်ရှိကြောင်း ဗီယက်နမ်အစိုးရပိုင် Vietteli မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (Star High ကုမ္ပဏီ) နှင့် အများပိုင်ကုမ္ပဏီ ၁၁ခုဖြင့်ဖွဲ့စည်း ထားသော Myanmar National Telecom Hold ing Public တို့မှပေါင်းထားသည့် အော်ပရေတာလုပ် ကိုင်ခွင့်လိုင်စင်ကို ၂၀၁၇ ဇန်နဝါရီ၂၂ရက်တွင်ရရှိခဲ့သည်။

စီးပွားရေးလုပ်ငန်းကဏ္ဍ ၄၅ခုတွင် MyTel အနေဖြင့်အွန်လိုင်းအလုပ်အကိုင်လျှောက်ထားမှု ၅ရာခိုင်နှုန်းအမြင့်ဆုံးပိုင်ဆိုင်ခဲ့ကြောင်း အဆိုပါအလုပ်အကိုင်ရာဖွေရေးဝက်ဘ်ဆိုက်က ကြေညာခဲ့သည်။

တယ်လီကွန်းကဏ္ဍ၌ အလုပ်အကိုင်ခေါ်ယူခြင်းကို ၂၀၁၃ခုတွင် တယ်လီနောနှင့်အူရီခုံးက အပြိုင်အဆိုင်ခေါ်ယူခဲ့ပြီး ၂၀၁၅တွင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဝန်ထမ်းများတိုးချဲ့ခေါ်ယူခဲ့ကြောင်း အော်ပရေတာများတွင် မြန်မာ့ဝန်ထမ်းများကို နိုင်ငံခြားသားဝန်ထမ်းများထက် ပိုမိုခန့်အပ်ရမည်ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကသတ်မှတ်ထားကြောင်းသိရသည်။

ကျော်ကျော်

အိမ်ခင်ညီ

လျှပ်ခိုသည်များ ၁၁

ပြီးခဲ့သည့်ရက်ပိုင်းတွင် မြန်မာနိုင်ငံတွင် ငလျင်များ ရက်ဆက်ဆိုသလိုလူပ်သွားခဲ့သည်။ ထို့ကြောင့်ပင် ပြည်သူများ၏စိုးရိမ်စိတ်တွင် ငလျင်သည်လည်း နေရာယူထားခဲ့သည်။ ယခုနှစ် ၂၀၁၈ ခုနှစ်အတွင်းသို့ကူးပြောင်းလိုက်သည့် ပထမလအတွင်း ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ဇန်နဝါရီလ ၁၄ ရက် နေ့အတွင်း မြန်မာနိုင်ငံပြည်တွင်းကိုမဟိုပြု၍ ငလျင် ၁၉ ကြိမ် ဆက်တိုက်လှုပ်ခတ်ခဲ့သည်။

ဇန်နဝါရီလ ၁ ရက်နေ့တွင် ကလေးဝမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာသို့လည်းကောင်း၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကလေးဝမြို့၏အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာသို့လည်းကောင်း။ ထိုနေ့တွင်ပင် သပိတ်ကျင်းမြို့၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာသို့လည်းကောင်း ဇန်နဝါရီလ ၄ ရက်နေ့တွင် မိုးညင်းမြို့၏အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာသို့လည်းကောင်း ဇန်နဝါရီလ ၆ ရက်နေ့တွင် ကလေးဝမြို့၏တောင်-အရှေ့တောင်ဘက် ၁၉ မိုင်ခန့်အကွာသို့လည်းကောင်း။ ဇန်နဝါရီ လ ၇ ရက်နေ့တွင် ဥမြို့၏အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာသို့လည်းကောင်းထိုနေ့တွင်ပင် ဟုမ္မလင်းမြို့၏ အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာသို့လည်းကောင်း။ နောက်နှစ်ရက်ခြားခြားဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျောက်ထုမြို့၏တောင်-အနောက်တောင် ဘက် ၁၃ မိုင်ခန့်အကွာသို့လည်းကောင်း။ ဇန်နဝါရီလ ၁၂ ရက် တွင် ဖြူးမြို့၏အနောက်-အနောက်တောင်ဘက်တွင် သုံးနေရာသုံးကြိမ်လည်းကောင်း။ ထိုနေ့တွင်ပင် ဟုမ္မလင်းမြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာသို့လည်းကောင်း ဇန်နဝါရီလ ၁၄ ရက် နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့၏ အရှေ့တောင်ဘက်နှစ်မိုင်ခန့်အကွာနှင့် ကမ္ဘာအေးမြေလျင်စခန်းမှ မြောက်ဘက် ၁၀၈ မိုင်အကွာသို့လည်းကောင်း။ အင်အားအသင့်အတင့်နှင့် အင်အားအနည်းငယ်ရှိမြေလျင်များ လှုပ်ခတ်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း၌လည်း မြန်မာနိုင်ငံပြည်တွင်းကိုမဟိုပြုပြီး အင်အားအနည်းငယ်နှင့် အသင့်အတင့်ရှိမြေလျင်များ အကြိမ် ၇၀ ခန့်လှုပ်ခတ်ခဲ့သည်။ ထိုင်လျင်များအနက် ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်တွင် တိုက်ကြီးမြို့၏ ငါးမိုင်ခန့်အကွာကိုဗဟိုပြု၍ ၅ ဒသမ ၈ အဆင့်ရှိငလျင်သည် တိုက်ကြီးမြို့ရှိအဆောက်အအုံအချို့ပျက်စီးခဲ့ရသည်။

"အခုနောက်ပိုင်းလှုပ်တာတွေမှာ မြန်မာနိုင်ငံအနောက်မြောက်ပိုင်းနဲ့ အနောက်ပိုင်းမှာတော့ အရင်ကထက်ပိုများတယ်။ များတယ်ဆိုတာအရင်ကလည်း ၁၉၆၃ နောက်ပိုင်းတွေမှာ လှုပ်တဲ့ငလျင်တွေကို လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံအနောက်မြောက်ပိုင်းနဲ့ အနောက်ပိုင်းတွေမှာလှုပ်တာ ပိုများတာကိုတွေ့ရတယ်။ အခုမြေလျင်ရဲ့ ကွန်ယက်ကဖွဲ့ဖြိုး တိုးတက်လာတာနဲ့ အမျှ တိုင်းတာရရှိမှုကလည်းပိုများလာတယ်။ အဲဒီအခါကျတော့ သတင်းထုတ်ပြန်မှုလည်းပိုများလာတာပါ။ ပုံမှန်လည်း အဲဒီဘက်မှာကလှုပ်နေတာပါဘဲ။ လှုပ်နေတဲ့အခါမှာ အခုက တိုင်းတာရရှိမှုက တိုးတက်လာတာနဲ့အမျှ သတင်းထုတ်ပြန်မှုလည်းပိုများလာတာပါ။ အဲဒီဘက်မှာ ပိုလှုပ်တယ်လို့ထင်နေရတာပါ" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှူးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယင်ညိုမျိုးမင်းထွေးကပြောသည်။

ထို့ပြင် ယခုရက်ပိုင်းတွင် လှုပ်ခဲ့သည့်လျင်များနှင့် ပတ်သက်၍လည်း "ဇန်နဝါရီ ၁၂ ရက်မှာ လှုပ်ခတ်ခဲ့တဲ့ ပဲခူးငလျင်ကတော့ ပြတ်ရွေ့ကလှုပ်သွားတာရှိတယ်။ အရင်ကတော့ ဖြူးငလျင်တို့ဘက်ကိုရှိတယ်။ အဲဒီနားမဟုတ်ဘူး။ အခုဟာက ပဲခူးရိုးမဘက်မှာ ငလျင်ငယ်တွေမကြာခဏတော့လှုပ်တယ်။ ဗဟိုချက်က ပဲခူးရိုးမမှာဖြစ်နေတဲ့အတွက်ကြောင့် လူနေသိပ်သည်းမှုနည်းတယ်။ အဆောက်အအုံလည်းနည်းတယ်။ ဖြူးတို့၊ တောင်ငူတို့ဘက်မှာလည်း အပျက်အစီးမရှိဘူးလို့သိရတယ်။ အင်အားကနည်းနည်းများပေမယ့် တောထဲမှာဆိုတော့ အပျက်အစီးနည်းတာလည်းဖြစ်တယ်" ဟု ၎င်းကသုံးသပ်ပါသည်။

ငလျင်ဆိုသည်မှာ ကမ္ဘာ့ကျောက်လွှာထုများ အချင်းချင်းမွှတ်တိုက်ခြင်းကြောင့် ကမ္ဘာ့မြေမျက်နှာပြင် ရုတ်တရက်တုန်သိန်းမှုဖြစ်ခြင်းကို ဓေါ်ဆိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ငလျင်များလှုပ်ခတ်ရခြင်း အကြောင်းအရင်းခံမှာ အိန္ဒိယသမုဒ္ဒရာမြေထုချပ်သည် မြန်မာမြေထုချပ်အောက်သို့ ဖိုက်ဝင်တွန်းတိုက်နေခြင်းကြောင့်ဖြစ်ပြီး၊ ထို့သို့ဖြစ်ခြင်းကြောင့်ပင် စစ်ကိုင်းပြတ်ရွေ့နှင့် အခြားငလျင်ပြတ်ရွေ့များ ဖြစ်ပေါ်လာရကြောင်း။ မြေထုချပ်လှုပ်ရှားမှုကြောင့် ငလျင်ငယ်များဆက်ကာ လှုပ်ရှားရခြင်းသည် ဖြစ်ပေါ်နေသောစန်အား(Strain) လျော့ကျသွားစေပြီး ငလျင်ကြီးများဖြစ်ပေါ်စေရန် အခွင့်အလမ်းနည်းပါးသည်ဟု ယူဆနိုင်သကဲ့သို့ ငလျင်ကြီးတစ်ရပ်ဖြစ်ပေါ်ရန်အခြေအနေရှိနေသည်ဟုလည်း ယူဆနိုင်ကြောင်း၊ မြန်မာနိုင်ငံ မြေလျင်ကော်မတီက ထုတ်ပြန်ထားပါသည်။

ငလျင်လှုပ်ခြင်းမှ နောက်ဆက်တွဲများအဖြစ် အဆောက်အအုံများပြိုကျမှု၊ ဆူနာမီရေလှိုင်းရိုက်ခတ်မှုမီးတောင်ပေါက်ကွဲမှုစသည်ဖြင့် သဘာဝတရားကြီး၏စိန်ခေါ်မှုများလည်း ဆက်လက်ပါဝင်လာနိုင်သည့်အတွက် ငလျင်ဟုဆိုလျှင် ပေါ့ဆသင့်သည့်အခြေအနေမဟုတ်ချေ။

မြန်မာနိုင်ငံတွင် ငလျင်များအကြိမ်ကြိမ်လှုပ်ခတ်ခဲ့ပြီး အင်အားပြင်ထန်ပြီး၊ အပျက်အစီးများသည့် ငလျင်များကလည်း မြန်မာနိုင်ငံ ငလျင်သမိုင်းတွင်းများစွာရှိခဲ့သည်ပင်။ ၁၈၃၉ ခုနှစ် မတ်လ ၂၁ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်း၀ ငလျင်သည် လူ ၃၀၀ ကျော်သေဆုံးခြင်းနှင့် စေတီပုထိုးများမြိုကျီးများ ပြိုကျစေခဲ့သည်။ ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် ပဲခူးလျင်သည် ရစ်ချိတာမကေး ၇.၃ ရှိခဲ့ပြီး လူ ၅၀၀ ခန့်သေဆုံးခြင်းနှင့် အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် လှုပ်ခတ်ခဲ့သည့် စစ်ကိုင်းငလျင်သည် ရစ်ချိတာမကေး ၇ ခန့်ရှိခဲ့ပြီး လူ ၅၀ ခန့်သေဆုံးခဲ့သည့်အပြင် တိုက်တာအဆောက်အအုံများလည်း ပြိုကျပျက်စီးခဲ့သည်။ ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ပုဂံငလျင်သည် ရစ်ချိတာမကေး ၆.၈ရှိခဲ့ပြီး ရှေးဟောင်းဘုရားစေတီပုထိုးများစွာ ဖျက်ဆီးခဲ့ရသည်ပင်။

ထိုသို့သော ငလျင်ကြီးများစွာ သာဓကရှိထားခဲ့သည့်မြန်မာနိုင်ငံအတွင်း ပြည်သူ့ပြည်သားတို့မှာ မြေလျင်ငယ်များ မကြာမကြာ လှုပ်ရခသည့်အတွက်ကြောင့် မကြာမီ ငလျင်ကြီးတစ်ခုလှုပ်တော့မယ်ဆိုတာကို တွေးကြောက်လာရပါသည်။ ထို့သို့သော စိုးရိမ်ပူပန်မှုများအတွက် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဤသို့ဆိုလာပါသည်။

"လေ့လာထားခဲ့သမျှ အထောက်အထားအရပြောရပါက မြေလျင်ငယ်များ များများလှုပ်လေ အင်အားပြင်းထန်တဲ့ မြေလျင်ကြီးတွေ လှုပ်ဖို့အလားအလာနည်းပါးလေဆိုတာကို ဌာနတွင်ရှိစဉ်က ဂျပန်နိုင်ငံသို့ပညာသင်သွားခဲ့သော တပည့်တစ်ဦးအား ကျွန်တော်လေ့လာမှုတစ်ခုပြုလုပ်ခဲ့ရန် တာဝန်ပေးချက်အရ မြေလျင်တစ်ခု၏ အင်အား(Intensity) နဲ့ မြေလျင်လှုပ်ရှားမှုအကြိမ်ပေါင်း(Frequency)တို့ ဆက်စပ်မှုရှိနေကြောင်း ခိုင်မာတဲ့တွေ့ရှိချက်တစ်ခုရရှိခဲ့ပါတယ်။ အဆိုပါ အင်အားနဲ့အကြိမ်ပေါင်းဆက်စပ်မှုအရ မြေလျင်အကြိမ်များများလှုပ်ရှားလေ အင်အား၄-၆ အတွင်းငလျင်များသာအလှုပ်များခဲ့ပြီး အင်အားပြင်းထန်သောမြေလျင်ကြီးတွေ့လှုပ်ရှားမှုနည်းပါးကြောင်းတွေ့ရပါတယ်။ တစ်ကြိမ်နှစ်ကြိမ်တော့ ပြင်းအား ၆-၇ ကြား အင်အားရှိတဲ့မြေလျင်(၂)(၃) ကြိမ်လှုပ်ခဲ့တာတော့ ချွင်းချက်ရှိပါတယ်။ ဒါပေမယ့် လျင်ငယ်တွေလှုပ်တာများတိုင်း အင်အားကြီးတဲ့ငလျင်တွေမလှုပ်တတ်ပါ။ မြေလျင်လှုပ်ရှားမှုအကြိမ်နည်းပါးသောကာလများတွင်မူ မြေလျင်ငယ်များလှုပ်ရှားမှုမရှိသလောက်နည်းသွားပြီး အင်အား ၆-၈ အထိ ပြင်းအားရှိတဲ့ မြေလျင်ကြီးတွေ လှုပ်ရှားခဲ့ကြောင်းတွေ့ရပါတယ်။ ဒါဟာ လက်တွေ့လေ့လာမှုတစ်ခုရဲ့တွေ့ရှိချက်ဖြစ်တဲ့ အတွက် လက်ရှိမြေလျင်ငယ်များ ဆက်တိုက်လှုပ်ရှားနေမှုအပေါ် လွန်ကဲသောစိုးရိမ်မှုများမရှိသင့်ပဲ လိုအပ်တဲ့အသိနဲ့ ကြိုတင်ပြင်ဆင်မှုများသာ လုပ်ဆောင်ဖို့အရေးကြီးပါတယ်" ဟု သတိပေးစကားကို ၎င်း၏လူမှုကွန်ယက်မှတစ်ဆင့် ကျယ်ပြန့်စွာသိရှိစေရန် စကားပါးထားပါသည်။

> အင်အားအသင့်အတင့်ရှိသော ငလျင်များ၊ ငလျင် ငယ်များလှုပ်ရှားလာခြင်းသည် ပြည်သူများအတွက် ကံ ကောင်းခြင်းပင်ဖြစ်သည်။ အတယ်ကြောင့်ဆိုသော် ထို့ထက်အင်အားပြင်းသော ငလျင်လှုပ်ခဲ့သည်ရှိသော် ကြိုတင်ပြင်ဆင်နိုင်မှု အခွင့်အလမ်းများရှိလာသောကြောင့် ဖြစ်သည် ။။။။ ဦးလေဝသပညာရှင် ဦးတွန်းလွင်
>
> ငလျင်ရဲ့ ဗဟိုချက်အနက်တိမ်လေလေ ဒိုင်ဗြီးသက်ရောက် မှုပြင်းလေဖြစ်တဲ့အတွက်ကြောင့်နဲ့ ကိုယ်နေထိုင်တဲ့ဧရိယာ ပျက်ရွှေ့ပေါ် မှာမရှိသော်လည်း ပျက်ရွှေ့နဲ့နီးတယ်ဆိုလို့ရှိရင် သက်ရောက်နိုင်တဲ့အတွက်ကြောင့်ခိုနေရာ တော်တော်များများက ကြိုတင်ပြင်ဆင်မှုတွေကို သတိပြုဆောင်ရွက်ထားမယ်ဆိုရင် ဘိုကောင်းပါတယ်။ ငလျင်လွှတ်တဲ့နေရာရယ်လို့တော့ ပြောလို့မရတာမျိုးပေါ့ဗျာ ။။။။ ဒေါက်တာ ယင်ညိုမျိုးမင်းထွေး

ထို့သို့လေ့လာမှုများပြုလုပ်ခဲ့ခြင်းကို ဇန်နဝါရီ ၁၂ရက်မှ ၂၁ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော်နေရာတွင် လွန်ခဲ့သောနှစ်ပေါင်း၊ဂဏန်းက မြေလျင်ပြတ်ရွေ့ကြောကို တွေ့ရှိကာကောင်းကင်ဓာတ်ပုံများ ရိုက်၍ ဆက်လက်သုတ သန်းပြုလုပ်လျက်ရှိသည်။

"ပဲခူးက ၁၉၃၀ လှုပ်ခဲ့တုန်းကကျတော့ ပဲခူးမှာ လူ ၅၀၀။ ရန်ကုန်မှာ လူ ၅၀ ဒီလိုမျိုး သေဆုံးခဲ့တယ်။ အဲဒီ ၁၉၃၀ ဆိုတဲ့ အချိန်မှာတောင်မှ ရန်ကုန်ကိုသက်ရောက်မှုရှိခဲ့တယ်ဆိုရင် အဲဒီအချိန်ကရန်ကုန်မှာ အခုလောက်အထိ လူဦးရေဖွံ့ဖြိုးတိုးတက်မှုလည်းမရှိသေးဘူး။ အဆောက်အအုံတွေလည်း ဒီလောက်မရှိသေးဘူး။ အခုကဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူနေထိုင်မှုကလည်းပိုများလာတဲ့အတွက်ကြောင့်မို့ တကယ်လို့မှား ဒီအောက်ပိုင်းမှာ လှုပ်လို့ရှိရင်တော့ ပဲခူးလျင်က ၁၉၃၀ က လှုပ်ခဲ့တဲ့နေရာကနေလှုပ်ခဲ့မယ်ဆိုလို့ရှိရင် ရန်ကုန်ကိုလည်း သက်ရောက်နိုင်မယ်။ ဒီလို သက်ရောက်နိုင်တဲ့အတွက်ကြောင့် ရန်ကုန်ကလည်း ငလျင်ဘေးနဲ့ပတ်သက်ရင် သတိပြုသင့်တယ်" ဟု ၎င်းကဆိုပါသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ငလျင်သာဓကများနှင့် ဆက်စပ်ကာ ထပ်မံဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍လည်း ၎င်းကထပ်လောင်းပြောသည်မှာ "စစ်တွေဆိုရင်လည်း ၁၇၆၂ ခုနှစ်၊ အတိအကျပြောရရင်

» ၈၁ - ၁

လုံခြုံပြီး ပူးပေါင်းဆောင်ရွက်မှုပေးနိုင်သော Office 365 Solutions နှင့် Myanmar Brewery ပူးပေါင်းမည်

Microsoft

Myanmar Brewery သည် လူအများနှင့် ရင်းနှီးကျွမ်းဝင်သော နည်းပညာများကို နည်းလမ်းအသစ်များဖြင့် အသုံးချနိုင်စေရန် စွမ်းအားပေးမည့် ကုန်ထုတ်စွမ်းအားဖြင့် ဦးဆောင်နည်းစနစ်ဖြစ်သည့် Office 365 နည်းစနစ်များကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှုတွင် ဦးဆောင်သူများ၌ ပါဝင်လာခဲ့သည်။ Microsoft သည် ယခုနှစ်အစောပိုင်း Office 365 မြန်မာနိုင်ငံတွင်အသုံးပြု၍ ရသည့်အချိန်မှစတင်ပြီး မြန်မာနိုင်ငံ၏ လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ ပြိုင်ဆိုင်နိုင်စွမ်းနှင့် ခေတ်သစ်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို တိုးမြှင့်နိုင်ရန်အတွက် လုံခြုံသော cloud-hosted ဝန်ဆောင်မှုများဖြင့် ထောက်ပံ့ပေးလျှက်ရှိသည်။

လူသိများသော မြန်မာဘီယာနှင့် Kirin Ichiban တို့ကို မြန်မာနိုင်ငံတွင် ထုတ်လုပ်သူ Myanmar Brewery သည် ကုမ္ပဏီအတွင်း IT ဌာနမှ ကွင်ကဲခဲ့သော စွမ်းဆောင်ရည်နိမ့်ပြီး ခေတ်နောက်နေသည့် email စနစ်တစ်ခုကိုအသုံးပြုခဲ့ပြီး ၎င်း၏ လုပ်ငန်း APAC ဒေသတစ်လျှောက် လျှင်မြန်စွာတိုးတက်မှုနှင့် ကျယ်ပြန့်မှု များပြားလာခဲ့ပြီးနောက်တွင် အဖွဲ့မှာမြေနေရာအလိုက် မြန်ကျက်လုပ်ဆောင်လာရသဖြင့် အဆင့်မြှင့်တင်ထားသော IT နည်းစနစ်ကို လိုအပ်လာခဲ့၊ ၎င်းတို့၏ email စနစ်ကို တစ်နေရာ သို့မဟုတ်နစ်နေရာမှ ကွန်ယျူတာများအတွက်အဓိကထား ပုံစံထုတ်ခဲ့ခြင်းဖြစ်ပြီး ပမာဏကြီးသော အချက်အလက်ဖိုင်တွဲများ၊ ဝန်ထမ်းဆက်သွယ်ရေးအချက်အလက်ဆိုင်ရာ ဒေတာဘေ့စ်များအလွန်ကျယ်ပြန့်ကြီးမားလာခဲ့ခြင်းနှင့် ဒေသတစ်ဝန်းတွင် ရုံးအများအပြား ရှိလာခြင်းတို့ကို ယှဉ်ပြိုင်ကိုင်တွယ်နိုင်စွမ်းမရှိတော့၊ မူလက အချိန်ကုန်သက်သာစေရန်အတွက် ပုံစံထုတ်ထားသောစနစ်များမှာ ၎င်းတို့အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းနှင့် ဆန်းသစ်တီတွင်မှုတွင် အတားအစီးဖြစ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် Myanmar Brewery သည် ကုန်ထုတ်စွမ်းအား တိုးမြှင့်မှုအတွက် အဖွဲ့အတွင်း ပူးပေါင်းဆောင်မှုကိုချဲ့ထွင်ပေးသည့် ပိုမိုဆန်းသစ်သော IT စနစ်များနှင့် ဆော့ဖ်ဝဲများကို အသုံးပြုလျှက်ရှိသော နိုင်ငံတကာမှပြိုင်ဘက်ကုမ္ပဏီများ မြန်မာနိုင်ငံအတွင်းစတင်ဝင်ရောက်လာခြင်းတို့ကို တွေ့ကြုံခဲ့ရသည်။ Myanmar Brewery အနေဖြင့် ပြောင်းလဲရန်လိုအပ်ကြောင်း အသိနိုင်တိုအတွင်းမှာပင် နားလည်သွားခဲ့ပြီး ပြောင်းလဲမှု၏အနေဖြင့် Microsoft Office 365 ကို တွေ့ရှိသည်။

"Microsoft ဟာ ကုမ္ပဏီအကြီး၊အသေးအမျိုးမျိုးနဲ့မူးတွဲလုပ်ကိုင်ကာ ကျွန်မတော်တို့ရဲ့ အကောင်းဆုံးအဆင့်ရှိ ကုန်ထုတ်စွမ်းအားတိုးမြှင့်မှု နည်းစနစ်တွေကိုအသုံးပြုပြီး လုပ်ငန်းပိုမိုပြီးမြောက်စေဖို့ ကူညီပေးနေပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေနဲ့အတူ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းပေးနိုင်မယ့် စီးပွားရေးလုပ်ငန်းစဉ်တွေကို Microsoft နည်းစနစ်များနဲ့ သတ်မှတ်နိုင်မှာဖြစ်ပြီး။ ကျွန်တော်တို့ စီးပွားရေးအခွင့်အလမ်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတွေကို ပိုမိုကောင်းမွန်အောင် မြင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။ Myanmar Brewery မှ အလုပ်သမားတွေကတော့ Office 365 ကို အသုံးပြုပြီး အဖွဲ့လိုက်လုပ်ဆောင်ရာမှာ နှောင့်နေးစေတဲ့ နေရာဒေသဆိုင်ရာအတားအဆီးများကို ရပ်တန့်နိုင်ခဲ့ပြီး၊ တိုးတက်ကောင်းမွန်လာသော လုပ်ငန်းခွင်ဆိုင်ရာ communication tools တွေဟာ တည်ငြိမ်တဲ့အမှတ်တံဆိပ် (Brand) တစ်ခုကို တည်ဆောက်နိုင်ဖို့ အဓိကလိုအပ်တဲ့အရာလာပါပြီ"ဟု Microsoft South East Aisa Markets မှ Regional Sales Director Bin Ru Tan မှဆို သည်။

"Microsoft ဟာ ကျွန်တော်တို့ Myanmar Brewery ကို Office 365 အသုံးပြုရာမှာ ထောက်ပံ့ကူညီပေးလျက်ရှိပါတယ်။ ပထမတန်းစား email နည်းစနစ်ဟာ ကျွန်တော်တို့ရဲ့ လျှင်မြန်တိုးတက်နေတဲ့ လုပ်ငန်းလိုအပ်ချက်တွေ တိုးတက်လာတာနဲ့ အမျှ နိုင်နင်းစွာ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ဟာ လုပ်ငန်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည်တွေကို အမြင့်ဆုံးဖြစ်စေမယ့် ပိုမိုဆန်းသစ်ပြီး အသုံးပြုသူများအတွက် ပိုမိုအဆင်ပြေစေမယ့် email စနစ်တစ်ခုကို အသုံးပြုဖို့လိုအပ်လာပြီး ဒီလိုရွေးချောင်းတဲ့ လုပ်ငန်းစဉ်တွေကိုပြီး စားပေးရမယ့် အချိန်ဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆထားပါတယ်။ ကျွန်တော်တို့ email စနစ်သစ်ကနေပြီး ကုန်ထုတ်စွမ်းအားတိုးမြှင့်လာမှုနဲ့ ထိရောက်တဲ့ ပူးတွဲလုပ်ဆောင်မှုတွေကို မျှော်လင့်ထားပါတယ်" ဟု Myanmar Brewery မှ MIS Man- ager မိုးကျော်ကျော်မြင့်မှ ပြောကြား ခဲ့သည်။

ကျော်ကျော်

အချိန်ပိုင်းအနုပညာ ဒီပလိုမာသင်တန်းကို ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်တွင် ပထမဆုံး ဖွင့်လှစ်မည်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင်အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများကို ၂၀၁၈ ဇန်နဝါရီ တတိယအပတ်မှ စတင်ဖွင့်လှစ်မည်ဟု အဆိုပါတက္ကသိုလ် ပါမောက္ခချုပ် ဦးအောင်နိုင်မြင့် ကပြောကြားခဲ့သည်။

"အချိန်ပိုင်း ဒီပလိုမာသင်တန်းက အခုပထမဆုံး စဖွင့်မှာပေါ့။ တက္ကသိုလ်တစ်ခုကတွဲ့ရပြီး အနုပညာကိုလည်းပါသနာပါတယ်။ အနုပညာနဲ့ပတ်သက်တဲ့ ဒီပလိုမာတစ်ခုလည်း ရထားချင်တယ် ဆို ရင် တက္ကသိုလ်က ဖွင့်တဲ့၊ တက္ကသိုလ်က ဆရာတွေသင်တဲ့ ဒီသင်တန်းကိုအပြင်သင်တန်းတွေထက်တော့အကျိုးရှိလိမ့်မယ်လို့ မျှော်လင့်တယ်"ဟု ၎င်းကပြောသည်။

အချိန်ပိုင်းဒီပလိုမာသင်တန်းများကို Level 1,2,3 သုံးခုခွဲကာ ဖွင့်လှစ်ပြီး Level တစ်ခုပြီးပါကအသိအမှတ်ပြုလက်မှတ် (Certificate), Level သုံးခုကို ဆက်တိုက်မတက်ရောက်နိုင်ပါက အဆင့်ပြေသည့် သင်တန်းအပတ်စဉ်တွင် ဆက်လက်တက်ရောက်နိုင်ကြောင်း ဦးအောင်နိုင်မြင့် ကပြောသည်။

ရုပ်ရှင်က ဘွဲ့ကြိုသင်တန်းတွေ တုန်းကလည်း တခြားဘာသာရပ်တွေထက် ဖွင့်တာနောက်ကျတော့အဓိကတော့ သင်ပေးမယ့်ပညာရှင်အခက်အခဲနည်းနည်းရှိတယ်။ အခုနစ်တော့ သူ့ကိုအချိန်ပိုင်းဘွဲ့လွန် မဖွင့်သေးဘူး။ နောက်နစ် ပညာရှိ ရှိလာရင်တော့ ဖွင့်ဖို့လျာထားတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

ဂီတ၊ သဘင်၊ ပန်းချီ ပန်းပုအနုပညာဘာသာရပ်ဆိုင်ရာ အချိန်ပိုင်း ဒီပလိုမာသင်တန်းများကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆိုပါတက္ကသိုလ်၌ ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ပြီး ဝိဇ္ဇာတွဲ(သို့မဟုတ်) သီပွဲတွဲ တစ်ခုခုရှိသူ ယည်သူမဆို အသက်ကန်သတ်ချက်မရှိပဲတက်ရောက်နိုင်မည်ဖြစ်ပြီး ယဉ်ကျေးမှုတက္ကသိုလ်တွင် ဂီတ၊ သဘင်၊ ပန်းချီ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာအထူးပြုဘာသာရပ် ပါးခုရှိသော်လည်း အချိန်ပိုင်း ဒီပလိုမာသင်တန်း၌ ဘာသာရပ်လေးခုသာ ဦးစွာဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းများတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဆရာများ၊ ဘာသာရပ်အလိုက် ပြင်ပပညာရှင်များက သင်ကြားပေးမည်ဖြစ်ပြီးဘာသာရပ်တစ်ခုလျှင် အနည်းဆုံးသင်တန်းသား ၁၀ဦးမှ ၃၀ဦးအထိ လက်ခံသင်ကြားပေးရန်လျာထားသည်ဟု ၎င်းကပြောသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ယခုပညာသင်နှစ်ကစ၍ မဟာဘွဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ထားသည်။ အဆိုပါတက္ကသိုလ်ကို ၁၉၉၃ တွင်စတင်ဖွင့်လှစ်ပြီး တစ်နှစ်လျှင် ကျောင်းသား၊ ကျောင်းသူ ၈၀၀ခန့် ပညာသင်ယူနေသည်။

သင်တန်းကျောက်ထားခွင်ပြုမည့်ရက် ဒီဇင်ဘာမကုန်မီ နိုင်ငံပိုင်သတင်းစာများမှကြေညာမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် တနင်္လာမှ သောကြာ၊ နံနက် ၇ နာရီမှ ၉နာရီ (သို့မဟုတ်) နံနက် ၇ နာရီခွဲမှ ၉နာရီခွဲအထိ တက်ရောက်ရမည်ဖြစ်သည်။

T.Z

» ငလျင်ဆိုသည်မှာ ...

Second April တုန်းကလည်း ငလျင်တစ်ကြိမ်လှုပ်ခဲ့ဖူးတယ်ဆိုတဲ့ အထောက်အထားတွေရတယ်။ အခုဆိုလိုရှိရင် ၂၅၅ နှစ်လောက်ရှိလာပြီဆိုတော့ နှစ်ပေါင်းအတော်ကြာနေပြီ။ ငလျင်ကြီးတစ်ခုဆိုတာကလည်း နှစ်တစ်ရာလောက်မှာ တစ်ကြိမ်ပြန်လှုပ်တယ်ဆိုတော့ သူကနစ်၂၀০ ကျော်နေပြီဖြစ်တဲ့အတွက်ကြောင့် အဲ့ဒီနေရာမှာကိုလည်း မြန်မာနိုင်ငံက ငလျင်ပညာရှင်တွေသမဂ္ဂဘဲကမ္ဘာ့ငလျင်ပညာရှင်အများစုကလည်း အဲ့ဒီနေရာမှာဖြစ်နိုင်ခြေအလားအလာများလာတယ်လို့ ပြောလာကြတယ်။ ဒါကြောင့်မို့ ရာခိုင်ဘက်မှာဆိုရင်လည်း စစ်တွေဘက်အပိုင်းမှာလည်းသတိပြုသင့်ပါတယ်" ဟု ဖြစ်သည်။

ငလျင်များ လှုပ်ခတ်သည့်အခါတွင် လိုက်နာသင့်သည့် အချက်အလက်များစွာရှိပေသည်။ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးသောပြင်ဆင်မှုများဖြစ်သကဲ့သို့ဖြစ်လာပါကလည်း သတ်မှတ်ချက်များနှင့်အညီ နေထိုင်ပြုမှုပါက ထိခိုက်ပျက်စီးမှုများအတွက် သက်သာစေနိုင်မည့် နည်းလမ်းများဖြစ်သည်။ ထို့ကြောင့်ပင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် မြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အနုပညာရှင်များ ပူးပေါင်းတင်ဆက်ထားသည့် ငလျင်ဆိုင်ရာ ပညာပေးဗီဒီယိုဖိုင်လည်းရှိပါသည်။

"ငလျင်လှုပ်နေစဉ် အိမ်ထဲတွင်ရှိပါက ၅ စက္ကန့်အတွင်း အပြင်သို့ပြေးထွက်နိုင်က ပြေးထွက်ပါ။ ပြေးထွက်ဖို့အချိန်မရှိပါက ခိုင်ခန့်သောကုတင်တို့အောက်တွင် ဝင်ရောက်၍နေပါ။ စားသွေ့ကုတင်များမရှိပါက အဆောက်အအုံ၏ နိုင်ခန့်သော ဧရိယာတစ်ခုခုတွင် အကာအကွယ်ယူပါ။ ဓိဓိအိမ်တွင် ဖြိုကျ၊ ပြုတ်ကျ၊ လဲကျကွဲကျနိုင်သောပစ္စည်းများနှင့် တွဲလောင်းကျနေသောပစ္စည်းများ မရှိစေရန်အတွက် အရင်ကတည်းက ကြိုတင်စစ်ဆေးပြင်ဆင်ထားပါ။ အထပ်မြင့် တိုက်ခန်းတွင်ရှိနေပါက ပြတင်းပေါက်ဝရံတာတို့နှင့်ဝေးရာမှာနေပါ။ အဆောက်အအုံကိုစွန့်ခွာဖို့လိုအပ်လာပါက မိတ်လေ့ကားကိုမသုံးပဲ မိုးရိုးလေ့ကားမှသွားပါ။ ဗီးပျက်ပြီး ဝိတ်မစေနိုင်သောကြောင့် ဖြစ်ပါတယ်" ဟု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် မြန်လည်နေရာချထားရေးဝန်ကြီးဌာန ဇာတ်ညွှန်းဖြင့်ရိုက်ကူးထားသည့် ဗွီဒီယိုဖိုင်တွင် အကယ်ဒမီဝေ့ဒျကော်က ထိုသို့သတိပေထားပါသည်။

မည်သို့ပင်ဖြစ်စေ သဘာဝဘေးဟူသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်သို့ဖြစ်မည်ကိုတော့တိကျသည့် သတင်းအချက်အလက်များရရှိနိုင်မဟုတ်ချေ။ ထိုသို့သော သဘာဝဘေးအန္တရာယ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ငလျင်သည်လည်း ထိုနည်းတူပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကြိုတင်ပြင်ဆင်ခြင်းနည်းလမ်းများကိုသာ အသုံးပြုကာကွယ်ထားရမည်ဖြစ်သည်။

ထိုသို့သော ငလျင်ဆိုသည့် အခြေအနေများအတွက် ဒေါက်တာယဉ်မျိုးမင်းထွေးက " မြန်မာနိုင်ငံအနေနဲ့ကတော့ ပျက်ရွေ့တွေနေရာတော်တော်များများရှိတဲ့အတွက်ကြောင့်မို့ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့မယ်ဆိုရင် သူ့ရဲ့ဖြစ်ပေါ်တဲ့ မြေငလျင်ရဲ့ပမာဏရယ်၊လှုပ်ရှားတဲ့ မြေငလျင်ဗဟိုချက်အနက်ရယ်၊အပေါ်မှာမူတည်တယ်။ ငလျင်ရဲ့ ဗဟိုချက်အနက်တိမ်လေလေ ပိုပြီးသက်ရောက်မှုပြင်းလေဖြစ်တဲ့အတွက်ကြောင့်မို့ ကိုယ်နေထိုင်တဲ့ဒေသက ပျက်ရွေ့ပေါ်မှာမရှိသော်လည်း ပျက်ရွေ့နဲ့နီးတယ်ဆိုလို့ရှိရင် သက်ရောက်နိုင်တဲ့အတွက်ကြောင့်မို့ နေရာတော်တော်များများက ကြိုတင်ပြင်ဆင်မှုတွေကို သတိပြုဆောင်ရွက်ထားမယ်ဆိုရင် ပိုကောင်းပါတယ်။ ငလျင်လွတ်တဲ့နေရာရယ်လို့တော့ ပြောလို့မရဘူးပေါ့ဗျာ" ဟု ဆိုလေသည်။

မိုးလေဝသပညာရှင် ဦးထွန်းလွင်ကအင်အားအသင့်အတင့်ရှိသော ငလျင်များ၊ ငလျင် ငယ်များလှုပ်ရှားလာခြင်းသည် ပြည်သူများအတွက် ကံကောင်းခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုထက်အင်အားပြင်းသော ငလျင်လှုပ်ခဲ့သည်ရှိသော် ကြိုတင်ပြင်ဆင်နိုင်မှု အခွင့်အလမ်းများရှိလာသောကြောင့် ဖြစ်သည်။ မိသားစုအလိုက် ပြင်ဆင်ချိန်ရလာသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း သဘာဝဘေး ကြိုတင်ကာကွယ်ရေးအစီအမံများကို ကြိုတင်ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာ စေမည်ဖြစ်သည်" ဟု ဆိုလေသည်။ ထိုသို့သော ပညာရှင်များ၏ အသိပေးစကားများမှတစ်ဆင့် မည်သည့် သဘာဝဘေးကိုမဆို ကြိုတင်ပြင်ဆင်မှုများဖြင့်သာ အောင်နိုင်ရမည်ဖြစ်သည်။

ဗွားစောရဲ့ အလွမ်းဘာနဲ့ ချင်ရစ်ခန့်ရှာခဲ့ . . .

ဇော်ဦးခိုး (MPA)

ပြည်ဆိပ်ကမ်းမှ တစ်ယောက်သောမုဆိုးမသည် သူ့မ၏သားကသတ်သဖြင့် အသေးဆိုးနှင့်သေဆုံးသွားရသောသူ့မ၏လင်သားအတွက် ကျဉ်းကျဉ်းမြောင်းမြောင်း ငိုကြွေးပြည်တမ်းနေခြင်း ကားမဟုတ်ပေ။ ပုဂ်ရွှေပြည် ၏အသုဘအတွက် ဝမ်းနည်းပမ်းနည်းနှင့် ရွိက်ကြီးတင်ငိုကျွေး ပြည်တမ်းနေခြင်းမျှသာ ဖြစ်လေသည်တကား။ နရသီဟပတေ့သေသောအခါ ပုဂ်လည်းပျက်လေသည်။ မွန်ဂိုတို့၏ မြင်းသံကိုကြားနေရသည်။ မြင်းစီးကျွမ်းကျင်သော မြားအတတ်တစ်ဖက်ကမ်းသောမွန်ဂိုတို့သည် မြင်းကုန်းနီးပေါ်တွင် အခြေပြုအုပ်စုလိုက်ကွဲပြားနေရာမှ ၁၂၀၆ခုနှစ်၌ တေမူဂျင်ဟုဆိုသည့် ဂျင်ဂစ်ခန်း၏စည်းရုံးဦးဆောင်မှုအတွက် အုပ်စုလိုက်ကွဲပြားနေရာမှ ၁၂၀၆ခုနှစ်၌ တေမူဂျင်ဟုဆိုသည့် ဂျင်ဂစ်ခန်း၏စည်းရုံးဦးဆောင်မှုအောက်တွင် အရှေ့အနောက်ဥရောပအလည်ပိုင်းတိုင် အောင် ၎င်းတို့၏နယ်ပယ်ကို ချဲ့ခဲ့သည်။ ၁၃ရာစုနှစ်ကာလများတွင် မောင်းဒွတ်လူမျိုးများသည် ဥရောပနှင့် အာရှတိုက်ကြီးနှစ်တိုက်စလုံးကို နှစ်ကာလ အနည်းငယ်ခန့်မျှအတွင်း သွေးပျက်ခဲ့ရလောက်အောင် ဩဇာခြောက်မွေ့နေနာက် ပစ်လိုက်ကြ၏။ ဘဂ္ဂဒတ်ကိုမီးလောင်တိုက်သွင်းခဲ့သည်။ မွန်ဂိုတို့ကို မခန့်မည့်ပြုခဲ့သော နေမျိုးနွယ်တို့ကိုတိုက်ရန် ဂျပန်သို့ရေတပ်မတော်ကိုဖွဲ့စည်းကာ နှစ်ကြိမ်တိုင်စစ်ချီရာ ဆူနামီကြောင့်ပျက်လေသည်။ မွန် ဂိုတို့သည် ကုန်းမြေပေါ်၌ ပိုမိုကြီးမိုင်းကာ ၎င်းစစ်သည်တို့သည် တစ်ဖက်ကမ်းခတ်သောမြားပစ်အတတ်နှင့် ၎င်းတို့၏မြင်းများကို နတ်မြင်းပုံအလားသူတို့တင်စားကြသည်အထိ မြင်းခွာသံတဖြောင်းဖြောင်းနှင့် ဒေသတွင်း နိုင်ငံများကို သိမ်းပိုက်ခြိမ်းခြောက်ခဲ့သည်။ ၎င်းတို့ကို အရိုင်းစိုင်းများဟု သဘောထားခဲ့ကာမဟာတံတိုင်းကာ မဟာတံတိုင်းကာရံဟန်တားခဲ့သော တရုတ်တို့သည်မွန်ဂိုတို့၏ အုပ်ချုပ်သိမ်းပိုက်ခြင်းခံရသည်။ ဂျင်ဂစ်ခန်း၏ မြေးတော်စပ်သည့် ကုဗလိုင်ခန်းသည်မွန်ဂိုတို့၏ တရုတ်ပြည် ခန်းမင်းကြီး ဖြစ်လာခဲ့သည့်ဂျင်ဂစ်ခန်းသည် နှစ်ပေါင်း ၂၀သာသာခန့် မြင်းကုန်းနီးထက်တွင်စစ်တိုက်ရင်းမောင်းဂွတ်တပ်မှူးကောင်းများကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည်။ ၁၂၇၃ခုနှစ်တွင် ဂျင်ဂစ်ခန်းကွယ်လွန်သည်။ သူ့ကွယ်လွန်ချိန်တွင် မွန်ဂိုအင်ပါယာသည်ပင်လယ်နက်ဒေသမှပစ်မိတ်ကမ်းခြေသို့တိုင်း၏။ သို့ရာတွင် ၎င်းနေပြည်တော်မူကား အရှေ့အလယ်ပိုင်းမြက်ခင်းပြင်များရှိရာ ကာရာကို ရန်မြို့,ကလေးမျှသာဖြစ်သည်။ ဂျင်ဂစ်ခန်းကွယ်လွန်သောအခါ ၎င်း၏သားကြီး အိုဂိုဒီက အရှိုက်အရာကို ဆက်ခံသည်။

အိုဂိုဒီလက်ထက်တွင် မွန်ဂိုမြင်းတပ်များခေတ္တအနားရသည်။ မွန်ဂိုစစ်သူကြီးတစ်ဦးဖြစ်သူ ဆာဘူတိုင်မူကား စစ်မာန်ကြွနေဆဲဖြစ်သည်။ ထို့ကြောင့် ဥရောပအရှေ့ပိုင်းရှိမော်စကို၊ ကီး(ဗ်)၊ ပိုလန်၊ ဟန်ဂေရီစသောတိုင်းနိုင်ငံများကို တရကြမ်းဝင်ရောက်တိုက်ခိုက်ပြန်၏။ ကျော်ကြားလှသောဂျာမန်လက်နက်ကိုင်တပ်ဖွဲ့များကို ရှုပ်ယှက်ဆင်းပျက်ဖြစ်အောင် ချေမှုန်းပစ်လိုက်သဖြင့် သန့်ရှင်းသော ရောမအင်ပါယာ၏ ကေရာဒ်ဘုရင်ကြီးဖရက်ဒရစ်သည် ပင်ခြောက်ခြောက်ခြားခြားနှင့် သွေးဆုတ်သွားသည်ဆိုကြ၏။ အိုဂိုဒီကွယ်လွန်သွားပြီးနောက် အရှိက်အရာကို ဆက်ခံသော မောင်းဂီးခန်လက်ထက်တွင်ယခင်ဂျင်ဂစ်ခန်လမ်းစဉ်အတိုင်း မောင်းဒွတ်တပ်မှူးကောင်းများကိုစစ်မြေပြင်များတွင်လေ့ကျင့်မွေးထုတ်ရင်း ၎င်း၏အဓိက လက်ရုံးဖြစ်သောမြင်းတပ်ကြီးကိုလည်း တိုးချဲ့ပြီးရင်း တိုးချဲ့၏။ မောင်းဂီးခန်သည် အာရှဘဂ္ဂဒတ်ခေါ်ပြည်တော်သို့ ဝင်ရောက်လာခဲ့ပြီးနောက် ပြန်လည်ထွက်ခွာသွားသောအချိန်တွင် ပြာပုံနှင့်မီးသွေးမျှားသာကျန်ရစ်၏။ မောင်းဂီးခန်လက်ထက်တွင် မွန်ဂိုအင်ပါယာသည် အထွတ်အထိပ်သို့ရောက်ရှိ၏။ ထိုမျှအပြောကျယ်လှသော အင်ပါယာကြီးကို ထိန်းသိမ်းအုပ်ချုပ်ရန်အတွက် ခန်းမင်းကြီးမောင်းဂီးခန်သည် ၎င်း၏သားတော်ညီတော်များနှင့် ကောင်းစွာစိတ်ချ ယုံကြည်ခြင်းပြုနိုင်သော ၎င်း၏တပ်မှူးကြီးများကို ပြည်နယ်စောင့်စစ်ဘုရင်ခံချုပ်ကြီးများ အဖြစ်ဖြင့် ခွဲဝေတာဝန်ပေးအပ်၏ အရှေ့ရပ်တန်ခိုးအာဏာများကိုလည်း အပ်နှင်း၏။ ယင်းသို့မောင်းဂီးခန်တာဝန်လွှဲအပ်ခြင်းခံရသူများထဲတွင် ၎င်း၏ညီတော်တစ်ပါးဖြစ်သူ ဂူဗလိုင်ခန်လည်းပါရှိလာလေသည်။ ဂူဗလိုင် စောင့်ကြပ်ရသောပြည်နယ်မှာ တရုတ်နိုင်ငံကြီးဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

ပုဂ်သည် နိုင်ငံဝယ်ဖြစ်သော်လည်း သာသနာထွန်းကားနေပြီးဖြစ်၍ ဘုရားလောင်းသာသနာပြုမင်းသည် ဥယျာဉ်မှူးကဲ့သို့ သာသနာထွန်းကားနေသောဥယျာဉ်ကိုရေလောင်းပါ ....

ပြင်းခွာသံတွေ စစ်မြင်းရထားသံတွေက ဆူညံနေသည်။ မွန်ဂိုတာတာတို့မြားမိုးအောက်မှာ ပုဂ်နေပြည်တော်၏ အင်အားအကြီးဆုံး အတောင်တင်းအခိုင်မာဆုံး ဆင်တပ်ပျက်လေသည်။ ဒေဆောင်ချမ်းဒေသ၏ တပ်မင်းကြီးများဖြစ်သည့် အနန္တပစ္စည်းနှင့် ရန္ဓပစ္စည်းညီနောင် နှစ်ဦးကဦးစီးကွပ်ကဲပျက်ရှိသည့် မြင်း ၅၀၀၀နှင့် အရစ်ရပ်လက်နက်ကိုင်တပ်သား ၆၀၀၀ ခန့်သည် အမိမိနိုင်ငံတော်အတွက် တိုက်ပွဲဝင်နေကြသည်။ စစ်သည်တော်များ၏ သူရသတ္တိနှင့် ရင်ဆိုင်နေရသည်။ မိဖုရားဖွားစော နားချသော်လည်း ကုဗလိုင်ခန်း၏သံအဖွဲ့,ကို ဗျွန်းနန်းရှင်နေသီဟပတေ့၏ အမိန့်ဖြင့်တစ်ယောက်မကျန် ကွက်မျက်လိုက်သည်မှ အစပြု၍ နှစ်ပြည်ထောင်နယ်စပ်ဒေသတွင်တိုက်ပွဲများဖြစ်ပွားလာခဲ့သည်။

လက်ဆောင်ပဏ္ဍာများကို ရိုင်းရိုင်းပျမ်းပျ တောင်းခံခြင်းပြုလာသော စိန့်တိုင်းကြီးရှင်ခန်းမင်းကြီး၏ သံအဖွဲ့,ဝင်များကို သုတ်သင်ပြသလိုက်ခြင်းအားဖြင့် ပုဂ်ပြည်ရှင်နရသီဟပတေ့မင်းကြီးသည် မိမိနှင့်မိမိတိုင်းပြည်ကိုတရုတ်ဧကရာဇ်ဘုရင်များ၏ နေဝင်ဘုရင်နှင့်လက်အောက်ခံတိုင်းနိုင်ငံတစ်နိုင်ငံမဟုတ်ကြောင်း ထင်ထင်ရှားရှားပြသလိုက်သော အမိမှာယ်ရှိ၏။ သို့ရာတွင် အခြားတစ်ဖက်တွင်မူ ကားယည်ကျေးသော နိုင်ငံများအချင်းချင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံကြရာ၌ စောင့်စည်းလိုက်နာအပ်သော သံတမန်ရေးဆိုင်ရာ စည်းကမ်းနှင့်ကျင့်ထုံးကိုပြောင်မြောင်တင်းတင်းရိုက်ချိုးဖောက်ဖျက်ပစ်လိုက်ရကျ၏။ ယင်းဟျောက္ကက်သည် စိန့်တိုင်းကြီးရှင် ဂျင်ဂစ်ခန် ၏မြေးတော် ကုဗလိုင်ခန်အတွက် ကြီးမားသော အခွင့်အရေးတစ်ခုလည်းရရှိသွားစေ၏။ ထို့အခွင့်အရေးဆိုသည်မှာအခြားတော့မဟုတ် ခန်းမင်းဆက်ဘုရင်များ၏ကျော်ကြားကြီးမားလှသော မြင်းတပ်ကြီးကိုပုဂ်ရှေ့ပြည်သို့ရာဇဝင်ကြွေးပေးဆပ်ရန်အတွက် စေလွှတ်နိုင်သောအခွင့်အရေးပင်ဖြစ်သည်။

တာဝိန်မြစ်ရိုးတစ်လျှောက် နင်းမှုန်များအကြားနစ်ဖက်စစ်သည်တော်တို့၏ ရင်ဆိုင်တိုက်ပွဲများသည်သာ ပိုမိုပြင်းထန်လာခဲ့သည်။ ဧကရာဇ်ကုဗလိုင်ခန်း၏ လက်နက်ကိုင်တပ်ဖွဲ့များကို ဦးစီးကွပ်ကဲသည့် ယုန္နန်ပြည်နယ်ကို စောင့်ကြပ်ခြင်းပြုရသူမှာ မွန်ဂိုစစ်သူကြီးနာဆာအာ့ဒင်ဖြစ်၏။ မွန်ဂိုတို့သည် မြင်းကုန်းနီးထက်တွင် အချိန်ကုန်လေ့ရှိသော လူမျိုးများသာဖြစ်ကြသည့်အလျှောက် ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့, များတွင်မြင်းတပ်သည် အဓိကတပ်ဖြစ်သည့် အားလျှော်စွာတိုက်မြင်း ၁၂၀၀၀ ခန့်ရှိ၏။ ကနဦးတိုက်ပွဲစဉ်များတွင် ပုဂ်ဆင်တပ်တော်၏ တိုက်စစ်အဟုန်တွင် မွန်ဂိုတာတာတို့၏ထိုးစစ်ကို ရပ်တန့်ခဲ့သော်လည်းဧကရာဇ်ကုဗလိုင်ခန်း၏ လက်နက်ကိုင်တပ်ဖွဲ့များကို ဦးစီးကွပ်ကဲသည့် ယုန္နန်ပြည်နယ်ကိုစောင့်ကြပ်ခြင်းပြုရသော မွန်ဂိုစစ်သူကြီးနာဆာအာ့ဒင်၏ စစ်ပဓိရိယိမ်အောက်တွင်မြန်မာဆင်တပ်ဖျက်လေသည်။ ဒေဆောင်ချမ်းစစ်ပွဲနှင့် ပတ်သက်၍မြန်မာ့ရာဇဝင်ကြီးများ၏ ရေးသားဖော်ပြချက်များ၊ ရှေးဟောင်းကဗျည်ကျောက်စာများနှင့်ရှေ့ဟောင်းကာရင်းများအပြင် ၁၃ရာစုနှစ်များအတွင်း လောက်က စိန့်တိုင်းကြီးရင်ကုဗလိုင်ခန်းမင်းကြီး၏ နိုင်ငံရေးအရာရှိတစ်ဦးဖြစ်သူ မာကိုဂိုလို၏မှတ်တမ်းများပါတွေ့ရှိရ၏။

ဒေဆောင်ချမ်းပျက်သောနေ့ သရေပါတံခါးစောင့်သော ငတပါးသင်နတ်သည် နတ်ချင်းတိုက်ကြရာဝယ်လက်ကိုမြှားသင့်၍ ပုဂ်သို့အလျှင်ရောက်လာ၏၊ ငတပါးသင်နတ်သည် မင်းကြီးဆရာတော်ဝယ်မပြတ်ခရေမြေဖြစ်၍ ဆရာတော်နေ့ကို ကျိန်းတော်မှုရာတွင်ခြေထောက်ကို လွှပ်၍လျှောက်၏။ မင်းကြီးရာတော်ထံသို့ သရေပါတံခါး အစောင့်နတ်တပါးသင်သည် မြှားစိုက်ဒဏ်ရာသွေးအလိမ်းလိမ်းဖြင့် ဒေဆောင်ချမ်းတိုက်ပွဲ မည်မျှပြင်းထန်ပုံ အစောင့်နတ်များ ပါဝင်တိုက်ခိုက်ခဲ့ကြသဖြင့် ၎င်းကိုယ်တိုင်မြှားသင့်ခဲ့ချသည်ဟု ဒေဆောင်ချမ်းပျက်သည့်အကြောင်းအရာကို ဆရာတော်ထံသို့လျှောက်သည့်အခါ တပည့်မောင်ရှင်ငယ်ကို နန်းတော်အတွင်းသို့ကြွချီကာ ဘုရင်ထံသို့ လျှောက်လေသည်။ ဒေဆောင်ချမ်းတိုက်ပွဲနှင့်ပတ်သက်၍ မင်းနန်သူ့ကျောက်စာတွင် "အနန္တပစ္စည်းလေဒေဆောင်ချမ်း မြို့,နေရလေ၏ ပြည်ထဲရေးလည်းပျက်စီးသည်ဖြစ်ခဲ့၏ဟူ၍" ပုဂ်ခေတ်ကျောက်စာများ၏ ရေးထုံးအတိုင်း တိုတိုတောင်းတောင်းနှင့်လိုရင်းလောက် သာရေးထိုးဖော်ပြထား၏။ ဒေဆောင်ချမ်းတိုက်ပွဲနှင့် ပတ်သက်၍ ငါးစီးရှင်၏ မြင်းစိုင်းမြို့,ဘွဲ့,ကာချင်းတွင်မှတ်ကား" တရုတ်လာသည်၊ ရိုင်ရိုင်လော၊ ရိုင်ရိုင်၊ မြှားမိုးရွာသည်၊ ဖြိုင်ဖြိုင်။ လင်းပြင်ပြည်မှု ဌက်လင်းတ၊ လတိုင်းလော၊ လတိုင်းလတိုင်း။ မြင်းသည်သိန်းသန်း၊ များစွာလွန်းသည် ထက်ဝန်းရံထ၊ နိုင်မနိုင်" ဟူ၍ဖြဲ့,နွဲ့,ဖော်ပြထားလေသည်။

နရသီဟပတေ့သည် အယောင်ယောင်အမှားမှားဖြင့် ခံစစ်ကို ပြင်လေသည်။ အုတ်ကျောင်းတို့ကိုအလျှင်စလို ရလိုဇောဖြင့် ဘုရားဂူကျောင်းများကိုဖျက်ကာ ပုဂ်ရွှေပြည်၌ ခံစစ်ပြင်ရန်အားခြင်းဆောင်ရွက်သည်။ ထို့သောအခါ၊ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်ထောင်၊ ဂုလားကျောင်းသုံးထောင်ပျက်သည်ဟူ၏။ ထို့နောက်ခံစစ်ဇုန်းကို ကောင်းစင်းနှင့် မန်လည်တောင်တန်းဒေသသို့ရွှေ,လေသည်။ နရသီဟပတေ့သည် နောက်လိုက်နောက်ယပ်တို့ကို စုစည်း၍ ပုသမ်ခဲ့ဗုန်ကမ်းလေသည်။ ယင်းသို့စိန့်တိုင်းကြီးရင်ကိုစိန့်ခမ်ပြီးနောက် ဇရာဝတီမြစ်ရိုးတစ်လျှောက် စုန်ဆင်းထွက်ပြေးလျှက် ခံစစ်ကောင်းစင်းနှင့်မန်လည်ခံတပ်များမှ အနန္တပစ္စည်းနှင့်ရန္ဓပစ္စည်းတို့ ဦးဆောင်ကွပ်ကဲလျှက်ရှိသော မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များသည် နောက်ပိုင်းမှခုခံကြလေသည်။ ပြည်မြို့,အနောက်ဘက်လှည်းကျအရိပ်တွင် ကျင်းပခဲ့သောပုဂ်မင်းဆက်နောက်ဆုံးဘုရင်၏ နောက်ဆုံးညီလာခံတွင် မင်းကြီးကိုးကွယ်သော ဆရာတော်ရှင်ဒီသာပါမောက္ခဦးဆောင်၍ ဆားအတွင်းဝန် ရန္ဓပစ္စည်းနှင့် အမတ်မဟာဝိုလ်ဝတို့ကို ကုဗလိုင်ခန်း၏ဝိတင်းနေပြည်တော်သို့ အာဏာပိုင် သံအဖွဲ့,အဖြစ်စေလွှတ်လိုက်လေသည်။

ရှင်ဒီသာပါမောက္ခတစ်ဦးတည်းသာလျှင် ကုဗလိုင်ခန်နှင့်တွေ့လေသည်၊ ဆရာတော်သည် လောကမမ္ဘရာဇအကြောင်း ကျွမ်းကျင်သူဖြစ်သည့် အားလျှော်စွာဗီဝင်းနန်းတော်သို့ရောက်သောအခါ သင့်တင့်လျှောက်ပတ်စွာနှုတ်ဆက်ပြီး ကုဗလိုင်ခန်းပြာလို၍မဟုတ် သူပိုင်သောအင်ပါယာကြီးကား ကမ္ဘာ့ကိုစိုးကြောင်း။ သာသနာပြုမင်းဖြစ်သဖြင့် နောင်ပွင့်မည့်ဘုရားလောင်းဖြစ်ကြောင်း ပုဂ်သည်နိုင်ငံငယ်ဖြစ်သော်လည်း သာသနာထွန်းကားနေပြီးဖြစ်၍ ဘုရားလောင်းသာသနာပြုမင်းသည် ဥယျာဉ်မှူးကဲ့သို့ သာသနာထွန်းကားနေသောဥယျာဉ်ကိုရေလောင်းပါ။ ဥယျာဉ်မှူးသည် ဥယျာဉ်အတွင်း အပင်များကို မဆိတ်မမျိုး ရေလောင်းခြင်းဖြင့် သီးပွင့်လာစေသည်။ မင်းကြီးစေလွှတ်သော စစ်သည်နှင့်ရဟန်းတို့သည် ဗိဂ္ဂာပြတ်၍ထန်းသီးထန်းရည်များသာ စာသုံးနေရသဖြင့် ဝမ်းလျှောရောဂါနှင့် ဗျက်စီးကြတော့မည်ဖြစ်ကြောင်း ပြောကြားသောအခါ ကုဗလိုင်ခန်းက ရဟန်းကြီးသည်ဝေးလံသော အရပ်ကလာပြီး ငါ၏အကျိုး ငါ၏တပ်သားများ၊ ရဟန်းများ၏ ရောဂါအန္တရာယ် ကိုသတိပေး၍ ကျေးဇူးကြီးလှ၏၊စကြောဝတေးမင်းဘုရားလောင်းသည် ပညာရှိရဟန်းကြီး၏အကြံကိုယူ ထိုက်သည်ဟု သဘောပေါက်နားလည်သွားပြီး စိတ်ချစွာ ပြန်လေတော့ ပုဂ်တွင်တောင်သူ့လယ်သမားများ ဗိုက်ပျိုး ရန်ပြန်လာကြပါစေ၊ မြန်မာရဟန်းများလည်းသာသနာ ဆက်ပြုကြပါစေဟု ပြောဆိုကာ မွန်ဂိုတာတာတို့ပုဂ်မှ ဆုတ်ခွာခြင်းကို ဆောင်ရွက်လေသည်။

နရသီဟပတေ့သည် ပုဂ်သို့ပြန်အတက်သားတော် ပြည်စားသီဟသူ၏ ဝက်လက်ခိုးမသားဟုဂျီစယ်ခဲ့သော အကြွေးကို သွေးအေးအေးနှင့် အတောင်းခံရသည်ကို ကြိုးကြိုက်လေသည်။ ဘုရင်ပွဲတော်အုပ်၌ အဆိပ်ခပ်လုပ်ကြံခံရသောအခါ ပြည်ကမ်းပါးသုံး လူပုဇော်ဘုရင်ဖောင်တော်ပေါ်သို့ မိဖုရားဖွားစောဝိုးသံသုံသုံကို ကြားနေရသည်။

ရခိုင်ပြည်နယ်မြောက်ဦးပင့်ပက္ခဖြစ်စဉ်တွင် ဦးဆောင်သူများကို နိုင်ငံတော်ပုန်ကန်မှုဖြင့် အရေးယူမည်

ရခိုင်ပြည်နယ် မြောက်ဦးပင့်ပက္ခ ဖြစ်စဉ်တွင် ခရိုင်ထွေအုပ်ရုံးသို့ လူစုလူဝေးဖြင့် ဝင်ရောက်ဖျက်ဆီးရာတွင် ဦးဆောင်ခဲ့သူများကို နိုင်ငံတော်ပုန်ကန်မှုဖြင့် အရေးယူမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

အဆိုပါ ဖြစ်စဉ်အတွင်း ဦးဆောင်သူ ဦးစံလှတော်နှင့် ပူးပေါင်းပါဝင်ကူညီသူများကို နိုင်ငံတော်ပုန်ကန်မှု ပုဒ်မ ၁၂၂ဖြင့် အရေးယူရန် နိုင်ငံတော်သမ္မတက ခွင့်ပြုလိုက်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

မြောက်ဦးမြို့ ရေးဟောင်းရုံးအတွင်းရှိနန်းတော်ကုန်း၌ ရခိုင်နိုင်ငံတော်အချုပ်အခြာအာဏာကျဆုံးခြင်း ၂၃၃နှစ်မြောက် အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးဝိုင်းမှ ယင်းနေ့ရာတွင် ကျင်းပခွင့်မပြုခြင်းကြောင့် ဒေသခံ ၄၀၀ဝန်းသည်ရန်နတ်ရိုလ ၁၆လက၊ ည ၁၀နာရီ မိနစ် ၂၀ခန့်က ခရိုင်ထွေအုပ်ရုံးသို့ ဝင်ရောက်ရာမှ ရဲတပ်ဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

"သမ္မတကဟုမ်မ ၁၂၂နဲ့ တရားစွဲဆိုနိုင်ဖို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မြောက်ဦးခရိုင် ထွေအုပ်ဌာယာခရိုင်အုပ်ချုပ်ရေးမှူးဦးစီးဝင်း(ပ။ဥ၅၅၉)ကို ရာဇဝတ်ကျင်ထုံးဥပဒေအရ အခွင့်အာဏာအပ်နှင်းလိုက်တာ ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၇ရက်က အပ်နှင်းခဲ့တာပါ"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးဦးတင်မောင်ဆွေက "ည ၁၀နာရီမိနစ် ၂၀လောက်ခရိုင်ထွေအုပ်ရုံးကို လူလေးထောင်လောက်ဝင်တယ်။ ဝင်ပြီးတော့ အကြမ်းဖက်တာပေါ့။ ရုံးကိုရိုက်ခွဲတာတွေ၊ရုံးခန်းတွေကို ခဲတွေနဲ့ပေါက်တာတွေ လုပ်ကြတယ်။ အထဲမှာလည်းအကန်ဖျက်ဆီးတယ်။ နောက်အလဲတိုင်မှာလည်း သူတို့တင်ချင်တဲ့ အလဲကို တင်တယ်။ ရုံးထဲမှာ လုပ်တာပေါ့။ ရုံးထဲမှာ လုပ်တော့ ရုံးလုံးခြံရေး ရဲတပ်ဖွဲ့ဝင်တွေ ရှိတယ်။ ပထမအသံချဲ့စက်နဲ့တားတယ်။ ခြံစည်းရိုးကို ဆက်ကျော်ပြီး တက်တယ်။ ဆက်ဝင်တော့ ရော်ဘာကျည်ဆန်နဲ့ပစ်တယ်။ အဲဒါကိုဆက်ပြီး တော့တိုးတယ်။ တိုးတာကိုနှိုးထဲထိရောက်ခဲ့တာပါ။ အထဲထိရောက်ပြီးတော့ နောက်ဆုံးရဲတွေနောင်းထဲ အနီးကပ်ရောက်ပြီးသေနတ်လုတဲ့အဆင့်ထိ ရောက်ပါတယ်။ ရောက်လာတော့ နောက်ဆုံး ပစ်ခတ်မှုအထိ ဖြစ်တာပါ" ဟု ၎င်းကဆိုသည်။

ရခိုင်ပြည်နယ်မြောက်ဦးမြို့ခရိုင် အုပ်ချုပ်ရေးမှူးရုံးတွင် ဝန်ကမ်းရိုလ ၁၆လက နေ့ညက ဖြစ်ပွားခဲ့သော ပဋိပက္ခတွင်ရဲတပ်ဖွဲ့က သေနတ်နှင့်ပစ်ခတ်ဖြေရှင်းခဲ့ခြင်းကြောင့် လူ ၇ဦးသေဆုံးကာ ၁၂ဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ခရိုင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးဦးတင်မောင်ဆွေက သုံးသပ်သည်မှာ "ဒီအရိပ်မှာ ကျွန်တော်တို့တိုင်းပြည်က စည်းစည်းလုံးလုံးနဲ့ တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှု အချိန်ကာလကိုသွားရမယ့်အချိန် ဖြစ်တယ်မလိုလားအပ်တဲ့ ဆူပူမှု တွေ၊ သဘောထားကွဲလွဲမှုတွေ မဖြစ်သင့်ပါဘူး။ တစ်ဖက်ကလည်း ထာဝရပြိမ်းချမ်းရေးဘက်ကို သွားနေတဲ့ အချိန်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ လက်တလောပြိမ်းချမ်းရေးမဟုတ်ပါဘူး။ အနာဂတ်ပြည်သူတွေ အတွက် ထာဝရပြိမ်းချမ်းရေးဘက်ကို သွားနေတဲ့အချိန်မှာ ဒီလိုမျိုးပြည်သူတွေအပေါ်ကို လှုံ့ဆော်မှုတွေ မလိုလားအပ်တဲ့ဆွဲဆောင်စည်းရုံးပြီး အမုန်းတရားတွေပွားစေမယ့် ကိစ္စတွေကို ရှောင်ရှားသင့်ပါတယ်" ဟုဆိုသည်။

သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍လည်း "သေဆုံးသူတစ်ယောက်ကို ငွေ ကျပ် ၅သိန်းနဲ့ ထိခိုက်ဒဏ်ရာရရှိသူများကို တစ်ဦးလျှင် ငွေကျပ် ၃သိန်း ထောက်ပံ့ပေးပါတယ်။ သေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာရရှိသူတွေအတွက် လွန်စွာစိတ်မကောင်းဖြစ်ရပါတယ်" ဟု ဦးတင်မောင်ဆွေက ဆိုသည်။

လက်ရှိအချိန်တွင် ပဋိပက္ခဖြစ်စဉ် ၆ ထိခိုက်ဒဏ်ရာရရှိသူ ၁၂ဦးအနက် ရှစ် ဦးသည် စစ်တွေဆေးရုံ၌ လည်းကောင်း လေးဦးသည်မြောက်ဦးဆေးရုံ၌ လည်းကောင်း ဆေးဝါးကုသပေးလျက်ရှိကြောင်း ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရသည်။

အိမ်စည်

Uber အဌားယာဉ်များတွင် ကားစပ်တူစီးခြင်းဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း စတင်နိုင်ရန် မျှော်မှန်းထား

Uberအဌားယာဉ်များတွင် ကားစပ်တူစီးခြင်းဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်းစတင်နိုင်ရန် မျှော်မှန်းထားကြောင်း Uberထုတ်ပြန်ချက်လက်အရ သိရသည်။

"မြန်မာနိုင်ငံမှာ ကားစပ်တူစီးခြင်းဝန်ဆောင်မှုအတွက် အဓိကရဲရဲအသိအမှတ်ပြုမှု၊ ထောက်ခံမှုတွေနဲ့အတူ Uber က ၂၀၁၈ခုနှစ်မှာနိုင်ငံမှာရှိတဲ့ မြို့တွေမှာ ဝန်ဆောင်မှုကို မိတ်ဆက်သွားပြီးတိုးတက်မှုနိုင်နိုင် မာမာရရှိမျှော်မှန်းထားပါတယ်"ဟု Uberအာရှပစိဖိတ်စီးပွားရေးအရာရှိချုပ် BrooksEntwistleက ပြောကြားသည်။

"အရှေ့တောင်အာရှမှာ Uberအတွက် ဖွံ့ဖြိုးတိုးတက်နေတဲ့ အခွင့်အလမ်းများစွာရှိပါတယ်။ ဒီနှစ်မှာတော့ အရင်နှစ်တွေနဲ့မတူဘဲဒေသ တွင်းမှာလုပ်ငန်းတွေကို ပိုမိုအလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာလူမျိုးတွေ့ရဲ့ ခွန်ဦးဘီထွင်လုပ်ကိုင်လိုစိတ်ဝိုင်းခြင်းက တကယ့်ကို အံ့အားသင့်စရာပါပဲဟု ဆက်လက်ပြော ကြားသည်။

Uberက Charity Safford‌ကိုမြန်မာနိုင်ငံအတွက် အထွေထွေမန်နေဂျာအဖြစ်ခန့်အပ်ခဲ့ပြီး ဟိုချီမင်းမြို့တွင် ရုံးထိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကားစပ်တူဌားစီးခြင်းက ဒီနိုင်ငံမှာ ရှိတဲ့ မြို့ကြီးတွေရဲ့သွားလာနေထိုင်မှု ပုံစံတွေကို ပြောင်းလဲပေးမယ့်နည်းလမ်းတစ်ခုဖြစ်ပြီး လူထောင်ပေါင်းများများအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေကိုလည်း ပေးအပ်နေပါတယ်"ဟု Charity ကပြောကြားသည်။

အမေရိကန်အခြေစိုက် Uberအဌားယာဉ်ဝန်ဆောင်မှုအနေဖြင့် မိုတိုးဃနှိုးအခြေပြုကား ဌားဝန်ဆောင်မှုအနေဖြင့် မိုတိုးဃနှိုးအခြေပြုကား ဌားဝန်ဆောင်မှုကို ရန်ကုန်တွင် ဇူလိုင် ၂၆ရက်မှ ဧရာဂက် အထိစမ်းသပ်ကာလအဖြစ် ဝန်ဆောင်မှု ပေးခဲ့ပြီး စိတ်ဝင်တစားဖြင့် စမ်းသပ်စီးကြည့်သူများ ပြားခဲ့ကြောင်း အဆိုပါကာလ အတွင်း အသုံးပြုသူ တစ်ဦးချင်းအနေဖြင့် ကျပ်တစ်သောင်းမိုးအခမဲ့စီးနင်းခွင့်နှင့် အကြမ်းရေအားဖြင့် ၁၀ကြိမ်သတ် မှတ်ထားသောပရိုမိုးရှင်းအစီအစဉ် ကိုရရှိခဲ့ကြသည်။

Uberကို ၂၀၁၀ပြည့်နှစ်တွင်အမေရိကန်နိုင်ငံ ဆန်ফရန်စစ္စကိုဌ် စတင်ခဲ့သည်။ လက်ရှိတွင် ကမ္ဘာ့မြို့ကြီးပေါင်း ၄၅၀ကျော်၌ လုပ်ငန်းများလည်ပတ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် Uberဝန်ဆောင်မှုရောက်ရှိလာသည် ၇၆ခုမြောက် နိုင်ငံဖြစ်လာခဲ့ပြီး Grabၓိုးရောက္ခကို လွှမ်းမိုးမှုကြောင့် Uber အနေဖြင့်လည်း အခြားနိုင်ငံများနှင့် မတူသောပြုပြင်ပြောင်းလဲမှုများကို မြန်မာနိုင်ငံအတွက် ပြုလုပ်ခဲ့ရပြီး ပုံသေနှုန်းထား သတ်မှတ်ခြင်းပုံစံသို့ ပြောင်းလဲရခြင်းများ ရှိပြီး နောက်ပိုင်းတွင်နှုန်းထားကို လည်း လျှော့ချသတ်မှတ်ခဲ့ရကြောင်း သိရသည်။

ကျော်ကျော်

The Voice Myanm ၏ မေ ၂၀၁၈ သီချင်းဆိုပြိုင်ပွဲလာပြီ

Grand Prizeနှင့်အတူ ကမ္ဘာကျော် Universal Musicနှင့် လက်တွဲကာတေး အယ်လ်ဘမ်ထုတ်ဝေခွင့်ရရှိမည့် The Voice Myanmar ၂၀၁၈သီချင်းဆိုပြိုင်ပွဲကို ဇေဖော်ဝါရီလတွင် MRTV-4တွင် စတင်ထုတ်လွှင့်မည့်ကြောင်း သိရသည်။

အဆိုပါ The Voice Myanmar ၂၀၁၈စပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတို့ Levelလေးခုဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပြိုင်ပွဲပထမအဆင့်တွင် Online Audition အဖြစ် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ထို့အတွက် Online Auditionတွင်ပါဝင်လိုသူများကို ဖိတ်ခေါ်ထားပြီးဖြစ်ကာ ကျော်ကက်ထားသူများထဲမှ ရွေးချယ်မှု ပြုလုပ်ကာ ပြိုင်ပွဲခုတိယအဆင့်အဖြစ် Blind Auditionသို့ ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်သည်။

အဆိုပါ Blind Auditionသည် နောက်ကျောပေးထားသည့် ထိုင်ခုံလေးခုံ၌ Coachလေးဦးက ထိုင်နေမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များ၏ အသံအရည်အသွေး တစ်ခုတည်းကိုသာ နားဆင်ခံစားကာမိမိနှစ်သက်သည့် ပြိုင်ပွဲဝင်အားရွေးချယ်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုများကို Coachများအနေဖြင့် ထိုင်ခုံတွင် တပ်ဆင်ထားသည့် ခလုပ်အားရိုက်နှိပ်ကာ ရွေးချယ်နိုင်မည်ဖြစ်ပြီး ထိုသို့ရွေးချယ်ပြီးမှသာ မိမိရွေးချယ်လိုက်သည့် ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှုကို ဆက်လက်ခံစား ကြည့်ရှုနိုင်မည်ဖြစ် ကြောင်းသိရသည်။

Battle Roundအဆင့်တွင်Coach တစ်ဦးချင်းစီအောက်တွင် ရွေးချယ်ထားသည့် အဖွဲ့တူပြိုင်ပွဲဝင် အချင်းချင်း ထိုသို့ ယှဉ်ပြိုင်မှုအပြီးတွင် သီချင်းတစ်ပုဒ်တည်းကိုသာ သီဆိုယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ၎င်းတို့မှ Coachများကပြန်လည် ရွေးချယ်သွားမည်ဖြစ်သည်။ အဆိုပါ Battle Roundတွင် Coachတစ်ဦးချင်းစီတွင် ပြိုင်ပွဲဝင်ခြောက်ဦးစီသာကျန်ရှိမည်ဖြစ်ပြီး ၎င်းတို့ကို ပရိသတ်များနှင့် တိုက်ရိုက်ယှဉ်ပြိုင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ထုံးဖြားသည့် ပြိုင်ပွဲပုံစံဖြင့် ပြုလုပ်မည့် The Voice Myanmar ၂၀၁၈တွင် Coachလေးဦးရှိမည်ဖြစ်ပြီးအဆိုပါ Coachလေးဦးမှာ လင်းလင်း ကျားပေါက်၊ ရန်ဝန်ချမ်းနှင့် နီနီခင်ဏော်တို့ဖြစ်ကြသည်။

အိမ်စည်



ယခုနှစ်အတွင်း အရှေ့တောင်အာရှနှင့် အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု အားကောင်းလာနိုင်မည်ဟုဆို

ယခုနှစ်အတွင်း အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုကို မျှော်မှန်း၍ မရသော်လည်း အရှေ့တောင်အာရှနှင့် အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုမှာ အားကောင်းစွာဖြင့် ဝင်ရောက်လာနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကူးကိုများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး ကပြောသည်။

ဥရောပသမဂ္ဂ (EU) နှင့် ရင်းနှီးမြှုပ်နှံမှုကာကွယ်ပေးရေးစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းနေသည့်ကိစ္စမှာပြီး သလောက်အနေနေအထားတွင် ရှိနေပြီဖြစ်သော်လည်း မောင်တောဒေသ၏ဖြစ်စဉ်နှင့်ပတ်သက်၍ EU ဘက်မှ ရပ်တန့်လိုက်သည့်အတွက် မြန်မာနိုင်ငံအတွင်းသို့ အနောက်ဥရောပနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုအားကောင်းကောင်းနှင့် ဝင်ရောက်လာနိုင်မည်မဟုတ်ဟု ၎င်းကသုံးသပ်ပြောဆိုသည်။

"မောင်တောဒေသ ဖြစ်စဉ်တွေက တိုင်းပြည်ရဲ့ ပုံရိပ်ကိုထိခိုက်မှုဖြစ်စဉ်ဖြစ်ခဲ့ပါတယ်။ အဲဒါနဲ့ဆက်စပ်ပြီး EU (ဥရောပသမဂ္ဂ)နဲ့ ညှိနှိုင်းနေတဲ့ ရင်းနှီးမြှုပ်နှံမှု ကာကွယ်ပေးရေးစာချုပ်က ပြီးသလောက်ရှိနေပြီ။ တစ်ဖက်က ရပ်လိုက်တယ်။ မူလမျှော်မှန်းခဲ့တာက ၂၀၁၇ မှာ စာချုပ်ကိုပြီးအောင်လုပ်မယ်။ ၂၀၁၈ - ၂၀၁၉ မှ EU ဘက်က ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်လာမယ်မှန်ပြီး အားကြီးမာန်တက်ဥ နှစ်လောက်လုပ်ခဲ့တယ်။ ၂၀၁၈ ခုနှစ်မှာ အနောက်ဘက်ကရင်းနှီးမြှုပ်နှံမှုတွေ မျှော်မှန်းလို့မရတော့ဘူး၊ ၂၀၁၈ မှာ စီးပွားရေးလုပ်ငန်းတွေ လုပ်သာကိုင်သာမိပြီးရှိလာမယ်။ အခွင့်အလမ်းတွေရှိလာမယ်။ ၂ နှစ် ၃ နှစ်အတွင်းမှာ ဥရောပဘက်ကနေ အားကောင်းကောင်းနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မဝင်လာနိုင်သေးပါဘူး။ အရှေ့အာရှနဲ့ အာဆီယံနိုင်ငံတွေကသာ အားကောင်းကောင်းနဲ့ ဝင်လာနိုင်ဖို့အနေအထားရှိပါတယ်" ဟုလင်းကပြောသည်။

ယခုနှစ်တွင် အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု မျှော်မှန်း၍မရသော်လည်း ၂၀၁၇ ဧပြီလကထွက်ရှိသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပမာ အရှိန် ရနေပြီဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံမှုအားကောင်းလာခြင်း၊ မြန်မာနိုင်ငံကဖွံ့ဖြိုးများဥပဒေသည် ယခုနှစ် သြဂုတ်လတွင် အသက်ဝင်မည်ဖြစ်သောကြောင့် သိသာပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အိမ်ခြံမြေကဏ္ဍတွင် ကွန်ဒိုမီနီယံဥပဒေ ပေါ်ပေါက်လာပြီဖြစ်၍ ယခုနှစ်တွင် အိမ်ခြံမြေစျေးကွက်များ ကောင်းလာနိုင်ခြင်းနှင့် အိမ်ခြံမြေစျေးကွက်များ ကောင်းလာနိုင်ခြင်းနှင့် ယခုနှစ် ဇန်နဝါရီလမှစ၍ မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဝင်ရောက်လာပြီဖြစ်၍ ကုန်သွယ်မှုကဏ္ဍ၌ စိန်ခေါ်မှုများရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အခြေအနေကောင်းများ ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝေဝေ

ယခုနှစ် အကယ်ဒမီရွှေကြိုများကို ပြင်ပမှ ခေါ်ယူတော့မည်မဟုတ်

မြန်မာ့ရုပ်ရှင်ထုံးချွန်ဆုပေးပွဲကို ၂၀၁၇ခုနှစ် အခမ်းအနားအတွက် အကယ်ဒမီမန်းကိုင် ရွှေကြိုမောင်မယ်များအား ပြင်ပမှခေါ်ယူသွားတော့မည်မဟုတ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးထံမှ သိရသည်။

မြန်မာ့ရုပ်ရှင်ထုံးချွန်ဆုပေးပွဲကို မတ်လတွင်ကျင်းပရန် စီစဉ်ထားပြီး အကယ်ဒမီစာရင်းဝင်ဇာတ်ကား ၅၀ခန့်ကို စီစစ်အကဲဖြတ်သွားမည်ဖြစ်ကြောင်း၊ အကယ်ဒမီစာရင်းဝင်ဇာတ်ကားများကို ဇန်နဝါရီလ ရက်က စတင် အကဲဖြတ်ကြည့်ရှုထားကြောင်း၊ ယခုနှစ်တွင် ရွှေကြိုတွေကို သီးသန့်မခေါ်တော့ကြောင်း၊ တက်သစ်စအနုပညာရှင်တွေထဲကပဲ ရွေးချယ်သွားမည်ဖြစ်ကြောင်း ဇာတ်ကားများ အကဲဖြတ်ရဦးမည်ဖြစ်သောကြောင့် ရွှေကြိုများအတွက်သီးသန့်အချိန်မပေးနိုင်တော့ကြောင်း၊ ရွှေကြိုမောင်မယ် ခေါ်ယူရာတွင်လည်း ယခင်နှစ်ဦးရေထက် လျော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာရုပ်ရှင်ထုံးချွန်ဆုပေးပွဲ အခမ်းအနားအတွက်ပုံပိုးပေးမည့်သူများကို ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၇ခုနှစ် မြန်မာရုပ်ရှင်ထုံးချွန်ဆုပေးပွဲကို အခမ်းအနားတစ်ခုလုံးအတွက် အဓိကပုံပိုးပေးသူအဖြစ် Forever Group ကလုပ်ကိုင် ခွင့်ရရှိခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

ပိုးအိမ်

ATM စက်များတွင် ငွေလွှဲပြောင်းထုတ်ယူခ သုညဒသမ ၅ရာခိုင်နှုန်းသို့ မြင့်တက်သော်လည်း သုံးစွဲမှုပုံစံပြောင်းလဲခြင်းမရှိ

မတူညီသော ဘဏ်များ၏ATM စက်များတွင် ငွေလွှဲပြောင်းထုတ်ယူသည့်ဒသမ ၅ရာခိုင်နှုန်းသို့ ၂၀၁၈ခုနှစ်မှစ၍ နှုန်းထားမြင့်တက်လိုက်သော် လည်းသုံးစွဲသူများ၏ သုံးစွဲမှုပုံစံမှာ ပြောင်းလဲခြင်းမရှိကြောင်း MPUမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိမှာတော့ ငွေထုတ်ယူမှုတွေက ပုံမှန်အတိုင်းပဲ သုံးစွဲနေကြတာကိုတွေ့ရတယ်။ ကျပ်တစ်သိန်းကိုကျပ် ၅၀ဝပဲ ကောက်ခံတာဖြစ်လို့ အများကြီးမဟုတ်ပါဘူး။ ATMစက်အရှိရှိတဲ့နေရာမှာကိုယ်ကတ်နဲ့တူတဲ့စက်ကို ရွေးပြီးထုတ်ကြတယ်။ စက်ရွေးချယ်စရာမရှိတဲ့ နေရာမျိုးမှာ ဆိုရင်လည် တကူးတကလိုက်ရှာနေတာမျိုး။ ကားခကုန်တာမျိုးတွေအဖြစ် မခံတော့ဘဲ နီးစပ်ရာစက်မှာထုတ်ကြတာများပါတယ်" ဟု ၎င်းကပြောသည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၁ရက်မှစ၍ အချိန်အစားမတူသော ATMစက်များတွင် MPUကတ်ဖြင့် ငွေထုတ်ယူသည့်အခါ ယခင်က သုညဒသမ ၂ရာခိုင်နှုန်းအစား သုညဒသမတ္တရာခိုင်နှုန်းသို့တိုးမြှင့်ကောက်ခံခဲ့ခြင်းဖြစ်ပြီး တိုးမြှင့်လိုက်သည်နှုန်းထားအရ ယခင်ကျပ်တစ်သိန်းထုတ်ပါက ကျပ် ၂၀ဝသာ ဝန်ဆောင်ခကျသင့်မည့် အစား ၂၀၁ခုနှစ်မှစ၍ ကျပ်၁သိန်းထုတ်ယူလျှင် ကျပ်၅ဝဝကျသင့်လာခြင်းဖြစ်ကြောင်းသိရသည်။

"အရင်နှုန်းထားအတိုင်းပဲဆိုရင် တော့ပိုကောင်းတာပေါ့။ အခုလိုတိုးလိုက်တော့လည်း မလွဲသာမရှောင်သာအခြေအနေဆိုရင်တော့ရှိတဲ့ စက်မှာပဲထုတ်ရတာပေါ့။ ၃သိန်းဆိုရင် ၁၅ဝကျပြီး"ဟု MPUသုံးစွဲသူတစ်ဦးက ပြောသည်။

လက်ရှိတွင် MPU Debitကတ်သုံးစွဲသူလေးသန်းခန့်၊ MPU Creditကတ် သုံးစွဲသူ ၇၀ဝဝဝကျော်၊ MPU Co-Brand ကတ်သုံးစွဲသူ ၈ဝဝဝဝကျော်ရှိလာကြောင်းသိရသည်။ တစ်နိုင်ငံလုံးတွင် ATMစက်ပေါင်း ၃၈ဝဝကျော်ရှိပြီး POS ပေါင်း ၁၅ဝဝဝကျော်ရှိလာကြောင်းသိရသည်။ အွန်လိုင်းငွေပေးချေမှုများကို ဆောင်ရွက်နိုင်သော eCommerce ပေါင်း ၁ဝဝကျော်ရှိကြောင်း သိရသည်။

T.Z

နိုင်ငံခြားသား မေ့ကျန်ခဲ့သည့် ဒေါ်လာများကို အဌားယာဉ်မောင်းက ပြန်ပေး

နိုင်ငံခြားသားတစ်ဦး အဌားယာဉ်ပေါ်၌ မေ့ကျန်ခဲ့သည့် ကန်ဒေါ်လာ ၁၄ဝဝဝ ကျော်ကို အဌားယာဉ်မောင်း ကတွေ့ရှိပြီးပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

ဇန်နဝါရီ ၁၂ရက်ညနေ၆နာရီခန့်က အမေရိကန်နိုင်ငံသား မစ္စတာလန်ဟိုနီ လာမွန်သည် ပုလဲကွန်ဒိုမှ ၅၂လမ်းသို့ သွားစဉ် အဌားယာဉ်ပေါ်၌ကျော်ကိုးအိတ် မေ့ကျန်ခဲ့ကြောင်း ကမ္ဘာလုည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ရုံးသို့ ခေါ်ဆောင်ကာ ပိုင်ရှင်လက်သို့ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောက်ရပြီးအိတ်ကိုပြန်လည်ပေးအပ်သည့် အဌားယာဉ်မောင်းသည်အသက် (၄၃)နှစ်အရွယ် ကိုစန်းယုဖြစ်ပြီး နဝေးလမ်း(၁၃၃)ရပ်တွက်ဒဏ်(အရှေ့မြို့)တွင် နေထိုင်ကြောင်းရှိသားမှတ်အသိအမှတ်ပြုတဲ့ အနေနဲ့ပိုင်ရှင်နိုင်ငံခြားသားက ဒေါ်လာတစ်ထောင်ပြန်ပေးသွားကြောင်း သိရသည်။

ကျော်ကျော်

YBSနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ငွေပေးချေကတ်စနစ်ပြုလုပ်ရန် ကျပ် ၁၉ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

YBS ဘတ်စ်ကားများနှင့်အခြားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ငွေပေးချေကတ်စနစ်ကျင့်သုံးမည့်ကုမ္ပဏီက ကျပ်၁၉ ဘီလီယံတိုက်ရိုက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးတင်ဒါစီစစ်ကြီးကြပ်ရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ငွေပေးချေကတ်စနစ်လုပ်ကိုင်ရန် Excel KC Myanmar ကုမ္ပဏီ အပြင် Any Pay Paymentကုမ္ပဏီနှင့် Asia Starmar Transport Intellignet ကုမ္ပဏီကိုလည်း တင်ဒါနောက်ဆုံးယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ အဆိုပါ ငွေပေးချေကတ်စနစ်ကို Excel KC Myanmar ကုမ္ပဏီက လုပ်ပိုင်ခွင့်တင်ဒါ အောင်မြင်ထားကြောင်း၊ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှင့် အကြောင်းအမျိုးမျိုးကြောင့် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းမှုအဆင်မပြေခြင်းမရှိပါက ကျန်ကုမ္ပဏီနစ်ခုကို ထပ်မံစဉ်းစားပေးမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအောင်မြင်ထားသည့် Excel KC Myanmar ကုမ္ပဏီသည် ကတ်စနစ်ကို သုံးလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတ်မှတ်ချက်အတိုင်းဆိုသုံးလအတွင်းလုပ်ငန်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ YBS စနစ်ရဲ့ဒုတိယသက်တမ်းကာလမှာ အောင်မြင်အောင် ဆက်လက်လုပ်ဆောင်ရမယ့်အထဲတွင် ကတ်စနစ်က အဓိကပါဝင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အတွင်းရေးမှူးထံမှ သိရသည်။

ပိုးအိမ်

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်း ဓနစ်ပြည့်နှင့် ဘိုးဘွားရိပ်သာ တည်ထောင်ခြင်း ၃နှစ်ပြည့် အခမ်းအနားကျင်းပ

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်း (Save The Aged) စနစ်ပြည့်အတိမ်းအမှတ်နှင့် ဘိုးဘွားရိပ်သာတည်ထောင်ခြင်း(၃)နှစ်ပြည့်အခမ်းအနားကို ယခုလ ၇ရက်နေက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်တွင် တည်ရှိသည့် အဆိုပါဘိုးဘွားရိပ်သာတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် အသင်း၏ အမှုဆောင်ဖြစ်သူ ဒေါ်အေးအေးသန်းမှ အသင်း၏ သမိုင်းကြောင်းနှင့်ဘိုးဘွားရိပ်သာ တည်ထောင်ခဲ့ခြင်းအကြောင်းကို မိတ်ဆက်ပြောကြားခဲ့ပြီး၊ အသင်းဥက္ကဋ္ဌ ဖြစ်သူ ဦးဇင်မြင့်ဦးမှလည်း အသင်း၏ရှေ့ဆက်ရန်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်မတို့ ဘိုးဘွားတွေကိုစပြီး စောင့်ရှောက်တုန်းက အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ရေးကို အခြေခြေပြီးတော့ စတင်လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်မတို့ အသင်း ၅နှစ်မြောက်နေမှာ ဒီ(Save The Aged) ဘိုးဘွားရိပ်သာကိုအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ရာသက်ပန်စောင့်ရှောက်တဲ့ အဘိုးအဘွားတွေကို အမှတ်စဉ်ထားပြီး စောင့်ရှောက်ခဲ့တယ်။ ယာယီစောင့်ရှောက်တဲ့ ဘိုးဘွားတွေကိုတော့ အမှတ်စဉ်ထားခြင်းမရှိပါဘူး၊အခုလက်ရှိမှာတော့ ဒီရိပ်သာမှာ ဘိုးဘွား ၂၆ယောက်နဲ့ အပြင်ကဘိုးဘွား ၁၂ယောက်စုစုပေါင်း ၃၈ယောက်ကို ရာသက်ပန်စောင့်ရှောက်တဲ့အနေနဲ့ စောင့်ရှောက်ခဲ့ပါတယ်" ဟု အသင်း၏ အမှုဆောင်ဖြစ်သူဒေါ်အေးအေးသန်းက ပြောသည်။

အဆိုပါ ဘိုးဘွားရိပ်သာကို ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့တွင်အလှူရှင်များ၊ ပြည်တွင်းပြည်ပမှ အသင်းဝင်များနှင့် တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး၊ အပစ်ပယ်ခံဘိုးဘွားများအား မိမိတို့အမိအဖစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးကို အခြေပြု၍ အခြားလူမှုရေးနှင့် ပရဟိတလုပ်ငန်းများ လုပ်ဆောင်သွားရန်နှင့် လူငယ်လူရွယ်များ ချစ်ခင်ရင်းနှီးထိရောက်စွာ အကျိုးပြုရန်ဟူသောရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဘိုးဘွားတွေကို စောင့်ရှောက်တဲ့အပြင် ကျန်းမာရေးအိုင်ကလည်းအတော်ဂရုစိုက်ရတယ်။ ဆေးရုံဆေးခန်းတွေကို ပို့တဲ့နေရာ မှာလည်းဆေးရုံတွေနဲ့ဝေးတဲ့အတွက် ကားငှားရတာလည်း အဆင်မပြေဖြစ်တယ်။ အဲ့တာကြောင့် ကိုယ်ပိုင်ကားတစ်စီးလောက် ထားပေးဖို့ဘိုးဘွားတွေရဲ့ အရေးပေါ် ကိစ္စရပ်လုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် တတ်နိုင်သလောက် လျှော့ခ်ိန်းပေးစေချင်ပါတယ်" ဟု အသင်း၏ ဥက္ကဋ္ဌဦးဝင်းမြင့်ဖိုးက ပြောသည်။

လက်ရှိတွင် ရာသက်ပန်စောင့်ရှောက်မှုအဖြစ် အဘို့အ အဘွားစုစုပေါင်း ၃စယောက်ကို စောင့်ရှောက်ပေးလျက်ရှိပြီး၊ အသက် ၆၅နှစ်အထက် သားသမီးရင်းချာမရှိသူ ခိုကိုးရာမဲ့ဘိုးဘွားများကို စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ဝေဝေ၊ ပိုးအိမ်

သဘာဝဘေးဒဏ် ခုခံနိုင်စွမ်း မြင့်မားပြီး၊ ဖွံ့ဖြိုးတိုးတက်သော မြို့ပြများဆီသို့ ....။

နိဒါန်း

ပြောင်းလဲလာနေတဲ့ ရာသီဥတု မမျှတမှုတွေနဲ့အတူ လေထုဆိုင်ရာ မိုးလေဝသနဲ့ ရာသီဥတုသဘာဝဘေး (Natural hazards) များ ဖိုးပြီးအဖြစ်များလာနေတာတွေ့ရပါတယ်။ သဘာဝဘေးတွေက ဒေသမရွေး၊ အ ချိန်မရွေး ဖြစ်ပေါ်နိုင်တာမို့ ရင်ဆိုင်ခုခံနိုင်စွမ်း နည်းပါးရင် သဘာဝဘေးအွန္တရာယ် (Natural Disaster) ဆိုတာဖြစ်လာပါတယ်။ လူဦးရေနည်းပါးပြီး ဖွံ့ဖြိုးမှုနည်းတဲ့ ဒေသတွေမှာ သဘာဝဘေးတွေဖြစ်ပေါ်ရင် ဆုံးရှုံးနိုင်ခြေများသလို ဖွံ့ဖြိုးတိုးတက်ပြီး လူဦးရေများတဲ့ မြို့ပြဒေသတွေမှာအင် အားပြင်းတဲ့ သဘာဝဘေးဖြစ်တဲ့အခါ ထိခိုက်ဆုံးရှုံးမှု ပိုများတတ်ပါတယ်။ မြို့တော်ကြီးတွေ ဘေးဒဏ်ခုခံနိုင် စွမ်းပိုမြင့်မားစေဖို့ အထောက်အကူပြုနိုင်စေမယ့် လုပ် ငန်းစဉ်နည်းလမ်းအချို့ကို ဆွေးနွေးတင်ပြလိုက်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ (၅၀%) လောက်က မြို့ပြဒေသတွေ မှာ နေထိုင်လျက်ရှိပြီး ၂၀၅၀ ခုနှစ်လောက်မှာတော့ (၆၆%) လောက်အထိ တိုးလာနိုင်ခြေရှိတယ်လို့မျှော် မှန်းထားကြပါတယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦး တည်စဉ်းစားကြပေမယ့်လည်း အလျင်အမြန် တိုးတက် ဖွံ့ဖြိုးလာနေတဲ့ မြို့ပြတွေအတွက် ဘေးဒဏ်ခံနိုင်ခြေ တွေလည်း သိသိသာသာ တိုးမြင့်လာနေတာကိုမေ့လျော့ နေတတ်ကြပါတယ်။ မြို့ပြတွေရဲ့ ဖွံ့ဖြိုးမှုအသွင်သဏ္ဌာန် စရိုက်လက္ခဏာတွေ၊ မြို့တော်သူ/ မြို့တော်သားတို့ရဲ့ လူမှု၊ စီးပွားဆုံးရှုံးနိုင်ခြေ၊ အဖွဲ့အစည်းများအလိုက် စွမ်း ဆောင်ရည် လိုအပ်ချက်များ မလုံလောက်မှုနဲ့ ပတ်ဝန်း ကျင်ဆိုင်ရာ စိန်ခေါ်မှုတွေက ဘေးအွန္တရာယ် ထိခိုက်မှုရဲ့ အဓိကအချက်တွေဖြစ်ပါတယ်။

သဘာဝဘေးဒက် ခုခံနိုင်စွမ်းရှိတဲ့ မြို့တော်ဆိုတာ...။

အပျက်အစီးများစေတဲ့ မုနိတိုင်းကြီးများ ဖြတ်ကျော် တိုက်ခိုက်နိုင်ခြင်း၊ အချိန်ကြာမြင့်စွာ မိုးသည်းထန်ခြင်း ကြောင့် နေကက်ဆက်တွဲ ရေကြီးမှုများ၊ ဆူနာမီရေလှိုင်း များ၊ အင်အားပြင်းငလျင်လှုပ်ရှားမှုတွေကြောင့် မြို့ပြ ဒေသအပါအဝင် ဒေသအနှံ့အပြား ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်တတ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ အားပြုနေတုန်း သဘာဝဘေးဒဏ်ကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ အရှိန်လျော့ ကျစေတတ်ပါတယ်။ သဘာဝဘေးအွန္တရာယ် ခုခံနိုင် စွမ်းရှိတဲ့ မြို့ တော်ဖြစ်ဖို့ဆိုရင်၊ သဘာဝဘေးဒဏ်ခံရနိုင်မှု လျော့ပါးရေး စီမံခန့်ခွဲမှု လုပ်ငန်းတွေမှာ ထိရောက်တဲ့ဦး ဆောင်ဦးရွက်မှု၊ ညှိနှိုင်းပေါင်းစပ်ပေးနိုင်မှု၊ တာဝန်ယူနိုင် မှု၊ အဖွဲ့အစည်းများစွာ ပူးပေါင်းပါဝင်နိုင်မှု ကောင်းမွန်စွာ သတ်မှတ်ထားတဲ့ မူဝါဒနဲ့ မဟာဗျူဟာတွေ၊ တာဝန်ခွဲ ဝေမှုတွေ၊ ထိရောက်မှုရှိပြီး လျင်မြန်စွာ ဆက်သွယ်နိုင် မယ့် စနစ်တွေကို ရှင်းလင်းစွာ သတ်မှတ်ထားရပါမယ်လို့ United Nations Office for Disaster Risk Reduction (UNISDR) အဖွဲ့မှ အကြံပြုထားတာတွေ့ရပါတယ်။ ဒါ့အပြင် မြို့တော်ကြီးမှာ သဘာဝဘေးဆိုင်ရာသတင်းအ ချက်အလက်နဲ့ ဗဟုသုတတွေလည်း အမြဲရရှိနေဖို့လို တယ်၊ ဘေးဒက်ခုခံနိုင်စွမ်းမြင့်တင်စေမယ့် လက်ရှိ ဆောင်ရွက်ချက်များနဲ့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်မှုတွေပါဝင်တဲ့ ရေရှည်ဖွံ့ဖြိုးရေး စီမံကိန်းတွေနဲ့ အတူ ဘေးအွန္တရာယ်ထိခိုက်နိုင်ခြေ အကဲဖြတ် ဆန်းစစ် ချက်တွေကိုလည်း ပုံမှန်ဆောင်ရွက်နေဖို့ ပါဝင်ပါတယ်။ ဘေးဒက်ခုခံနိုင်စွမ်းမြင့်တင်စေမယ့် လုပ်ငန်းတွေအ တွက် လုံလောက်တဲ့ ဘဏ္ဍာရေး စီမံကိန်းများ၊ထိခိုက်ရှရှိ နိုင်မှု အများဆုံးရှိနိုင်မယ့် ဝန်းကျင်ကို ဦးတည်ထားပြီး နောက်ဆုံးကောက်ယူ ရရှိထားတဲ့ ဘေးကျရောက်နိုင်မှု အချက်အလက်များကို အခြေခံထားတဲ့ မြို့ပြစီမံကိန်း တွေ၊ မြို့ပြမှာရှိနေတဲ့ သဘာဝပတ်ဝန်းကျင် ဂေဟစနစ် တွေကိုလည်း အလေးထား ကာကွယ်စောင့်ရှောက်တာ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံး ကျရာတာဝန်များ ကို စွမ်းဆောင်နိုင်ဖို့ လိုအပ်မယ့် စွမ်းဆောင်ရည်များ တိုးတက်ခိုင်မာနေရန် အချက်များကလည်းလိုက်နာ ဆောင်ရွက်သင့်တဲ့ အချက်များဖြစ်ပါတယ်။

ဆောင်ရွက်သင့်တဲ့ လုပ်ငန်းစဉ်များ

မြို့ပြတွေရဲ့ ရေရှည်ဖွံ့ဖြိုးမှု တည်တံ့နေစေရန်နဲ့ သဘာဝဘေးဒက် လျော့ပါးစေဖို့အတွက် UNISDR အဖွဲ့မှ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းစဉ်များကို အောက် ပါအတိုင်း အကြံပြုထားတာတွေ့ရပါတယ်။

(၁) မြို့တော်မှာ ဖြစ်ပေါ်နိုင်တဲ့ သဘာဝဘေးများ ထိထိရောက်ရောက် စီမံခန့်ခွဲဖို့အတွက် ဦးဆောင်သူ၊ ပါဝင် ဆောင်ရွက်ရမည့် အဖွဲ့အစည်းများဖွဲ့စည်းခြင်း။

(၂) ဘေးအွန္တရာယ်အတိုင်းအဆ၊ ပြင်းအား၊ အ ကြိမ်ရေအတွက်၊ ဘေးဒက်ခံရနိုင်မှုများနဲ့အတူ လက်ရှိ အခြေအနေနဲ့ အလားအလာများကို လေ့လာဆန်းစစ် ခြင်း။

(၃)ဘေးဒက်ခုခံနိုင်ရေး လုပ်ငန်စဉ်များအတွက် အထောက်အကူပြုစေမည့် ဘဏ္ဍာငွေအရင်းအမြစ် ဖွံ့ ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း။

(၄) အနာဂါတ်ကာလ ဖွံ့ဖြိုးတိုးတက်မှုနဲ့ စိန်ခေါ်မှု များကို ထည့်သွင်းစဉ်စားထားသည့် ဘေးဒက်ခုခံနိုင်မည့် မြို့ ပြဖွံ့ဖြိုးမှုစီမံကိန်းများ ဆောင်ရွက်ခြင်း။

(၅) ပတ်ဝန်းကျင်ဂေဟစနစ် ထိန်းသိမ်းကာကွယ် စောက်ရှောက်ခြင်း။

(၆) ဘေးဒက်ခုခံနိုင်ရေး လုပ်ငန်းစဉ်များတွင် ပါ ဝင်သည့် အဖွဲ့အစည်းများအားလုံး စွမ်းဆောင်နိုင်မှုများ မြင့်မားစေခြင်း။

(၇) ဘေးဒက်ခုခံနိုင်မည့် လူမှုအဖွဲ့အစည်းဖြစ် ပေါ်စေရေး စွမ်းဆောင်ရည်များတိုးမြှင့်ခြင်း။

(၈) အရေးကြီးအခြေခံ လူမှုအဆောက်အဦများ အား ဘေးဒက်ခုခံနိုင်စွမ်း မြှင့်တင်ခြင်း။

(၉) သဘာဝဘေးအွန္တရာယ် မဖြစ်ပေါ်စေရေးထိထိ ရောက်ရောက် တုန့်ပြန်နိုင်ရန် ဆောင်ရွက်ခြင်း။

(၁၀) သဘာဝဘေးအွန္တရာယ် ပြန်လည်ထူထောင် ရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်း။

နိဂုံး

အထက်ပါ လုပ်ငန်းစဉ်များတွင် အသေးစိတ်ဆောင် ရွက်ရမည့် လုပ်ငန်းများစွာရှိနေပြီးသဘာဝဘေးအွန္တရာယ် ကြိုတင်ကာကွယ်ရေးစနစ်များ တိုးတက်စေခြင်း၊ အရေး ပေါ် တုန့်ပြန်မှု လုပ်ငန်းများဖြင့်တင်ခြင်း၊ သဘာဝဘေး ဆိုင်ရာ အချက်အလက်၊ ကိန်းဂဏန်းများ၊အကဲဖြတ်ချက် များ ကောက်ယူ၊ ပြုစုဆန်းစစ်ခြင်း၊ ကြိုတင်သတိပေး စနစ်များ ပိုမိုအားကောင်းလာစေရန် ခေတ်မီတိုင်းတွာ ရေးပစ္စည်း၊ ကိရိယာများတပ်ဆင်ခြင်း၊ ထိရောက်သော တုန့်ပြန်မှုများနဲ့ ပြန်လည်ထူထောင်မှု လုပ်ငန်းများအထိ ပါဝင်နေသည်ကို တွေ့ရမှာဖြစ်ပါတယ်။ ဓော်ပြပါအချက် များကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပါက အနာဂါတ် တွင် ကြုံတွေ့ရနိုင်မည့် မြို့ပြသဘာဝဘေးဒက်များကို ခုခံနိုင်စွမ်းမြင့် မားပြီး ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ ဦး တည်လျှောက်လှမ်းနိုင်ပါတယ်လို့ ယုံကြည်မိပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ကျော်လွင်ဦး (မိုး/ဂလ)

ရှမ်း၊ မွန်၊ ရန်ကုန်နှင့် စစ်ကိုင်းတိုင်းတို့မှ ကံထူးသူများအား တယ်လီနောက အထူးဆုများ လွှဲပြောင်းပေးအပ်

တယ်လီနောသုံးစွဲသူများအတွက် ပြန်လည်တုံ့ပြန် ကျေးဇူးပြုသည့် အစီစဉ်အရ KIA Optima 2018 ဒိန်ခံမော်တော်ယာဉ်များကို ကံထူးသူများအား ရန်ကုန် မြို့ရှိ KIA ကားအရောင်းပြခန်းတွင် အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ကြောင်းသိရသည်။

"ကံထူးပိုင်ဆိုင်ခွင့်ရသူတွေအနေနဲ့ အောင်မြင်ပျော် ရွှင်တဲ့ ဒိတ်ခံစားမှုတွေနဲ့ နှစ်သစ်ကို စတင်ရတဲ့အတွက် တယ်လီနောက ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ တ ကယ်တော့ တယ်လီနောသုံးစွဲသူအားလုံးက ဈေးနှန်း သက်သာအဆင်ပြေတဲ့ ဒေတာဝန်ဆောင်မှုတွေနဲ့ ဖုန်း ဝန်ဆောင်မှုတွေကို အသုံးပြုပြီး နေစဉ်ကံထူးနေကြရတာ ပါ။ ဒီလိုစွဲမက်စရာကောင်းပြီး ပျော်စရာ အစီအစဉ်မျိုး မှာ ဝင်ရောက်ဆင်နွှဲပြီး ကံစမ်းကြတဲ့ တယ်လီနော သုံးစွဲ သူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ သုံးစွဲသူတွေ ဆီကို အကောင်းဆုံးဝန်ဆောင်မှုတွေ ဆက်လက်ပေး အပ်သွားမှာဖြစ်သလို အခုလိုကျေးဇူးတုံ့ပြန်တဲ့ အစီအ စဉ်မျိုးတွေကိုလည်း လာမယ့်ကာလတွေမှာ ဆက်လက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု တယ်လီနောမှ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Joslin Myrsthong က ပြောကြားသည်။

အဆိုပါကံစမ်းမဲအစီအစဉ်ကို နိုဝင်ဘာလကုန်ပိုင်း တွင် တယ်လီနောက စတင်ခဲ့ပြီး ဒွေကျပ် သန်း ၃၀၀ ကျော်တန်ဖိုးရှိသည့် ဆုပစ္စည်းများကို ရွေးချယ်ကြေညာ ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း နိုဝင်ဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာ ၁၉ ရက်နေ့အတွင်း ဆမ်ဆောင်းဂလက်ဆီ Note 8 အမျိုးအစား ဖုန်းဟမ်းဆက်များကို နေ့စဉ်ရွေး ချယ် ပေးအပ်ခဲ့ပြီး KIA Optima 2018 ဒိန်ခံမော်တော် ယာဉ် ကံထူးသူများကိုလည်း အပတ်စဉ်ရွေးချယ် ကြေ ညာပေးခဲ့ကြောင်း ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ဆုရွေးချယ်ရေး လုပ်ငန်းစဉ်ကို Biz Law Consult Myanmar Co. Ltd က စောင့်ကြည့်ကြီးကြပ်ခဲ့သည်။

အထူးဆုဖြစ်သည့် မော်တော်ယာဉ်များကို ရှမ်းပြည် နယ် မူဆယ်မြို့မှ ဦးစိုင်းအေးမောင်၊ ရန်ကုန်တိုင်းဒေသ ကြီး ကျောင်းမြောင်းမှ ဒေါ်သက်သက်လွင်၊ မွန်ပြည်နယ် ရေးမြို့မှ ဒေါ်ခင်မာချိုနှင့် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့မှ ဦးမျိုးဌေးဦးတို့ ကံထူးခဲ့ကြခြင်းဖြစ်ပြီး စမတ်ဟန်းဆက် များကိုလည်း ကချင်၊ ကရင်၊ ချင်းနှင့် ရှမ်းပြည်နယ်၊ ရန် ကုန်၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ဝဲခူး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တယ်လီနောသုံးစွဲသူ ၃၀ ဦးက ကံထူးကြောင်းသိရသည်။ ကျော်ကျော်

3G ကွန်ရက် စစ်ကိုင်းတိုင်း နန်းယွန်းမြို့တွင် MPT ကပထမဆုံး ဖြန့်ကျက်နိုင်

MPT ကမြန်မာနိုင်ငံ အနောက်မြောက်ဘက် စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့တွင် ဇန်နဝါရီ ၁၂ ရက်နေ့ကစ၍ 3G အင်တာနက်ကို ပထမဆုံး ချိတ်ဆက် လိုက်ပြီးဖြစ်ကြောင်း သိရသည်။

ယခုသန်ဆောင်မှုကို နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ဖြစ် သည့် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အတွင်း MPT ကစ တင်မိတ်ဆက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ နန်းယွန်းမြို့တွင် ကွန်ရက်အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့ရာ၌ မူလက ပြိုလဲတုံ့အခြေခံ နည်းပညာမှ မိုက်ခရိုဝေ့ဖ် နည်းပညာသို့ ပြောင်းလဲမြှင့်တင်ခဲ့ပြီး အကျယ်ပြန့်ဆုံးနှင့် အမြန်ဆုံးကွန် ရက်ပေါ်တွင် သိသာထင်ရှားသည့် ဒေတာအမြန်နှုန်းနှင့် ပိုမိုကောင်းမွန်သော ဖုန်းဆေါ်ဆိုမှု အရည်အသွေးများကို ထောက်ပံ့ပေးအပ်သွားမည်ကိုလည်း သိရသည်။ ယခုကဲ့ သို့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာရှိသည့် နန်းယွန်းမြို့တွင် အခက်အခဲများကို ကျော်ဖြတ်သွားကာ အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်သည့်အတွက် များစွာဂုဏ်ယူမိကြောင်း MPT-KSGM ၏ နည်းပညာဌာ နအကာရှိချုပ်ဖြစ်သူ Mr.Noboru Edagawa ကနည်းပ ညာဆိုင်ရာ အခက်အခဲတွေ၊ ကုန်ကျစရိတ်တွေနဲ့ အခြား အခြေအနေတွေကြောင့် ဒီဒေသမှာနေထိုင်ကြတဲ့ ဒေသ ခံပြည်သူတွေအတွက် အင်တာနက်ချိတ်ဆက်ရရှိစေရေး ဟာ ယခုအချိန်မတိုင်ခင်အထိ စိန်ခေါ်စရာတစ်ခုအဖြစ် ရှိနေခဲ့တာဖြစ်တယ်ဟု Mr Noboru Edagawa ကပြော သည်။

ယခုလို MPT ရဲ့ 3G အင်တာနက်ကွန်ရက် ဝန် ဆောင်မှုကို ချဲ့ထွင်လိုက်ခြင်းက၊ နန်းယွန်းဒေသခံပြည်သူ တွေအတွက် MPT ကလေးနက်တဲ့ ကတိတစ်ရပ်ကို ပေးအပ်လိုက်တာနဲ့ အညီအရေးပါတဲ့သတင်းအချက်အ လက်တွေကို ချိတ်ဆက်လုပ်ဆောင်နိုင်ဖို့ နည်းလမ်းရှာ ဖွေတွေ့ရှိခြင်းလည်းဖြစ်ပြီး၊ နန်းယွန်းဒေသခံပြည်သူ တွေက၊ ယခုခရီးစဉ်မှာ ကျွန်တော်တို့နှင့် အတူလိုက်ပါ ပြီး၊ သတင်းအချက်အလက်တွေကို 3G ကွန်ရက်ပေါ်က နေအတူတကွ၊ ပိုမိုရှာဖွေတွေ့ရှိပြီး အကျိုးကျေးဇူးရရှိစေ မယ်လို့မျှော်လင့်ကြောင်း ထပ်လောင်းပြောကြားကြောင်း လည်းသိရသည်။

လှမျိုး-ဆ-သ-ရ

တယ်လီနောကွန်ရက်အတွင်း စာတိုပေးပို့လက်ခံမှု နှစ်သစ်ကူး ကာလအတွင်း ၂.၂သန်းကျော် အထိစံချိန်တင်ရှိခဲ့

တယ်လီနောမြန်မာကွန်ရက်အတွင်း စာတိုပေးပို့လက်ခံမှုအရေအတွက်သည် စာတိုပေးပို့မှုအမြင့်မားဆုံးအချိန်ကာလဖြစ်သည့် နှစ်သစ်မကူးမီ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလဝ၁ ရက်ညဝ၁နာရီနှင့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့ မနက် ၂နာရီအတွင်းတွင် စာတိုပေးပို့မှုအရေအတွက် ၂.၂သန်းကျော်အထိ စံချိန်တင်ရှိခဲ့ကြောင်း ကုမ္ပဏီ၏အချက်အလက်ဆန်းစစ်မှုတစ်ခုက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ကာလအတွင်းက စာတိုပေးပို့မှုမှာ ၁.၄သန်းကျော်ရှိခဲ့ပြီး ယခုအရေအတွက်မှာ ယခင်ထက် ၁၅၇ % ပိုမိုများ ပြားလာခဲ့ခြင်း ဖြစ်ကြောင်းထိုပြင်နှစ်သစ်မကူးမီ စာတိုပေးပို့မှုအမြင့်မားဆုံးအချိန်ကာလအတွင်းစာတိုပေးပို့မှုနှုန်းမှာ ပုံမှန်နေ့စဉ်ပေးပို့နေကြသည်များထက် ၂၀၈ % ပိုမိုများပြားနေကြောင်းလည်း ယခုအချက်အလက်ဆန်းစစ်မှုကဖော်ပြထားပါသည်။

"မြန်မာနိုင်ငံသူ/သားတွေအနေ နိုင်ငံတကာနှစ်သစ်ကူးအချိန်အခါ ဆင်နွှဲမှုတွေပိုပိုရှိလာနေသလို နှစ်သစ်ကူးအချိန်အခါရောက်လာပြီဆိုရင်လည်း မိသားစုတွေ မိတ်ဆွေသူငယ်ချင်းတွေဆီကို နှစ်သစ်ကူးဆုတောင်းမှုတွေပေးပို့ကြတာ အလေ့အထတစ်ခုဖြစ်လာနေပါပြီ။ နှစ်ကူးအကြိုလူသုံးများတဲ့ အချိန်ကာလအတွင်းမှာ စာတိုပေးပို့မှုနဲ့ဒေတာသုံးစွဲမှုမြင့်မားနေတာက ဒီအချက်ကို သက်သေပြနေတာပါပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အရေးဆန်းစစ်ချက်အရစာတိုပေးပို့မှုဟာ ဆက်သွယ်ရေးကဏ္ဍမှာ အထိရောက်ဆုံးလမ်းကြောင်း တစ်ခုအဖြစ်တည်ရှိနေဆဲဖြစ်ပြီး လာမယ့်နှစ်တွေမှာလည်း အထိရောက်ဦးလမ်းကြောင်းတွေထဲက တစ်ခုအဖြစ် ဆက်လက်ရှိနေအုံးမယ်ဆိုတာကို ဖော်ပြနေတာပါ။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ကွန်ရက်လွှမ်းခြုံမှု အလွန်တိုးတက်ကောင်းမွန်လာနေတာဖြစ်လို့ ဒေတာသုံးစွဲမှုက မြန်မာနိုင်ငံမှာ တစ်နေ့တစ်ခြားများပြားလာနေတာကို ကျွန်တော်တို့တွေကြုံနေကြရပြီးလည်းဖြစ်ပါတယ်။ ၂၀၁၈ခုနှစ်အတွက် တယ်လီနောရဲ့ဦးတည်ချက်ကတော့ သုံးစွဲသူတွေကိုအကောင်းဆုံးသုံးစွဲမှု အတွေ့အကြုံတွေပေးအပ်နိုင်ဖို့ဖြစ်လို့ ကျွန်တော်တို့ရဲ့အသံနဲ့အင်တာနက် ဝန်ဆောင်မှုတွေကိုပိုမိုကောင်းသည်ထက်ကောင်းအောင်ကွန်ရက် အရည်အသွေးမွမ်းမံမှုတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်"ဟုတယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Lars Erik Tellmann ကပြောကြားခဲ့ပါသည်။ တယ်လီနောသည် လက်ရှိအချိန်တွင်မြန်မာနိုင်ငံ၏အကြီးမားအကျယ်ပြန့်ဆုံးသော မိုဘိုင်းကွန်ရက်မှ တစ်ဆင့်သုံးစွဲသူပေါင်း ၁၉သန်းကျော်ကို ဝန်ဆောင်မှုများပေးအပ်လျက်ရှိကြောင်း။ တယ်လီနောမှ၏ကွန်ရက်သည်နေပြည်တော်နှင့်ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ခုစလုံးရှိမြို့နယ်စုစုပေါင်း ၃၃၀၀ လုံးတွင်လွှမ်းခြုံမှုရှိနေပြီး မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၉၀%ခန့်ကိုကွန်ရက်လွှမ်းခြုံထားနိုင်ပြီး ဖြစ်ပြီးတယ်လီနောသည်မြန်မာနိုင်ငံ၏အကျယ်ပြန့်ဆုံး 4Gကွန်ရက်ကို တည်ဆောက်ထားပြီးဖြစ်ကာနိုင်ငံ အနှံ့မှ မြို့ကြီး၅၀ကျော်မှတယ်လီနောသုံးစွဲသူများအတွက် တည်ငြိမ်အဆင့်မြင့်မားသည့် 4G ဒေတာသုံးနိုင်ကြောင်းသိရသည်။

ကျော်ကျော်

အူရီဒူးအရောင်းဆိုင်များနှင့် ကျေးလက်ဒေသအရောင်းဆိုင်များကို ပဲခူးတိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိုးချဲ့ဖွင့်လှစ်

အူရီဒူးကသုံးစွဲသူများအတွက် နေရာတိုင်းတွင် အူရီဒူး၏ ဝန်ဆောင်မှုများကိုရရှိနိုင်အောင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ကိုယ်ပိုင်အမှတ်တံဆိပ် အရောင်းဆိုင်များနှင့် ကျေးလက်ဒေသ အရောင်းဆိုင်များအား ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

အူရီဒူးအမှတ်တံဆိပ် အရောင်းဆိုင်များအားလုံးနှင့် ကျေးလက်ဒေသ အရောင်းဆိုင်များအားလုံးကို နေ့စဉ်ဖွင့်လှစ်ထားပြီး သုံးစွဲသူများအား အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများပေးလျှက်ရှိပါသည်။ အူရီဒူး သုံးစွဲသူများ အနေဖြင့် အူရီဒူးအရောင်းများ၌ ဆင်းကတ်များဝယ်ယူခြင်း၊ ဆင်းကတ်မှတ်ပုံတင်ခြင်း၊ ဆင်းကတ်ပိုင်ဆိုင်သူ အမည်ပြောင်းခြင်း၊ ကတ်ပျက်စီးခြင်းနှင့် ကတ်ပျောက်ခြင်းအတွက် ပြန်လည်အစားထိုး လဲလှယ်ပေးခြင်း၊ ဖုန်းငွေဖြည့်ကတ်များရောင်းချခြင်းနှင့် ဖုန်းငွေဖြည့်ကတ်ပျက်စီးသွားပါက ပြန်လည်လဲလှယ်ပေးခြင်း၊ မိုဘိုင်းဖုန်း၊ ဟန်းဆက်များနှင့် အပိုပစ္စည်းများရောင်းချခြင်းနှင့် အခြားထပ်ဆောင်းဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးရှိ အူရီဒူးအမှတ်တံဆိပ်အရောင်းဆိုင်သည် (၁) ဖိုလ်ချုပ်လမ်း၊ စံတော်ရပ်ကွက်၊ ပြည်၊ (၂) မြို့ဝင်လမ်း၊ ရွှေဒဂီး၊ ဆန်စက်မှုရန်၊ ဒိုက်ဦး၊ (၃) ဒဂုံရွှေမန်းလမ်း၊ ကျောက်တံခါး၊ (၄) ဇေယျာသုခလမ်း၊ ကံလမ်းထောင့်၊ တောင်ငူ၊ (၅) ဖြူးဘုတာရုံအနီး၊ ရန်ကုန် - မန္တလေးအမြန်လမ်းဟောင်း ဖြူး၊ (၆) ဘုရားကြီးလမ်း၊ မြို့မ ၁ရပ်ကွက်၊ ညောင်လေးပင်၊ (၇) ဗီဒီသတ်ရုံ၊ မြေညီထပ်၊ ရန်ကုန်မန္တလေး အမြန်လမ်းဟောင်း စေး၊ ၁ရက်ကွက်၊ မြို့လှ၊ (၈) ပြည်လမ်း၊ သုံးဆယ်၊ (၉) လမ်းမတော်လမ်း၊ မင်းရပ် ရပ်ကွက်၊ လက်ပံတန်း၊ (၁၀) မင်းတန်းလမ်း၊ မင်းလှ၊ (၁၁) အရှေ့ဘုရားကြီးလမ်း ကြီးပင်ကောက်၊ (၁၂) ရန်ကုန်- ပြည်အဝေးပြေးလမ်း သာယာဝတီတို့တွင် လည်းကောင်း။ ကျေးလက်ဒေသ အရောင်းဆိုင် ၁၅ ခုကို ပဲခူးတိုင်းဒေသကြီးတွင် (၁) ဥက္ကာ၊ ကြီးပင်ကောက် (၂) ဂုန်ညင်းသန်း၊ အုပ်ဖိ (၃) အိုးသည်ကုန်း၊ အုတ်ဖို (၄) အင်းတကော်၊ ပဲခူး (၅) တောကျဲအင်း၊ ကျောက်တံခါး၊ (၆) ကဝ၊ (၇) သနပ်ပင် (၈) ကတုတ်ဘုရားကြီး၊ ဝေါ (၉) သဠဂုလ၊ ကဝ၊ (၁၀) ရွှေတောင် (၁၁) ပေါင်းတည်၊ ပြည် (၁၂) ပုတီးကုန်း၊ သဲကုန်း (၁၃) ဖဒိ၊ ကျောက်တံခါး (၁၄) ပြွန်တန်ဆာ၊ ညောင်လေးပင် (၁၅) ရွှေကျင်တို့တွင်လည်းကောင်း ကချင်ပြည်နယ်တွင်လည်း အူရီဒူးအမှတ်တံဆိပ်အရောင်းဆိုင် ၂ဆိုင်နှင့် ကျေးလက်ဒေသအရောင်းဆိုင် ၁ဆိုင်ကို (၁) ရှစ်ဈေးမြောက်ပိုင်း၊ ပိုင်းမော် ကူးတို့ဆိပ်လမ်း၊ မြစ်ကြီးနား၊ (၂) နားခါး၊ (မြောက်)၊ ပြည်ထောင်စုလမ်း၊ မိုးညှင်းနှင့် (၃)သီရိလမ်း၊ မင်းကွန်းရပ်ကွက်၊ ဗန်းမော်မြို့နယ်တို့တွင် ဖွင့်လှစ်ထားသည်။

အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် အူရီဒူးကိုယ်ပိုင်အမှတ်တံဆိပ်အရောင်းဆိုင်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရင်းနှီးဖော်ရွေပြီး သတင်းအချက်အလက်များပေးရန် အသင့်ရှိနေသည့် အူရီဒူးအရောင်းကိုယ်စားလှယ်အဖွဲ့မှ သုံးစွဲသူများအား အူရီဒူး မြန်မာ၏ ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များဆိုင်ရာ စုံစမ်းမေးမြန်းမှုများနှင့် သတင်းအချက်အလက်များနှင့် ပတ်သတ်၍ စုံစမ်းမေးမြန်းမှုများကို ကူညီပံ့ပိုးပေးနိုင်ရန် ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

Samsung မှ ရှေ့ကင်မရာ နှစ်ခုနှင့် Infinity Display ပါသော Galaxy A8 အား မြန်မာနိုင်ငံတွင်မိတ်ဆက်

Samsung Myanmar မှ ရှေ့ကင်မရာ နှစ်ခု၊ ကြီးမားသောဘောင်မဲ့မျက်နှာပြင်နှင့် Samsung ၏ Flag ship စမတ်ဖုန်းများ၏ဒီဇိုင်းအား အခြေခံထားသည် Galaxy A Series ၏ အသစ်ထပ်မံထုတ်လုပ်လိုက်သော မျိုးသက်သစ်စမတ်ဖုန်း Gal axy A8 (2018)အား မြန်မာနိုင်ငံတွင်ဇန်နဝါရီ ၁၈ ရက်က အသစ်ထပ်မံထည့်သွင်းထားသော နေ့စဉ်သုံး လုပ်ဆောင်ချက်များနှင့်အတူ Gal axy A8 (2018)သည်ယခင်ဖုန်းများထက်ပိုၗ် စတိုင်ကျလှပၗ် အသုံးဝင်ရဲသာမက အသုံးပြုရလည်းလွယ်ကူ စေရန် ဇန်တီးထားကြောင်းသိရသည်။

16MP အရည်အသွေးရှိ F1.7 နောက်ကင်မရာနှင့် 16MP+8MP အရည်အသွေးရှိ F1.9 ရှေ့ကင်မရာနှစ်လုံး အားတပ်ဆင်ပေးထားသော်ကြောင့် တောက်ပပြီးကြည်လင်ပြတ်သားသော Selfie ဓာတ်ပုံများ အားရိုက်ယူနိုင်မည်ဖြစ်ကြောင်း A8 တွင်ထည့်သွင်းပေးထားသော ရှေ့ကင်မရာ၂ လုံးအား သုံးစွဲသူများရိုက် ယူလိုသည့် Selfie ဓာတ်ပုံအနေအထားပေါ်မူတည်၍ အနီးကပ်ပုံနှင့် ကြည်လင်တောက်ပ၍မြတ်သားထင် ရှားသော နောက်ခံပါဝင်သည်Porta it ပုံအစရှိသမြှင်ပြောင်းလဲရွေ့ချယ် ရိုက်ယူနိုင်မည်ဖြစ်ပြီး အသစ်ထပ်မံ ထည့်သွင်းထားသည့် Live Focus လုပ်ဆောင်ချက်နှင့်အတူ သုံးစွဲသူများအနေဖြင့် အရည်အသွေးမြင့်ရပ်ပုံများကိုဇန်တီးနိုင်ရန်အတွက် ဓာတ်ပုံရိုက်နေစဉ်ဖြစ်စေ မရိုက်ခင်ဖြစ်စေ bokeh effectကိုလည်း အလွယ်တကူ ချိန်ညှိနိုင်မည်ဖြစ်သည်။ အဆင့်မြင့်တင်ထားသော ကင်မရာအား ထည့်သွင်းပေးထားသောကြောင့် နေ့ရောညပါ အလင်းရောင်အားနည်းသည့်နေရာများတွင် တောက်ပ ကြည်လင်သော ရုပ်ပုံများအားရိုက်ယူနိုင်မည်ဖြစ်သည်။

Galaxy A8 (2018)မိတ်ဆက် မှုနှင့်အတူ ကျွန်တော်တို့ရဲ့ Flag ship ဖုန်းတွေမှာ လူကြိုက်များခဲ့တဲ့ ဘောင်မဲ့မျက်နှာပြင်၊ Live Focus အပြင်ရှေ့ကင်မရာ ၂လုံးအစရိုတဲ့လုပ်ဆောင်ချက်တွေကို ကျွန်တော်တို့ရဲ့သုံးစွဲသူတွေအတွက် အရည်အသွေးမြင့် ဒီဇိုင်းအတွက် Galaxy A8 (2018)မှာထည့်ပေးထားပါတယ် ဟု Samsung Myanmar ၏ Head of IT နှင့် Mobile ကိုဇာနည်ဝင်းထက်မှ ပြောကြားခဲ့သည်။ Galaxy A8 (2018) ကိုပိုမိုကောင်းမွန်တဲ့ရွေးချယ်မှုအတွက် သာမက အသုံးပြုရလွယ်ကူစေဖို့အတွက် ပုံပိုးပေးထားပြီး သုံးစွဲသူတွေ ရဲ့ကိုဇာနည် ဝင်းထက်မှ ဖြည့်စွက်ပြောကြားခဲ့ သည်။

နောက်ဆုံးပေါ် Galaxy A8 (2018)သည်ရှုပ်ရှင်ကြည့်ချိန်နှင့် ဝိမ်းကစားချိန်တို့တွင် သာလွန်ကောင်း မွန်သော မြင်ကွင်းအတွေ့အကြုံကို အပြည့်အဝပေးစွမ်းနိုင်မည်ဖြစ်ပြီး 18:5:9ရှိ infinity Display သည် ဘေးဘောင်များကိုကျော်လွန်အောင်မြင်နိုင်သည့် အလားကြည့်၍ ခံစားစေနိုင်မည်ဖြစ်ပြီး ကြီးမားသော ဖုန်းမျက်နှာပြင်၏ အရှေ့ဘက်နှင့် အနောက်ဘက်အား အကြမ်းခံနိုင်သောမှန်ခုံးဖြင့် ဖုံးအုပ်ကာကွယ်ပေးထားကြောင်း ၎င်း၏ပါးလွှာနိုင်ခဲ့သည့် ဖန်သားမျက်နှာပြင်သတ္တုကိုယ်ထည်နှင့် သက်သောင့်သက်သာကိုင် ဆောင်နိုင်သော အရွယ်အစား ကြောင့် ပိုမိုအဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း Alwa ys on Display လုပ်ဆောင်ချက် ပါဝင်သောကြောင့် သုံးစွဲသူများအား ဖုန်းအားလျော့ခံဖြည်စရာ မလိုဘဲ အချက်အလက်များကို အလွယ်တကူသိရှိနိုင်မည်ဖြစ်သည်။

IP68 စနစ်တွင်ပါဝင်သောကြောင့် Galaxy A8 (2018) သည် ရွှေဒင်္ဂ၊ မိုးဇက်နှင့် ဇန်ဒက်တို့ကို ကာကွယ်နိုင်ပြီး မည်သည့်အခြေအနေ၊ လုပ်ရာမှုအတွက်မဆို ခံနိုင်ရည်ရှိသည့် ဖုန်းတစ်လုံးဖြစ်ပြီ Galaxy A8 (2018)တွင် microSD ထပ်မံထည့်သွင်း၍လည်း 256GB အထိတိုးမြှင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း Galaxy A Series စမတ် ဖုန်းများအနက် Galaxy A8 (20 18)ဖုန်းဝယ်ယူသုံးများသည် လစဉ် ဖုန်းငွေ ဖြည့်ကဒ် ၁၀၀၀၀ကျပ်ဖြည့်သွင်းရုံဖြင့် အင်တာနက်လက်ဆောင် 5GB အားခြောက်လဆက်တိုက်ရရှိ မည်ဖြစ်ကြောင်း Samsung ချစ်သူများအနေဖြင့် Galaxy A8 (2018) စမတ်ဖုန်းသစ် ဇန်နဝါရီလစရက်နေ့မှ ဇန်နဝါရီလ ၁၈ ရက်နေ့အထိ Samsung အရောင်းပြခန်းများတွင် စရန်ငွေ ၃၀၀၀၀ ကျပ်သွင်း၍ ကြိုတင်မှာ ယူနိုင်ပြီး ကြိုတင်မှာယူထားသော Customer များအနေဖြင့် မှာယူခဲ့သည့် Samsung အရောင်းပြခန်းနှင့် ဆိုင်ခန်းများတွင်သွားရောက်ထုတ်ယူနိုင်မည်ဖြစ်သည်။ ကြိုတင်မှာ ယူသူများအား အထူးလက်ဆောင်အဖြစ် Remax M9 preminum Bluetooth Speaker နှင့် Ajex 12000 mAh power bank တို့ကို ရရှိမည်ဖြစ်သည်။

Samsung Galaxy A8 (2018) အားအနက်ရောင်နှင့် ရွှေရောင် အရောင်နှစ်မျိုး ရွေးချယ်နိုင်မည်ဖြစ်ပြီးဈေးနှုန်းအနေဖြင့် မြန်မာကျပ်ငွေ ၆၁၅၀၀၀ကျပ်ဖြင့် ဝယ်ယူကြောင်းသိရသည်။

ကျော်ကျော်

မြန်မာနိုင်ငံအာမခံ အသင်းရုံးခန်းဖွင့်

မြန်မာနိုင်ငံတွင် အာမခံဈေး ကွက်ကျယ်ပြန့်လာစေရန်၊ အာမခံအကြောင်းကို ပြည်သူလူထုအတွင်း စိတ်ဝင်ပျံ့နှံ့စေပြီး အာမခံအကာအကွယ်ရယူလိုလည့် အလေ့အထဖြစ် ပေါ်စေရန်နှင့် အာမခံအပေါ်ယုံကြည်အားထား လာစေရန်အတွက် စည်းရုံးဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံအာမခံအသင်း ရုံးဖွင့်ပွဲ အခမ်းအနားကိုဇန်နဝါရီ (၁၅)ရက်၊ နံနက်စနာရီ၌တွင်ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ Strand Square တွင်ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံအာမခံလုပ် ငန်းကြီးကြပ်ရေးအဖွဲ့ဝင် ဦးဝင်းမြင့်ဟန်၊ မြန်မာနိုင်ငံအာမခံအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌမ ဖေကြီးဖြတ်ဖွင့်လှစ်ပေး၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းမှ အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံအာမခံအသင်း ဥက္ကဋ္ဌမှ ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

အခမ်းအနား ဒုတိယဝိုင်းအစီအစဉ်အရ မြန်မာနိုင်ငံအာမခံအသင်း နှင့် နိုင်ငံခြားအာမခံသင်တန်းကျောင်းများအကြား နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးခြင်းကို ဆောင်ရွက်ရာနိုင်ငံခြား အာမခံသင်တန်းများဖြစ်သော General Insurance Association of Japan (GIAJ) Insurance Institute of India (III),Malaysia Insurance Inst itute (MII),The Australian and New Zealand Institute of Insurance & Finance(ANZIIF) တို့ဖြင့် MoUလက်မှတ်ရေးထိုးခဲ့ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံအာမခံအသင်းတွင် အသင်းဝင်များအဖြစ် Internation al Kanbawza(IKBZ)၊ Citizen Business Insurance (CBI)၊ Aung Thitsa Oo Insurance၊ Aung Myint Moh Min Insurance ၊ Ayeyar Myanmar Insurance (AMI)၊ Global World Insurance (GWI)၊ Young Insurance၊ G rand Guardiam Insurance(G GI)၊ First National Insurance (FNI)၊ Excellent Fortune Insurance (EFI)၊ Capital Life Insurance စသည့်ပုဂ္ဂလိကအာမခံကုမ္ပဏီ(၁၁)ခုနှင့် နိုင်ငံပိုင်မြန်မာ့ အာမခံလုပ်ငန်းအပါအဝင် စုစုပေါင်း (၁၂)ခုတို့ဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်းသိရသည်။

ကျော်ကျော်

မြောက်ဦးကို ကမ္ဘာယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နိုင်ရေး အဖွဲ့ ၁၄ ဖွဲ့ဖြင့်ဆောင်ရွက်နေ

ရခိုင်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်တစ်ခုဖြစ်သည့် မြောက်ဦးမြို့ကို ကမ္ဘာယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် အဖွဲ့ ၁၃ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းကို မြောက်ဦးကမ္ဘာအမွေအနှစ်ဝင်နိုင်ရေးသမိုင်းအထောက်အထားများ ရှာဖွေရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အာနန္ဒဗြဟ္မမင်းကျောက်စာက တစ်ဖွဲ့ပါတယ်။ အာဒီကျောက်စာသာ ကမ္ဘာယဉ်ကျေးမှု အမွေအနှစ်စရင်းကိုပါပြီဆိုရင်အမှတ် ၁၀၀ပေးထားတာမှာ အမှတ် ၆၀ လောက်ရသွားမယ်။ အဖွဲ့ ၁၄ ဖွဲ့ ဖွဲ့ပြီးတင်ပြကြတယ်။ အချို့အဖွဲ့ဆိုရင်တော်တော်ပြီးနေပြီ လို့သိရသည်။ သမိုင်းအထောက်အထား ရှာဖွေရေးအဖွဲ့က လည်း ပညာရှင်ဌာနထားတယ်လေ။ နောက်ဖြည်းမဲ့ ယဉ်ကျေးမှု တွေကို လည်းသူတို့အဖွဲ့တွေကမှတ်တမ်းတင်တာတွေလုပ်နေကြတယ်။ အဖွဲ့ ၁၄ ဖွဲ့စလုံးက မိမိတို့ရဲ့ကျရာတာဝန်ကိုမရပ်မနားဆောင်ရွက်နေကြပါတယ်" ဟု ၎င်းကပြောသည်။

မြောက်ဦးမြို့ကို ယဉ်ကျေးမှုအ မွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ဆောင်ရွက်ချက်များကို ၂၀၁၈ခုနှစ်စက်တင်ဘာလတွင် မူကြမ်းတင်သွင်းရမည်ဖြစ်ပြီး မြို့သန့်ရင်းသာယာလှပရေး ကုန်းမြင့်တံတိုင်း များ ဖော်ဆောင်ရေးတို့အပါအဝင်တခြားသောအကြောင်းအရာများ ပါဝင်သည့် အမှတ် ၁၀၀မိုးကိုကမ္ဘာယဉ်ကျေးမှု အမွေအနှစ်အဖွဲ့မှ လာရောက်စစ်ဆေးမည် ဖြစ်ကြောင်းကို မြောက်ဦးကမ္ဘာအမွေအနှစ်ဝင်နိုင်ရေးအဖွဲ့မှတာဝန်ရှိသူဒေါ် ခင်သန်းက ပြောသည်။

မြောက်ဦးမြို့သည် ရခိုင်ဘုရင်တို့၏နောက်ဆုံးထီးနန်းစိုက်ခဲ့ရာ မြို့တော်တစ်ခုဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် ပြည်တွင်း ပြည်ပခရီးသည်အများအပြားလာရောက်လည်ပတ်သည့် မြို့တစ်မြို့လည်းဖြစ်ရာ ကမ္ဘာယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် စတင်လုပ်ဆောင်နေကြခြင်းလည်း ဖြစ်သည်။ T.Z

အနာဂတ်ရန်ကုန်ကို Smart City ဖြစ်စေရန်အတွက် တတ်သိပညာရှင်များပါဝင် ချိတ်ဆက် လုပ်ဆောင်မှသာအောင်မြင်မည် ဟုဆို

အနာဂတ်ရန်ကုန်ကို Smart City ဖြစ်စေရန်အတွက်ကျွမ်းကျင်ပညာရှင်များ၊ တတ်သိပညာရှင်များပါဝင်ချိတ်ဆက် လုပ်ဆောင်နိုင်မှသာ Smart City ကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန၊ ပြည်သူ့ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးများပေါ်မှ ပြည်ထောင်စုအဆင့်မှ အင်တိုက်အားတိုက်ဖြင့် ပေါ်လစီနှင့်ဖွဲ့စည်းပုံကို လုပ်ဆောင်ပေးမှသာ Smart City ဟူသောအဆင့်တစ်ခုကိုတက်လှမ်းနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"Smart City လို့ပြောလိုက်တာနဲ့နည်းပညာတစ်ခုထဲကိုပဲ တန်းမမြင်ဘဲနဲ့အရာအားလုံးကို လှမ်းမြင်မိပါတယ်။ ဘယ်လောက်ထိအစိုးရကနေ ပြည်သူတွေကို ပူးပေါင်းပါဝင်ဖို့တွက် စည်းရုံးလုံးဆော်နိုင်မှ ကဏ္ဍာတွေအများကြီးပါဝင်တယ်လို့ ထင်ပါတယ်။ Smart City ကရန်ကုန်တစ်ခုထဲနဲ့ လုပ်လို့မရပါဘူး။ ကျွန်မတို့နိုင်ငံရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုနဲ့ ဘေးတိုက်ချိတ်ဆွဲရပါတယ်။ တစ်ချို့သောဥပဒေတွေ လုပ်ပိုင်ခွင့်တွေနဲ့ Smart City ဖြစ်အောင်လုပ်ဖို့ဆိုရင် ပြည်ထောင်စုအဆင့်ကနေ ပေါ်လစီတွေချမှတ်ပြီး တိုင်းဒေသကြီးအဆင့်တွေနဲ့ ချိတ်ဆက်ရပါတယ်။ ရန်ကုန်တစ်တိုင်းထဲကရပ်တည်လို့မရပါဘူး။" ဟုဌင်းကပြောသည်။

Smart City ဖြစ်စေရန်ပြည်သူလူထု၏ပူးပေါင်းပါဝင်ဖို့ရန်များစွာလိုအပ်ပြီး ပြည်သူများ၏အသိဉာဏ်ဖွံ့ဖြိုးမှုမှာများစွာ အရေးကြီးကြောင်း ၎င်းကပြောသည်။

ပြည်သူများ၏အသိပညာဖွံ့ဖြိုးလာမှုနှင့်အတူ အစိုးရပိုင်းအနေဖြင့်လည်း အခြေခံအဆောက်အအုံများ ဖြစ်သည့်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးစသည့် အရာများလုပ်ဆောင်ပေးရမည့် ကဏ္ဍများတွေရှိကြောင်းသိရသည်။

ထိုပြင်ယင်းကိစ္စရပ်များကို နည်းပညာအသုံးပြု၍ ဖြေရှင်း၍ရနိုင်သည်ဟူသော အရာတစ်ခုကိုအစိုးရအဖွဲ့ဝင်များကသိမြင်ပြီး ပေါ်လစီများချမှတ်ရာ၌ ယင်းကိစ္စများကို ထည့်သွင်းချမှတ်ရန်လိုကြောင်း ၎င်းကပြောသည်။ ဝေဝေ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မိုးကုတ်နှစ် ၈၀၀ ပြည့်ပွဲ ပြုလုပ်မည်

မိုးကုတ်ဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မိုးကုတ်နှစ် ၈၀၀ပြည့်အခမ်းအနားကို မတ်လ ၂၉ရက်မှ ၃၁ရက်အထိ မိုးကုတ်မြို့ မုံကွင်းတွင်ကျင်းပမည် ဖြစ်ကြောင်း ယင်းပွဲတော်ဖြစ်မြောက် ရေးကော်မတီမှ သိရသည်။

မိုးကုတ်မြို့သည် မန္တလေးမြို့၏ မြောက်ဘက် ၁၂၅မိုင် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၃၈၀၀တွင် တည်ရှိပြီး၊ ပေ ၅၀၀၀ကျော်အမြင့်ရှိ တောင်တန်းများ ဝန်းရံထားပြီး မြန်မာသက္ကရာဇ် ၅၇၉တွင် မိုးကုတ်မြို့ ၌ ပတ္တမြားစတင်တွေ့ရှိသည့်ကာလ စတင်ရေတွက်ပါက ယခုမြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ်တွင် နှစ်စဉ်ပြည့်ပြီဖြစ်ကြောင်း သိရသည်။

မိုးကုတ်မြို့ နှစ် ၈၀ပြည့်အခမ်းအနားသို့ လာရောက်မည့်ခရီးသွားများသည် ဒေသတွင်းရှိ ရှမ်း၊ပလောင်၊ လီဆူ၊ ကေါ်ရခိုး၊တို့၏ ရိုးရာဂေလုများ၊ ကျောက်မျက်တွင်းများနှင့် ဘားနတ် ကျေးရွာရှိ နာမည်ကျော် စစ်သမ္ပိုင်းကို သွားရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ယင်းပွဲ သို့လာရောက်မည့် ဧည့်သည်များအတွက်ဝန်ဆောင်မှုများပေးနိုင်ရန် ဒေသခံလူငယ်များအား ဒေသဆိုင်ရာ အခြေခံဧည့်လမ်းညွှန် သင်တန်းများပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင်ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုး တက်လာစေရန် ရည်ရွယ်ထားကြောင်း၊ ယင်းပွဲတော်ကျင်းပရခြင်းအားဖြင့် နိုင်ငံတကာအပါအဝင် ပြည်တွင်းမှာလည်းခရီးသွားတွေ ခရီးထွက်မည်ဆိုပါက မိုးကုတ် ကလည်းပတ်လို့ ကောင်းတဲ့နေရာဖြစ်လာနိုင်ကြောင်း သိရသည်။

မိုးကုတ်မြို့သည် မြန်မာတင်မက ကမ္ဘာကသိကြတဲ့အတိုင်း ကျောက်မျက်ရတနာထွက်ရှိတဲ့နေရာဖြစ်ကြောင်း၊ ကျောက်မျက်လုပ်ငန်းတင်မကပဲ မိုးကုတ်မှာရှိတဲ့ သဘာဝတောတောင်ရေခမြေတွေနဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ကြောင်း တွေ့ရှိတဲ့အတွက် ပွဲတော်ကိုကျင်းပခြင်း ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါပွဲ တော်မှရရှိသော ရန်ပုံငွေများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ပြီး မိုးကုတ်မြို့တွင်ပြည် တွင်းခရီးသွားများ အများဆုံးတည်းခိုသည့်မိတယ်များ အပါအဝင်ဟိုတယ်ကိုးခုခန့်ရှိကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးအနေဖြင့် မန္တလေး– မိုးကုတ်ယာဉ်လိုင်းငယ် ၁၂ခုရှိပြီး ၁၀ယောက်စီးယာဉ်လိုင်းနှစ်ခုရှိကြောင်း၊ မိုးကုတ်မြို့ကိုသဖန်းပင်ရှာမှစတင်သည်ဟု သမိုင်းကြောင်းများရှိသဖြင့် နှစ် ၈၀ပြည့် အခမ်းအနားတွင် သဖန်းပင်ရှိ ရှေးဟောင်းစေတီကို မြန်လည်မွမ်းမံမည်ဟု အခမ်းအနားကို ဖြစ်မြောက်ရေးကော်မတီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ ပိုးအိမ်

မြန်မာနိုင်ငံ၌ အိန္ဒိယတာတာနှင့်ပေါင်းပြီး လျှပ်စစ်ကားထုတ်မည်

အိန္ဒိယ၏နာမည်ကျော် အကြီးဆုံးမော်တော်ကား ထုတ်လုပ်သည့် တာတာနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်မော်တော်ယာဉ်များထုတ်လုပ်ရန်အတွက် တာတာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှစက်မှုဝန်ကြီးဌာနတို့ ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် TATA Motors အနေဖြင့် ရန်ဂျန်မြို့ ဗိုလ်မင်းရောင်လမ်းတွင် အရောင်းပြခန်းနှင့်ဆားဗစ်စင်တာ ဖွင့်လှစ်ထားကြောင်း ပြီးခဲ့သော ၂၀၁၇ခုနှစ် ဒီဇင်ဘာလကတစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကားစီးရေပေါင်း တစ်သိန်းကျော်ရောင်းချခဲ့ရာ ၂၇ရာခိုင်နှုန်းတိုးတက်မှုရရှိခဲ့ကြောင့် တာတာတရားဝင်သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ဆွေးနွေးရာတွင် တာတာ ဘက်မှ Area Manager ဖြစ်သူMr. Prosenjeet Bala ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံမှ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတို့ တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန က ဇန်နဝါရီ ၁၀ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

TATA Motors Limited နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတွင် Electric Vehicle(EV) များထုတ်လုပ်ရေးနှင့် EV Charging Station များတည်ဆောက်ရေး၊ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရေး၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှု Training Center များထူထောင်ရေးနှင့် TATA Motors Limited မှထုတ်လုပ်သော ယာဉ်အမျိုးမျိုးအတွက် အလုပ်ရုံဆွေးနွေးပွဲများ လာရောက်ဖွင့်လှစ်ရေးတို့အတွက် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအားဆွေးနွေးခဲ့ခြင်းဖြစ်သည်။ T.Z

ဒီတစ်ပတ်မှာတော့ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း တစ်ခုဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ သိရှိစေရန်အတွက် လေဆိပ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအုန်းလွင်နှင့် တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။

ဦးအုန်းလွင်
ဥက္ကဋ္ဌ
လေဆိပ်စီမံခန့်ခွဲမှုကော်မတီ
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

မေး။ ။ဆရာအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ တာဝန်ယူဆောင်ရွက်ပေးနေရတာတွေကို မိတ်ဆက်ပေးပါဦးဆရာ။

ဖြေ။ ။ ကျွန်တော်တို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနက ရန်ကုန်လေဆိပ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပြီးတော့ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးထားပါတယ်။ ကျွန်တော်ရန်ကုန်လေဆိပ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်း ပြည်ပခရီးသည် အဓိကဝင်ထွက်တဲ့ လေဆိပ်ကြီးပါ။ အဲ့ဒီလိုလေဆိပ်ကြီးဖြစ်တာနဲ့ အညီ ဒီလေဆိပ်ရဲ့ Security၊ safety ရော ခရီးသည်တွေဝင်ထွက်တဲ့နေရာမှာ အဆင်ပြေချောမောစေဖို့ကို လေကြောင်းပို့ဆောင်ရေးညွှန် ကြားမှူးဦးစီးဌာနက ညွှန်ကြားချက်တွေနဲ့အညီ ဒီမှာရှိနေတဲ့လုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက် အနီးကပ် ဆောင်ရွက်တာဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလို ဆောင်ရွက်ရလည်းဆိုတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၃.၁၀.၂၀၁၅ ရက်နေ့မှာ Aerodrome Co.Ltd ကို စစေ အဖြစ် သူတို့ကိုလုပ်ငန်းတာဝန်အရပ်ရပ်ကို လုပ်ဆောင်ခွင့်ပေးလိုက်တဲ့အခါကျတော့ ဒီကုမ္ပဏီကဆောင်ရွက်တဲ့နေရာမှာ လေဆိပ်လုပ်ငန်းတွေမှာ လွဲတာမှားတာတွေ ကျန်တာချို့ယွင်းတာတွေ ဖြစ်မှာဆိုးတဲ့အတွက် DCA ကနေ ကျွန်တော့်ကို ဒီမှာအနီးကပ်လေဆိပ်စီမံခန့် ခွဲမှုကော်မတီဥက္ကဋ္ဌအနေနဲ့ တာဝန်ပေးဆောင်ရွက်စေ တာဖြစ်ပါတယ်။

မေး။ ။အခုလိုမျိုး လေဆိပ်စီမံခန့်ခွဲမှု ဆောင်ရွက်တာတွေကိုလည်း ရှင်းပြပေးပါဦးဆရာ။

ဖြေ။ ။ အဓိက ကတော့ လုံခြုံစိတ်ချရမယ့်အပိုင်းနဲ့ ပတ်သက်ပြီးတော့ အရေးကြီးဆုံးကတော့ Air side safety နဲ့ ပတ်သက်ပြီးတော့ ဟိုတုန်းကတော့ ကျွန်တော်တို့ကကိစ္စတစ်ခုဖြစ်သွားတဲ့အချိန် ဒါမှမဟုတ် စစ်ဆေးတဲ့အချိန်မှာတွေ့ရှိချက်တွေ ဘယ်လောက်ဆောင်ရွက်လည်း အနေထားမျိုး DCA အနေနဲ့ လေယာဉ်ကွင်းအဆောက်အအုံတွေ Safetyစစ်တဲ့ဌာနကလာပြီး စစ်ဆေးဆောင် ရွက်ခဲ့တာဖြစ်ပါတယ်။ အခုကျွန်တော်တို့ဆောင်ရွက်တဲ့ နေရာကျတော့ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ နေစဉ်သူတို့ရဲ့ဆောင်ရွက်ချက်တွေသည် သတ်မှတ်ချက် တွေနဲ့ညီရဲ့လား။ ကျွန်တော်တို့ DCA ရဲ့ ညွှန်ကြားချက်တွေနဲ့ ကိုက်ရဲ့လား။ တကယ်လက်တွေ့ကော ဒီမှာအဆင်မပြေတာတွေဖြစ်ရင်လည်း ကျွန်တော်တို့က ချက်ခြင်းအဓိကကြပ်မတ်တာဖြစ်တဲ့အတွက် ပိုပြီးတော့ Safety ဖြစ်လာတဲ့ အနေအထားကောင်းမွန်လာတဲ့ အနေအထားရောက်ရှိလာပါတယ်။ အဲဒီကတော့ ၂၀၁၅မတိုင်ခင်တုန်းက ကျွန်တော်တို့လေဆိပ်က DCAက တိုက်ရိုက်ကွပ်ကဲဆောင်ရွက်တာဖြစ်တဲ့အတွက် ဒါကတော့ အထူးပြောစရာမရှိပါဘူး။ သို့သော် ဒီဘက်နောက်ပိုင်းကျတော့ ၂၀၁၅နောက်ပိုင်းကျတော့ ကုမ္ပဏီကိုပေးလိုက်တာပေါ့။ ကုမ္ပဏီသည်ဒီလုပ်ငန်းအနေနဲ့ အော်ပရေးရှင်းလုပ်ငန်းအနေနဲ့ အကျွမ်းတဝင်ရှိတဲ့ ကုမ္ပဏီတွေ မဟုတ်ဘူး။ အရင်ဘက်ကုမ္ပဏီတွေဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ဒီလိုဆောင်ရွက်တဲ့နေရာမှာ သူတို့အနေနဲ့ အားနည်းချက်တွေရှိခဲ့ပါတယ်။ ဘာတွေရှိလည်းဆိုတော့ အထူးသဖြင့် ကျွန်တော်တို့လေကြောင်းလိုင်းများသည် DCAရဲ့ ကွပ်ကဲမှုကိုနာခံသော်လည်းပဲ ဒီကုမ္ပဏီချင်းဖြစ်လာတဲ့အခါကျတော့ သူလည်း ကုမ္ပဏီ ကိုယ်လည်းကုမ္ပဏီဖြစ်တဲ့အခါ နည်းနည်းလေးလိုက်နာဆောင်ရွက်မှု အားနည်းတာတွေဖြစ်ပေါ် လာပါတယ်။ အခုကာလည်း ကုမ္ပဏီအနေနဲ့ လေဆိပ်ဆိုင်ရာ Safetyနဲ့ပတ်သက်ပြီးတော့ သူတို့မြင်လာကြတာ နည်းနည်းအား နည်းလာတယ်။ အဓိကကတော့ အတွေ့အကြုံနည်းတဲ့ အခါကျတော့ကွပ်လပ်ဖြည်ပေးတဲ့အနေနဲ့ ညွှန်ကြားချက်နဲ့အညီ ဖြစ်ဖို့အတွက်အနီးကပ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအချိန်အထိ Safety ပိုင်းဆိုင်ရာတွေ တစ်စုံတစ်ရာ ကျွန်တော်တို့မဖြစ်ပေါ်တာဖြစ်ပါတယ်။ အပြင်ဘက် (Land Side)မှာ ဖြစ်တဲ့အနေအထားတွေကတော့ ဘယ်အချိန်မဆိုဖြစ်မယ့်အနေအထားတွေဖြစ်ပါ တယ်။

မေး။ ။ဒီလေဆိပ်ကြီးရဲ့ လေယာဉ်ဆင်းသက်တဲ့ အခေါက်ရေနဲ့ ခရီးသည်ရရှိမှုအနေအထားကိုလည်းသိ ချင်ပါတယ်ဆရာ။

ဖြေ။ ။ပြည်တွင်းနဲ့ပြည်ပကတော့ အခေါက်အရေနဲ့ပြောမယ်ဆိုမကွာဘူး။ ပြည်တွင်းကဆင်းသက်တဲ့ အကြိမ်အရေသည် (၅၀)ကနေ (၆၀)ကတော့ နေ့စဉ်လေယာဉ် ဆင်းတဲ့အကြိမ်အရေဖြစ်တယ်။ ထိုအတူ ပြည်ပကလည်း ၅၀ကနေ ၆၀အတွင်း လောက်ရှိတယ်။ သို့သော်လည်းပဲ ပြည်ပကနေခရီးသည်ပို့တင်နိုင်တယ်။ ဒါမျိုး တွေသယ်နိုင်တဲ့အခါကျတော့ ခရီးသည်ပျမ်းမျှတစ်နေ့ကို တစ်သောင်းဝန်းကျင်ရှိတယ်။ ပြည်တွင်းလေကြောင်းလိုင်းတွေကတော့ ငါးထောင်ခြောက်ထောင်အဝင်အထွက်အနေအထားဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့လေဆိပ်ရဲ့အနေအထားကိုပြောရရင် တစ်သောင်းခြောက်ထောင်၊ တစ်သောင်းခုနစ်ထောင်လောက်ဝင် ထွက်နေတယ်။ ဒီနှစ် ၂၀၁၇ အနေနဲ့ပြောရရင်တော့ ဒီ နှစ်မှာခရီးသည်အနေနဲ့ ငါးသန်းခွဲလောက် ဝင်ခဲ့တဲ့အနေအထားပါ။ ခြောက်သန်းတော့မပြည့်ခဲ့ပါဘူး။ ၂၀၁၇ မှာ က ခရီးသည်နည်းတဲ့အချိန်မှာ ၁၂၀၀၀နဲ့. ၁၃၀၀၀ နေ့စဉ်ရှိတယ်။ များတဲ့အချိန်မှာ ၁၇၀၀၀၊ ၁၈၀၀၀လောက် နေ့စဉ်ရှိပါတယ်။ ဒီနှစ်မှာ နည်းနည်းထူးခြားတာကတော့ တကယ်ဆိုရင် ၂၀၁၆တုန်းကလည်း ကျွန်တော်တို့က ခရီးသည် ၅သန်းခွဲလောက်ရှိတယ်။ ဒီနှစ်မှာလည်း ခရီးသည်ဘာကြောင့် တိုးတာနည်းတာလည်းဆိုတော့ အထူးသဖြင့် အနောက်ဘက်မှာဖြစ်ပေါ်ခဲ့တဲ့ အနေအထားအရ ပြည်ပခရီးသည်တွေ ဝင်တာနည်းနည်းသွားပါတယ်။ လာမည့်နှစ်ဆိုရင် ကျွန်တော်ထင်ပါတယ်။ ၆သန်းကျော်သွားမယ့် အနေအထားဖြစ်ပါတယ်။

မေး။ ။အခုရောက်ရှိတဲ့ ၂၀၁၈ ခုနှစ်အတွက် ဆရာတို့ရဲ့ ခရီးသည်ရရှိမှုကရော တိုးလာနိုင်မလားဆိုတာကိုလည်း သုံးသပ်ပေးပါဦးရှင်။

ဖြေ။ ။ ၂၀၁၈ရဲ့ ဧပြီမှန်းချက်ကတော့ နိုင်ငံရဲ့အနေအထားနိုင်ငံရေးအခြေအနေ တခြားအခြေအနေသာ ပုံမှန်ဖြစ်သွားမယ်ဆိုရင်တော့ တိုးလာမယ်လို့ ရှေ့မှန်းထားပါတယ်။ နောက်တစ်ခုက လေဆိပ်ရဲလက်ရှိအနေအထားက အားနည်းနေတယ်။ အထူးသဖြင့် ပြည်တွင်းလေယာဉ်တွေ အများစုက ဒီမှာပဲသုံးအိပ်ကြတာကို။။ ထပ်ချဲ့နိုင်ဖို့အတွက်တွေလုပ်နေတယ်။ ဒါတွေကို သာ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မယ်ဆိုရင် ဒီထက်လေယာဉ်ဆင်းတဲ့ကြိမ်လည်း တိုးလာမယ်။ ခရီးသည်လည်း ဒီထက်များလာမယ်။ ထိုအတူ ဟိုတယ်နှင့် ခရီးသွားလမ်းကြီးဌာနကလည်း ခရီးသည်ရရှိရေးအတွက် ဆောင်ရွက်နေတဲ့ဟာတွေ ကျွန်တော်တို့ မှားပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုအတူဆင်းလုံးဂှားလေယာဉ်တွေ ဒီမှာဝင်ရောက်မထွက်တဲ့အချိန်မှာပိုပြီးအဆင်ပြေအောင် လုပ်ပေးရတာတွေရှိတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ခရီးသည်တွေစစ်တမ်းကောက်ယူပြီး သူတို့ရဲ့လိုအပ်ချက်တွေ ဘာတွေလုပ်ပေးရမလဲဆိုတာတွေ ကျွန်တော်တို့ ကော်မတီဘက် က အပြည့်အဝ ပူးပေါင်းဆောင်ရွက်တာတွေ ရှိပါတယ်။

မေး။ ။ဟုတ်တဲ့ပါဆရာ။ ဆရာတို့တွေဒီလိုမျိုး ခရီးသည်တွေရဲ့ လိုအပ်ချက်တွေကိုစစ်တမ်းကောက်ယူတဲ့ နေရာမှာတွေ့ရှိရတဲ့အချက်တွေကိုလည်း သိချင်ပါတယ်ရှင်။

ဖြေ။ ။အဓိက ကတော့ ရန်ကုန်လေဆိပ်ကိုဝင်လာပြီဆိုရင် ချောချောမွေ့မွေ့နဲ့စစ်ဆေးတဲ့အပိုင်းတွေသည် အချိန် မကြာပဲ ထွက်သွားချင်တာဖြစ်တယ်။ ဒီဟာကို ကျွန်တော်တို့ရဲ့ အကောက်ခွန်စစ်ဆေးတဲ့အပိုင်းတွေ တခြားလေကြောင်းလိုင်းတွေရဲ့ ဝန်ဆောင်မှုအပိုင်းတွေ ပိုပြီးချောမွေ့မြန်ဆန်အောင် ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပေးနေရတာ။ တကယ်လို့ စစ်ဆေးတဲ့အပိုင်းတွေဝင်တဲ့နေရာ အပိုင်းတွေမှာ ဥပမာဝင်လာလို့ရှိရင် အကြောကြီးတန်းစီ နေရတာမဖြစ်အောင် အကောက်ခွန်စစ်တဲ့ အချိန်မှာလည်း အထူးသဖြင့် စက်ပစ္စည်းကိရိယာများကိုသုံးနိုင်ခြင်းအားဖြင့် ပိုပြီးမြန်မြန်ဆန်ဆန်ဖြစ်အောင် ဒါမျိုးတွေကို ကျွန်တော်တို့က အော်ပရေတာနဲ့လုံခြုံရေးစစ်ဆေးတဲ့သူတွေနဲ့ အကောက်ခွန် အဓိက ကတော့ ပေါင်းစပ်ညှိနှိုင်းပေးနေတာ။ လေဆိပ်ရဲ့အော်ပရေးရှင်းက ပိုမိုချောမွေ့အောင် ဟိုတယ်ခရီးက ဒါကိုလည်းပိုလိုလားတယ်။ ကျွန်တော်တို့ မူလတာဝန်ကလည်း ဒီတာဝန်ပဲဖြစ်တယ်။ ကျွန်တော်တို့ဘက်ကလည်း ပူးပေါင်းဆောင်ရွက်တဲ့အနေအထားပါ။

မေး။ ။ဆရာက လေဆိပ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်နေတာဆိုတော့ အခြားနိုင်ငံတကာလေဆိပ်တွေနဲ့ ဒီလေဆိပ်ကြီးနဲ့ ကွာခြားချက်တွေကိုလည်းသုံးသပ်ပေးပါဦးဆရာ။

ဖြေ။ ။နိုင်ငံတကာလေဆိပ်တွေနဲ့ ကျွန်တော်တို့လေဆိပ် နဲ့က စစ်ဆေးကြပ်မတ်တဲ့အပိုင်းတွေမှာ သိပ်မကွာဘူး။ ဘာတွေကွာလည်းဆိုတော့ သူတို့ဘက်ကစက်ပစ္စည်းကိရိယာသုံးစွဲမှုအပိုင်းတွေကွာပါတယ်။ ကျွန်တော်တို့ထက် ပိုပြီးပြည့်စုံတယ်။ နောက်တစ်ခုက စည်းမျဉ်းသတ်မှတ်ထားမှုအပိုင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့အနေအထားအရကျွန်တော်တို့ Yu Securityမှာ နည်းနည်းလေးပိုပြီးအ လေးထားနေရတဲ့ အပိုင်းတွေရှိတယ်။ ဒီလိုရှိတဲ့အခါကျတော့ ဥပမာအားဖြင့် ခရီးသည်တစ်ယောက် ဝင်လာပြီဆို ပြည့်ရာဝှေးအပိုင်းတွေအများကြီးရှိတယ်။ တချို့နိုင်ငံတွေမှာဆိုလို့ရှိရင် သူတို့ကိုမှာက တစ်ကြောင်းနှစ်ကြောင်းလောက် ပဲရှိတော့တယ် မပြည့်ရသလောက်ဖြစ်သွားတယ်။ ကျွန်တော်တို့ရှိမှာက ဒီဟာလေးတွေရှိပါတယ်။ တကယ်လို့သာဒီထက်ပိုပြီး IT ပိုင်းကျွန်တော်တို့ဘက်က ပြည့်ပြည့်စုံစုံလေးလုပ်မယ်ဆိုပိုကောင်းပါတယ်။

ဟုတ်တဲ့ပါဆရာ။ ။အခုလိုမျိုး လေဆိပ်စီမံခန့်ခွဲမှုအပိုင်းနဲ့ ပတ်သက်ပြီး ပြည်ပပြည့်စုံစုံရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာ။

နောက်တစ်ပတ်မှာတော့ အမျိုးသားဖြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးရဲထွန်းအောင်နှင့်တွေ့ဆုံကာ လေဆိပ်ဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်၍ မေးမြန်းဆက်လက်ဖော်ပြပေး သွားပါမည်။

သတင်းအဖွဲ့

မမ ရေနွေးငွေ့စက်ခေါင်း(steam) အားမြတ်နိုးကြသူများစီးလုံး ဗျားပြီးအလှ၊ သဘာဝရှုခင်းများ ဓာတ်ပုံရိုက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားရှိရေနွေးငွေ့စက်ခေါင်း(Steam Loco)များ ကိုမြတ်နိုးကြသည့် နိုင်ငံခြားသားဓာတ်ပုံပညာရှင်များက စီးလုံးဌာနရမ်းပြီး ဇန်နဝါရီ ရက်မှ၁၅ရက်အထိရက်တိုင်း ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင်အလှ၊ သဘာဝ၊ ရွာခင်းများ လိုက်လံရိုက်ခဲ့ကြောင်း သိရသည်။

ဆွစ်ဇာလန်အခြေစိုက် For Ra il Towns Club နှင့် Pleasant Myanmar Tour တို့ပူးပေါင်းကာ မြန်မာ့မီးရထား ပဲခူးစက်ခေါင်းမှ ရေနွေးငွေ့စက်ဌာနရမ်းပြီး ရုရှား၊ ဂျာမဏီ၊ နယ်သာလန်၊ ဩစတေးလျှ၊ ဂျပန်၊ ဆွစ်ဇာလန်၊ ဘယ်ဂျီယန်၊ အိုင်ယာလန် နိုင်ငံတို့မှဓာတ်ပုံပညာရှင် (၄၂)ဦးအား ပျဉ်းမနား- ကန်သာ၊ ပျဉ်းမနား- ဇလာ၊ ရေနွေးငွေစက်ခေါင်း YD 967ဖြင့် ပဲခူး- မုပွလင်၊ စက္ကအဆန်ရထားနှင့်ပြောင်းချိတ်ကာ လူစီး ဇလာကယ်ရထားအား မုပွလင်- မုတ္တမအသွားဓာတ်ပုံရိုက်ခြင်း၊ မုတ္တမစက်ခေါင်းရုံတွင် Turn Table လှည့်ပြီးစက်ရုံအတွင်း ဓာတ်ပုံရိုက်ခြင်း၊ မုတ္တမ- ဇင်းကျိုက်လမ်းပိုင်း၊ ဇင်းကျိုက်- သထုံလမ်းပိုင်းကျောက်ရထားဖြင့် အလှ၊ သဘာဝများ ဓာတ်ပုံရိုက်ခြင်း၊ သထုံ- ကျိုက်ထိုလမ်းပိုင်း ရွာခင်းများ၊ ကျိုက်ထို- ပဲခူးလမ်းပိုင်းတစ်လျှောက်၊ ပဲခူးဘူတာ အဝင- အထွက်၊ ပဲခူး- ဘုရားကြီးလမ်းပိုင်း အသွား- အပြန်၊ ဘုရားကြီးနောက်ခံထားပြီး လူစီးရထားအသွင်ဖြင့် YC 629 စက်ခေါင်းပြောင်းသုံးကာ ဓာတ် ပုံရိုက်ခဲ့ကြကြောင်းသိရသည်။

Pleasant Myanmar Tourအနေနဲ့ ၂၀၁၇ခုနှစ်ဇန်နဝါရီလက တစ်ကြိမ်၊ ၂၀၁၇ခုနှစ် အောက်တိုဘာလက တစ်ကြိမ်၊ ယခု ၂၀၁၈ခုနှစ်ဇန်နဝါရီ ရက်မှ ၁၅ ဂုက်ထိတစ်ကြိမ်၊ ပေါင်းခုကြိမ်တိုင် ရေနွေးငွေ့ရထားဖြင့်အလှ၊ သဘာဝများလေ့လာ ဓာတ်ပုံရိုက်ခဲ့ကြောင်း။ ဓာတ်ပုံရိုက်သူများတွင် လူလတ်တန်းစားများ၊အင်ဂျင်နီယာများ၊ ရေနွေးငွေ့စက်ခေါင်းကို တကယ်စိတ်ဝင်စားသူများ အများဆုံးပါဝင်ကြောင်း အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်မြင့်က ပြောသည်။

နောက်စတုတ္ထအကြိမ်အဖြစ် ၂၀၁၈ခုနှစ် ဒီဇင်ဘာလပထမဟတ် မှထပ်လုပ်ရန်ကြိုးစားထားကြောင်း ရေနွေးငွေ့ရထားကိုအဓိကထားပြီး ဘုရာတွေ၊ လူစီးရထားတွေ၊ ကျောက်ရထားတွေ၊ သဘာဝပတ်ဝန်းကျင်တွေနောက်ခံထား ဓာတ်ပုံရိုက်မှာဖြစ်ကြောင်း လူဦးရေ ၂၀ဦးအထက် ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

လေကြောင်းခရီးစဉ်ဆိုင်ရာသိမှတ်ဖွယ်ရာ

သတင်းအဖွဲ့

ဒီတစ်ပတ်မှာတော့ လေကြောင်းခရီးစဉ်ကို အသုံးပြုမည့်ခရီးသည်များအတွက် လေကြောင်းခရီးစဉ်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့်ပတ်သက်ပြီး မြန်မာအမျိုးသားလေကြောင်းမှ တာဝန်ရှိသူအချို့နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိအချို့တို့နှင့် တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။

ကပ္ပတိန်မျိုးလွင်ဦး
လေယာဉ်မှူးကြီး
မြန်မာအမျိုးသားလေကြောင်း

ဒီနေ့ကျွတ်ကာ ရန်ကုန်–စက်ကူ၊ စက်ကူ–ရန်ကုန်မောင်းရမှာပါ။ ၇ နာရီ ၁၅တက်မှာပါ။ ကျွန်တော်တို့ကပြည်တွင်းလည်းဆွဲတယ်။ ပြည်ပမှာလည်းဆွဲတယ်။ ပြည်ပမှာဆိုရင် စက်ကူ၊ ဘန်ကောက်၊ ဟောင်ကောင်၊ ဂါယာလည်းရှိတယ်။ ခရီးစဉ်အသစ်အနေနဲ့ကတော့ ချွန်ဒုးကို မေလလေဟောက်မှာဆွဲဖြစ်မယ်။ ပြည်တွင်းကတော့ နေပြည်တော်နဲ့ မန္တလေးကိုဆွဲတယ်။ ကျွန်တော်က လုပ်သက်အနေနဲ့ပြောရရင် ကျွန်တော်က အရင်ကတပ်က DSA ၃၇ ။ အဲ့ဒီမှာ ၁၉၉၂ မှ လေယာဉ်စမောင်းတာ။ ဒီဘက်ကို စပြောင်းတာကကျတော့ ၂၀၀၆ ကနေ အခုလက်ရှိ ၂၀၁၈ဆိုတော့ မြန်မာနေရှင်နယ် Airline မှာတော့ ၁၂ နှစ်ရှိပါပြီ။ လေယာဉ်မောင်းတဲ့အတွေ့အကြုံကတော့ အရင်တုန်းက မြန်မာလေကြောင်းမှာမောင်းခဲ့ရတာက F-27 ဖော်ကာ မောင်းရတယ်။ နောက်ပြီး ATR လေယာဉ်မောင်းရတယ်။ ၂၈ လေယာဉ်မောင်းရတယ်။ နောက်ပြီးတော့ EMBRAER ၁၉၀ အခုနောက်ဆုံးကတော့ update ဘိုးရင်းလေယာဉ်မောင်းတာ။ ကျွန်တော့်ရဲ့လေယာဉ်မောင်းတဲ့နာရီကလည်း ၁၂၀၀၀ ကျော်ပြီ။ Flying Hour 12000 ကျော်ပါပြီ။ ခရီးသည်တွေက တော့ အမျိုးမျိုးရှိတယ်။ တချို့ကျတော့ ပုံမှန်လုပ်နေရတာတွေကိုသိတဲ့ ခရီးသည်တွေရှိသလို ကျွန်တော်တို့မှာ လုပ်ဆောင်ရတာတွေကို ခရီးသည် တွေမသိတာလည်းရှိတယ်။ ဥပမာဆိုရင် checkingဝင်မယ်ဆိုရင် checking ကောင်တာဘယ်အချိန်ပိတ်မယ်ဆိုတာ တစ်ချို့ခရီးသည်တွေမသိဘူး။ မသိတဲ့အတွက် တချို့ခရီးသည်တွေက checking ဝင်တာနောက်ကျတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာကတော့ ကျွန်တော်တို့က ဓောင့်ပေးတယ်။ နိုင်ငံခြားမှာဆိုရင် လုံးဝမစောင့်ဘူး။ သူတို့ checking ဝင်တာနောက်ကျတယ်ဆိုတဲ့အချိန်မှာ checkingကောင်တာကရှိတောင်မရှိတော့ဘူး။ မရှိတော့တဲ့အတွက် ခရီးသည်တွေလိုက်လို့မရတော့ဘူး။ နောက်တစ်ခုက လေယာဉ်ပေါ်မှာလည်း အရက်သေစာသောက်စားပြီး မူးယစ်လို့မရဘူး။ ကျွန်တော်တို့ ကတော့ နိုင်ငံတကာကိုပြေးဆွဲပေးတဲ့လိုင်းတွေမှာဆိုရင် Service ကတော့ အယ်ဂျီဟောတို့ Liquid တို့တွေကို Service ပေးတယ်။ အဲ့ဒါကိုသောက် ပြီးတော့ ကိုယ့်ဘာသာနေလို့ရတယ်။ ဒါပေမဲ့ သောက်ပြီးစကားကျယ်ကျယ် ပြောတာတို့ လေယာဉ်မောင်း၊ လေယာဉ်မယ်တွေကို အနောက်အယှက်ပေး တာတို့ဆိုရင်တော့ ကျွန်တော်တို့ရဲ့ဥပဒေနဲ့ပြိတဲ့အတွက် မြန်ရောက်တဲ့အခါမှာ လုံခြုံရေးတွေကိုအပ်ပြီးတော့ ဖြေရှင်းရပါမယ်။ နောက်တစ်ခုကတော့လေ ယာဉ်ပေါ်မှာ ခရီးသည်ပါလာတယ်။ အဲ့ဒီမှာအရေးအကြောင်းရှိလို့ သူ့အိမ်က နေလှမ်းဖုန်းဆက်တယ်ဆိုလို့ရှိရင် ခရီးသည်သည်လေယာဉ်ပေါ်ရောက်ပြီးတော့မှ မြန်ဆင်းချင်တယ်ဆိုလို့ရှိရင် အဲ့ဒီခရီးသည်သည် ချက်ချင်းပြန်ထွက် လို့မရဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ရဲ့သတ်မှတ်ချက်တွေအရဆိုရင် သူသည်ဒီလေယာဉ်ပေါ်ကို တက်ပြီးသွားပြီဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် သူကဒီလေယာဉ်ရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး တစ်ခုခုလုပ်ခဲ့မယ်ဆိုတာမျိုးဖြစ်နိုင်တဲ့အတွက်သူတို့သည် အပြင်ကိုပြန်ထွက်မယ် ဆိုလို့ရှိရင် ဒီမှာရှိတဲ့လုံခြုံရေးတွေရဲ့ စစ်ဆေးခေမ်းမြန်ခြင်းခံရမယ်။ အဲ့ဒါတွေကို ခရီးသည်တွေကမသိတဲ့အတွက်ကြောင့် ရစ်တယ်တို့ဘာတို့မျိုး တွေဖြစ်တယ်။ တချို့ခရီးသည်တွေကျ တော့လည်း ဒါတွေကိုနားလည်တယ်။ တချို့ခရီးသည်တွေက ဒါတွေကိုနားမလည်ဘူး။ အဲ့ဒီလိုနားလည်တဲ့အတွက်ကြောင့် တစ်ခါတလေကျလို့ရှိရင် Facebookမှာရေးကြတာတွေရှိတယ်။ အမိက ကတော့ လေယာဉ်ပေါ်မှာ ခရီးသည်တွေ လိုက်နာရမှာတွေရှိပါတယ်။ အဲ့ဒါတွေကိုလည်း checkingကောင်တာတွေမှာလည်း တပ်ထားတယ်။ ကျွန်တော်တို့ရဲ့MNA ရဲ့ ဝက် ဆိုက်တွေမှာလည်းတင်ထားပေးတယ်လို့ပြောချင်ပါတယ်။

ဦးရန်နောင်စိုး
ညွှန်ကြားရေးမှူး
ပျံသန်းစစ်ဆေးရေးဌာနခွဲ
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကျွန်တော့်ရဲ့တာဝန်က Myanmar National Airline ရဲ့ရန်ကုန်–စက်ကူခရီးစဉ်မှာ ခရီးသည်တွေ ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် လေယာဉ်မှူး၊ တွဲဖော်လေယာဉ်မှူးတွေရဲ့ လေယာဉ်ပျံသန်းမောင်းနှင်တဲ့နေရာမှာ စည်းစနစ်တကျရှိဖို့ကို ပြဋ္ဌာန်းချက်တွေနဲ့အညီ လိုက်ပါစစ်ဆေးဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုပဲခရီးစဉ်မှာအန္တရာယ်ကင်းရှင်းဖို့အတွက် လေယာဉ်မှူးလေယာဉ်သားတွေကိုစသလို လေယာဉ်မောင်း၊ လေယာဉ်မယ်လုပ်ငန်းဆောင်တာတွေကို လိုက်ပါစစ်ဆေးရတာဖြစ်ပါတယ်။ အဲ့ဒီလိုစစ်ဆေးတဲ့ အချိန်မှာ ကျွန်တော်တို့သည် ပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်နိုင်ကိုင်နိုင်ဖို့ဆို တာတွေကို အဓိကထားပြီးစစ်ဆေးတာဖြစ်ပါတယ်။ ဒါမှလည်း လေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးကိုရပြီးတော့ ထိထိမိမိဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က အာဏာပိုင်အဖွဲ့အစည်းက ပြဋ္ဌာန်းထားတာကို သူတို့တွေကလည်း သူတို့လေကြောင်းလိုင်းရဲ့ ပေါ်လစီကိုရေးဆွဲ ရပါတယ်။ ဒီလိုရေးဆွဲတဲ့အချိန်မှာ ကျွန်တော်တို့ပြဋ္ဌာန်းထားတဲ့တိုင်း လိုက်နာရေးဆွဲဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုလိုက်နာရေးဆွဲထားတဲ့အတိုင်း အမှန်တကယ်လိုက်နာဆောင်ရွက်လား။ မဆောင်ရွက်လား ဘာတွေကိုချိုးဖောက်တယ်ဆိုတာကို စစ်ဆေးခြင်းဖြစ်ပါတယ်။ ဒီလိုပဲ နိုင်ငံတကာကိုသွား နေတဲ့ ဗန်ကောက်၊ ဟောင်ကောင်စတဲ့ အခြားခရီးစဉ်တွေကိုလည်း လိုက်ပါစစ်ဆေးသွားမှာဖြစ်ပါတယ်။ တစ်နှစ်ကိုနှစ် ကြေမ်စစ်ဆေးရပါတယ်။ အနည်းဆုံး စစ်ဆေးပါတယ်။ ဒါကလည်း နိုင်ငံတကာလေကြောင်း အာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ ICOက ချမှတ်ထားတဲ့ စံနှုန်းသတ်မှတ်ချက်တွေအပေါ်မှာ စစ်ဆေးတာပါ။ ဒီလိုပဲ Myanmar National Airline ကိုပဲ စစ်ဆေးတာ မဟုတ်ပါဘူး။ အခြားပုဂ္ဂလိက လေကြောင်းလိုင်းတွေကိုလည်း ဒီလိုပဲစစ်ဆေးတာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လေယာဉ်မှူးတွဲဖက်လေယာဉ်မှူးတွေရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော်ကိုယ်တိုင်လည်း သင်ကြားတက်မြောက်ပြီးသားဖြစ်တဲ့အတွက်ကြောင့် စစ်ဆေးတဲ့အချိန်မှာ ထိထိမိမိဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ လက်ထောက်ညွှန်ကြားရေးမှူးတစ်ယောက်လည်းပါလာပါတယ်။ သူကတော့ လေယာဉ်မောင်း၊ လေယာဉ်မယ်တွေရဲ့လုပ်ငန်းစဉ်တွေအားလုံးကို လိုက်စစ်သွားမှာဖြစ်ပါတယ်။

မခိုင်ခိုင်ကျော်
အကြီးတန်းလေယာဉ်မယ်
မြန်မာအမျိုးသားလေကြောင်းလိုင်း

ဒီမှာလုပ်နေတာက ၆နှစ်ကျော် ၇နှစ် နီးပါးရှိပါပြီ။ တာဝန်ယူထားရတာက အကြီးတန်းလေယာဉ်မယ်ဖြစ်ပါတယ်။ နေ့တိုင်းကတော့ တစ်နေ့နဲ့တစ်နေ့ကတော့မတူဘူး။ သွားတဲ့ Schedule တွေလည်းမတူဘူး။ ခရီးသည်တွေကို ပြောချင်တာကတော့ အားပေးပါလို့ပြောချင်ပါတယ်။ အားပေးစေချင်ပါတယ်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် စတုတ္ထအကြိမ် ရေအောက်သွား ရေယာဉ်ပြိုင်ပွဲကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးနယ်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် စတုတ္ထအကြိမ်ရေအောက်သွားရေယာဉ်ပြိုင်ပွဲအား ရန်နပါရီလ ၁၀ ရက်၊ နံနက် ၉နာရီခွဲက အဆိုပါတက္ကသိုလ်ရေကူးကန်၌ ကျင်းပခဲ့သည်။

"ပြိုင်ပွဲဖင့်ပွဲတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ကိုယ်စား ပါမောက္ခ (ရေကြောင်းစက်မှုအင်ဂျင်နီယာဌာန) ဌာနမှူးဒေါ်ကိတာသုဝါထွန်းက "မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ရေအောက်သုတေသနဆိုင်ရာ ရေယာဉ်များ၏ တည်ဆောက်ပုံ၊ ထိန်းချုပ်ပုံစနစ်တို့အား ခေတ်မီတိုးတက်နေသော ခေတ်နှင့်အညီ ပြုလုပ်နိုင်ရန်နှင့် ကျောင်းသားများ၏ တီထွင်ဉာဏ်အရည်အသွေးမိုးမြင့်မားလာစေရန်အပြင် နိုင်ငံတော်အဆင့်အထိ ရေအောက်သုတေသနလုပ်ငန်းများ တီထွင်ထုတ်လုပ်နိုင်ရန်တို့ အားရည်ရွယ်၍ ရေအောက်သွားရေယာဉ်ပြိုင်ပွဲ (ROV & AUV Competition) အား မြိုလုပ်ရန် (၂၀၁၀–၂၀၁၁) ပညာသင်နှစ်စု၏ အကောင်အထည်ဖော်နိုင်ရန် စတင်ခဲ့ကြောင်း၊ ယခုဆိုရင် ရေအောက်သွားရေယာဉ်ပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပလာခဲ့ရာ စတုတ္ထအကြိမ်ရောက်ရှိလာပါပြီ။ ရေအောက်သွား ရေယာဉ်ပြိုင်ပွဲကို ၂၀၁၅ခုနှစ်မှ စတင်ခဲ့ပြီး နှစ်စဉ် ၆နှစ်၊ ၇နှစ်ခန့် ပထမအပတ် အတွင်းကျင်းပနိုင်ရေးအတွက် ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဌာနမှ ဦးစီးဆောင်ရွက်ခဲ့ကြောင်း၊ ပြိုင်ပွဲပြုလုပ်ပေးရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ တီထွင်ပြုလုပ်လိုသူ ကျောင်းသားများ၏ တီထွင်ဉာဏ်အရည်အသွေးမိုးမြင့်မားလာနိုင်စေရန်အပြင် နိုင်ငံတော်အဆင့်အထိ ရေအောက်သုတေသနလုပ်ငန်းများတွင်အသုံးပြုနိုင်သောရေအောက်သွားရေယာဉ်များ၊ သုတေသနရေယာဉ်များ တီထွင်ထုတ်လုပ်နိုင်ရန်ဖြစ်ကြောင်း၊ ပထမအကြိမ်ဆောင်ရွက်ခဲ့ရာမှာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဆရာ/ဆရာမ၊ ကျောင်းသားဟောင်းများထံမှ ထောက်ပံ့ငွေနှင့် MITTမှ ထောက်ပံ့ငွေတို့နှင့် စတင်ခဲ့ပါတယ်။ ဒုတိယအကြိမ်မှစ၍ ရေအောက်သွား ရေယာဉ်ပြိုင်ပွဲတွေကို Weathernews Inc. (Japan)မှအဓိကထောက်ပံ့ငွေနဲ့ နှစ်စဉ်ကျင်းပနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်အဖွဲ့တွေကိုလည်း ထိုက်သင့်တဲ့ဆုငွေ ချီးမြှင့်နိုင်ခဲ့ပါတယ်။ ပထမဆု (၆)သိန်း၊ ဒုတိယဆု (၅) သိန်း၊ တတိယဆု (၄)သိန်း၊ နှစ်သိမ့်ဆုတွေကို (၂)သိန်းခွဲစီ ဆုချနိုင်ရေး လျာထားပါတယ်။ ကုန်ကျငွေနှင့် ဆုချီးမြှင့်ငွေ မကိုက်ညီပါကလည်း ဓိဓိတို့ ရရှိလိုက်သောနည်းပညာနှင့်အတွေ့အကြုံမှာ ကျောင်းသားတစ်ဦးအတွက်မြင့်မားသောဆုပင်ဖြစ်ကြောင်း"ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ကျောင်းသား/ကျောင်းသူများ ပါဝင်သည့် GINGER JINN, TIG GER, PALON, MEMO, MARLIN အဖွဲ့တို့က တီထွင်ထားသော ရေအောက်သွားရေယာဉ်များကို အဖွဲ့လိုက်အချက်အလက်များ ရှင်းလင်းပြသပြီး၊ ရေကူးကန်အတွင်း သရုပ်ပြပဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ရမှတ် (၁၂ဧ.၅)ဖြင့် MARLIN အဖွဲ့က ပထမ၊ ရမှတ် (၁၁ဧ.၇၅)ဖြင့် TIG GER အဖွဲ့က ဒုတိယ၊ ရမှတ် (၁၁ဧ.၂၅)ဖြင့် GINGER JINN အဖွဲ့က တတိယရရှိပြီး ဆုများအား တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်

လက်ပံတန်းမှ ပြည်သို့ထွက်လာသည့် လူစီးခရီးသည်ရထား (RBE)နှင့် မြေသယ်ယာဉ်တိုက်မှု ဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး(အနောက်) လက်ပံတန်းမြို့မှ ပြည်မြို့သို့ထွက်လာသည့်လူစီးခရီးသည်ရထား(RBE) နှင့်မြေသယ်ယာဉ်တို့သည် ၆နာရီ၁၉လက်၊ နံနက်စ နာရီ၁၀မိနစ်ခန့် ကပုတီးကုန်းဘူတာအနီး မိုင်တိုင်အမှတ် ၁၃၂(၉/၁၀)တွင် တိုက်မိမှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ လက်ပံတန်းမြို့မှပြည်မြို့သို့ထွက်လာသည့်လူစီးခရီးသည်ရထား (RBE)အမှတ်၆၀၉အဆန့်ရထားအား စက်ခေါင်းဆောင်း ဦးအောင်ဝိုး၊ ရထားထိန်း ဦးအောင်လွင် ဦးတို့လိုက်ပါမောင်းနှင်းခဲ့ရာ ပေါင်းတည်နှင့် ဟင်းကုန်းဘူတာအကြား မိုင်တိုင် ၁၃၂(၉/၁၀) အရောက်တွင် ထင်ကြီးရေလှောင်တမံ၊ လက်ယာတူမြောင်း ပြုလုပ်ဆောင်ရွက်နေရာမှ ယာဉ်မောင်း ဦးဝင်းသူ(ဘ) ဦးဝင်းကြေမောင်းနှင်းလာသည့် လုပ်ငန်းသုံးမြေသယ်ယာဉ်ကား MDY 7L/ 7923(FORLAND)နှင့်တိုက်မိကြောင်း မြေသယ်ကားမှာ လက်ယာဘက်သို့မောက်သွားပြီး (RBE) ရထားမှလမ်းချော်ပြီး လက်ဝဲဘက်သို့ ၄၅ ဒီဂရီတိမ်းစောင်းသွားခဲ့ကြောင်း ရထားနှင့်ကားတိုက်မှုကြောင့် ရထားစီးခရီးသည် အသက်(၅၀)နှစ် (အမျိုးသမီး)ဦးခေါင်းအနည်းငယ် ဒဏ်ရာရ(မရိုးရိမ်ရ)နှင့် အသက်(၅၇)နှစ် (အမျိုးသမီး)မွန်းပဲ့သွားကြောင်း ကျန်ရထားစီးခရီးသည်များအား ကားခြင့်လိုရာခရီးသို့ဆောင်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်းဦးဝင်းသူ(တိမ်းရောင်)အား ပေါင်းတည်မြို့မရဲစခန်း၌ မြန်မာ့မီးရထား၊ ရထားမှိုဆောင်ဆက်သွယ်ရေးလုပ်ငန်းဥပဒေ ၂၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ကျော်

ရထားလမ်းပိုင်းများရှိ မြေသားပြုပြင်ခြင်းနှင့် မြေကောင်းဖို့ခြင်း လုပ်ငန်းများအတွက် အဆိုပြုလွှာများဖိတ်ခေါ်

ရထားလမ်းပိုင်းများရှိ မြေသားတာဘောင်မတည်ငြိမ်သောနေရာများ ပြုပြင်ခြင်းနှင့် သတ်မှတ်ပုံစံအတိုင်းရရှိစေရန် မြေကောင်းဖို့ခြင်းလုပ်ငန်းများ အတွက် လုပ်ငန်းဆောင်ရွက်လိုသူများကို မြန်မာ့မီးရထားမှ အဆိုပြုလွှာများ ဖိတ်ခေါ်ထားသည်။

ထိုသို့ရထားလမ်းပိုင်းများပြုပြင်ရာ၌ တိုင်းအမှတ်(၂) မန္တလေး-မြစ်ကြီးနာလမ်းပိုင်းရှိ ဝိဏ-အင်းတော်ဘူတာကြီး၊ တိုင်းအမှတ်(၆) ပြည်-အောင်လံ လမ်းပိုင်းရှိ ခုရာဝိုလ်-ရွှေတံခါးဘူတာကြား၊ တိုင်းအမှတ်(၇) ရန်ကုန်-သီလဝါလမ်းပိုင်းရှိ အုတ်ဖိုစု-သီလဝါဘူတာကြားနှင့် တိုင်းအမှတ်(၈) စစ်တောင်း-မော်လမြိုင်လမ်းပိုင်းရှိ ရင်းပြိမ်-ကတွန်၊ သဲဖြူကုန်း-မုတ္တမ ဘူတာကြားတို့ကို ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ဆောင်ရွက်လိုသောလုပ်ငန်းရှင်များအနေဖြင့် လမ်းပိုင်းတစ်ခုချင်းအလိုက် မိမိဆောင်ရွက်လိုသည့်နည်းစနစ်လုပ်ငန်းဆောင်ရွက်မည့် ခန့်မှန်းကြာမည့်အချိန်နှင့် ကုန်ကျမည့်ခန့်မှန်းတန်ဖိုးတို့ကို တွက်ချက်၍ စိတ်ပါဝင်စားမှုဖော်ပြချက်အဆိုပြုလွှာပေးပို့တင်ပြနိုင်ရန် ဖိတ်ခေါ်ထားသည်။

အဆိုပါအဆိုပြုလွှာများကို ယခုနှစ် ဖေဖော်ဝါရီလ (၉)ရက်နေနောက်ဆုံးထားပေးပို့တင်ပြရမည်ဖြစ်ပြီး အဆိုပြုလွှာပုံစံကို ဒုတိယအထွေထွေမန်နေဂျာ (ထောက်ပံ့) မြန်မာ့မီးရထား (ထောက်ပံ့ဌာန)၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ထယ်ယူနိုင်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများနှင့် ပတ်သက်၍သိရှိလိုသည့်အချက်အလက်များကို မြန်မာ့မီးရထား (ထောက်ပံ့ဌာန)၊ ဖုန်းနံပါတ် ၀၁-၂၉၁၉၈၅၊ ၀၁-၂၉၁၉၉၄ နှင့် နေပြည်တော် ၀၆၇-၇၇၀၂၆ထံသို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရ သည်။

ဝေဝေ

ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်း ပြုပြင်ပြီးပါက ရထားပြေးဆွဲချိန် ၆နာရီကျော်သာကြာမြင့်တော့မည်

ရန်ကုန်-မော်လမြိုင်ခရီးစဉ်၌ ရထားပြေးဆွဲချိန် (၉)နာရီကျော်ကြာမြင့်ရာတွင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ပြေးဆွဲချိန် (၆) နာရီကျော်သာကြာမြင့်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

အဆိုပါလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပြီးပါကလက်ရှိပြေးဆွဲချိန်ထက် (၃)နာရီခန့် လျော့ကျသွားမည်ဖြစ်သည်။

"ရန်ကုန်-မော်လမြိုင်အပိုင်းက တိုင်းအမှတ်(၆)နယ်အတွင်းမှာ ၉ ချောင်းဆက်သံလမ်းတွေ ရာနှန်းပြည်လဲလှယ်ပြီးသွားပြီး ရန်ကုန်-ပဲခူး-စစ်တောင်း-မော်လမြိုင် ရထားလမ်းပိုင်းနဲ့ တံတားအကြီးစား ပြုပြင်ခြင်းလုပ်ငန်းတွေကို လာမယ့်တရက္ခာနှစ်မှာအပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့မီးရထားကနေနစ်တကျွန့်လုပ်နေတယ်။ အဲ့လမ်းပြီးသွား ရင်လဲပြေးဆွဲချိန်တွေ လျော့ကျသွားမယ်။ ခရီးသွားပြည်သူတွေ အဆင်ပြေပြေနေ့အရင်ထက်စီးရတာ ပိုမြန်သွားမယ်" ဟု မြန်မာ့မီးရထားမှ ဗြိုဠ်ပြအင်ဂျင်နီယာမှူး ဦးသူရဇော်ကပြောသည်။

အဆိုပါအကြီးစားပြုပြင်ခြင်းလုပ်ငန်းကို မြန်မာ့မီးရထားမှတာဝန်ယူအဆင့်မြှင့်ပြုပြင်ခြင်းဖြစ်ပြီး လက်ရှိတွင် ၉ချောင်းဆက်သံလမ်း လဲလှယ်ခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီး နေပြီးဖြစ်ကြောင်းသိရသည်။

လက်ရှိတွင်ကျောက်သန်စင်ခြင်း လုပ်ငန်းများ၊ Hand Tie Tamper ရိုက်ခြင်းနှင့် လမ်းခင်းကျောက်ဖြည့်တင်ခြင်းလုပ်ငန်းများ၌ ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းများကို ယခုနှစ်မတ်လကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် ၃၀ရိုရာမှ ၁၄မိုင်ပြီးစီး ပြီးဖြစ်သောကြောင့်ကျန်ရှိသည့် ၁၆ မိုင်ကို လာမည့် ဘဏ္ဍာနှစ်တွင်အပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ လုပ်ဆောင်ခြင်းအပါအဝင် ရန်ကုန်-မော်လမြိုင်ရထားလမ်း အဆင့်မြှင့်တင်သည့် လုပ်ငန်းတစ်ခုလုံးအတွက် ကျပ်သိန်း ပေါင်း၅၀၀ကျော်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ဝေဝေ

တယ်လီဖုန်းဘီလ်ဖြတ်တောက်မှုများ အပေါ် အော်ပရေတာများက ရှင်းလင်းစွာဖော်ပြပေးစေလို

ထိုပြင် အော်ပရေတာအသီးသီး၏ ရှင်းလင်းဖြေကြားမှုများကို ကျေနပ်မှုမရှိပါက မိမိတို့၏ တယ်လီဖုန်းဘီလ်ဖြတ်တောက်မှုများနှင့် ပတ်သက်၍ တိကျမှန်ကန်မှုနှင့် ရှင်းလင်းမှုမရှိဟု ယူဆသည့်ဖုန်းသုံးစွဲသူဆိုင်ရာ အချက်အလက်များကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဖော်ပြပါ e-mail com-plaint@ ptd- gov- mm ဆက်သွယ်၍ မိမိတို့၏နစ်နာမှုများ တင်ပြဆောင်ရွက်နိုင်ကြောင်းသိရသည်။

အဆိုပါဦးစီးဌာနအနေဖြင့် အများပြည်သူမကျေနပ်ချက်နှင့် နစ်နာမှုများကိုအချိန်နှင့် တစ်ပြေးညီတိုက်ဆိုင်စီစစ်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ အများပြည်သူမနစ်နာစေရေး ကူညီဖြေရှင်းပြီး အရေးယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှမျိုး- ဆ.သ.ရ

အူရီဒူးဆင်းကတ် အသုံးပြုသူများအနေဖြင့် QR Code နှင့် PIN နံပါတ်များကို အသုံးပြု၍ ဖုန်းငွေဖြည့်သွင်းနိုင်

မိုဘိုင်းဖုန်းဖြည့်သွင်းခြင်းကို PINနံပါတ်များပါရှိသော ခဲခြေကပ်ပြား(သို့) ဖုန်းငွေဖြည့်သွင်းနိုင်သည့် စက္ကူဘောက်ချာတို့ကို မိုဘိုင်းဖုန်းအသုံးပြုသူ အများစုမှ အသုံးပြုပြီးဖုန်းငွေဖြည့်သွင်းခြင်းကို ပြုလုပ်နိုင်ကြောင်း မိုဘိုင်းဖုန်းသုံးစွဲသူများ ဖုန်းလက်ကျန်ငွေဖြည့်သွင်းသည့်အခါအဆင်ပြေချောမွေ့ လွယ်ကူစေရန် ရည်ရွယ်ချက်ဖြင့် အူရီဒူးမှ QR Codeဖြင့် လွယ်ကူစွာ လျှပ်မြန်စွာ ဖုန်းငွေဖြည့်သွင်းနိုင်သည်ဝန်ဆောင်မှုအသစ်ကို ပေးအပ်ထားကြောင်း ဝန်ဆောင်မှုကိုရယူထားသူများအနေဖြင့် PIN နံပါတ်များ အသုံးပြု၍သော်လည်းကောင်း၊ QR Code အသုံးပြု၍သော်လည်းကောင်း ဖုန်းငွေဖြည့်သွင်းနိုင်ကြောင်း ထိုကြောင့် အူရီဒူးအနေဖြင့်မိုဘိုင်းဖုန်း မိုဘိုင်းဖုန်းအသုံးပြုသူများကို ငွေဖြည့်ကပ်ထပ်မှုသည့်အခါတွင် PIN နှင့် QR code ပေါ်ရှိ ငွေရှင်အမှတ်အသားများကို သေချာစစ်ဆေးရန် သတိပေးထားသည်။

မိုဘိုင်းဖုန်းအသုံးပြုသူများအနေဖြင့် PINနံပါတ်နှင့် သာမက QR codeနှင့် နည်းလမ်း ၂မျိုးစလုံးဖြင့်ဖုန်းငွေဖြည့်သွင်းနိုင်သည်အတွက် ဖုန်းငွေဖြည့်ကပ်ဝယ်ယူသည့်အခါတွင် သေချာစစ်ဆေးသင့်သည့်အချက် ၂ချက်မှာ (၁) PIN နံပါတ်ပေါ်တွင် အူရီဒူးလိုဂိုအမှတ်အသားဖြင့် ငွေရှင်အုပ်ထားခြင်း (၂) QR code ပေါ်တွင် "My Ooredoo App ကို အသုံးပြုပြီး QR code ကြည့်ရန်" စာသားဖြင့် ငွေနှင်အုပ်ထားခြင်းတို့ဖြစ်ပြီး အမှတ်အသားများပါရှိသည့် ငွေနှင်အုပ်ထားပေးခြင်းအဓိကအကြောင်းအရင်းမှာ ငွေဖြည့်ကပ်တွင်ပါရှိသော ငွေတန်ဖိုးကို ကာကွယ်ပေးထားခြင်းဖြစ်ပြီး မရိုးသားသောသူများမှအတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်ဖြစ်ကြောင်းအသုံးပြုသူများသည် ယခုအခါတွင် QR codeပါရှိသည့် ၃,၀၀၀ကျပ်တန် ဖုန်းငွေဖြည့်ကပ်များကို စျေးကွက်ထဲတွင်ဝယ်ယူအသုံးပြုနိုင်ပြီးဖြစ်ပြီး ၁,၀၀၀ ကျပ်တန်နှင့် ၅,၀၀၀ ကျပ်တန် QR Code ပါရှိသည့် ဖုန်းငွေဖြည့်ကပ်များကိုအသုံးပြုနိုင် တော့မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

လူသုံးအများဆုံး ဖုန်းဟန်းဆက် အမှတ်တံဆိပ်များအား တယ်လီနော ထုတ်ပြန်

နစ်ကုန်လေ့လာချက်စစ်တမ်းများအရ Huawei သည် တယ်လီနောသုံးစွဲသူများအကြား ရေပန်းအစားဆုံး မိုဘိုင်းဟန်းဆက်အမျိုးအစားဖြစ်ပြီး၊ တယ်လီနောသုံးစွဲသူ လူပေါင်းရေ ၁၉သန်း၏ ၂၄ ရာခိုင်နှုန်းခန့်ကအသုံးပြုနေကြောင်း တွေ့ရှိရကြောင်း ထုတ်ပြန်ထားသည်။

Huawei ၏ နောက်ဆုံးယနေရာတွင်သုံးစွဲသူစုစုပေါင်း၏ ၁၃ရာခိုင်နှုန်းဖြင့် Samsungကရပ်တည်လျက်ရှိပြီး ယင်းနောက်တွင် Oppo၊ Vivoနှင့် Xiaomi အမှတ်တံဆိပ် စမတ်ဖုန်းများ အသီးသီးရပ်တည်လျက်ရှိကြောင်း Apple ထုတ်ကုန်များကိုမူ မြန်မာနိုင်ငံတစ်လုံး၌ တယ်လီနော၏ ဖုန်းခေါ်ဆိုမှုနှင့်ဒေတာဝန်ဆောင်မှုများအား အသုံးပြုသူအရေအတွက်၏ ၁ရာခိုင်နှုန်းခန့်ကသာ အသုံးပြုကြကြောင်း သိရသည်။

"ပြီးခဲ့သည့်နစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံမှာ တန်ဖိုးသင့်စမတ်ဖုန်းတွေ ဝင်ရောက်လာခဲ့တဲ့အတွက် မိုဘိုင်းဖုန်းအဓိကအသုံးပြုတဲ့ ဈေးကွက်တစ်ခုဖြစ်ပေါ် လာစေခဲ့ပါတယ်။ ဒုံ့အပြင်လက်ရှိတယ်လီနောသုံးစွဲသူ လူပေါင်းရေရဲ့ ၈၀ရာခိုင်နှုန်းခန့်ဟာ စမတ်ဖုန်းအသုံးပြုသူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတစ်ဝန်းမှာ မိုဘိုင်းကွန်ရက်အဆင့်မြှင့်တင်မှုတွေ ဆက်လက်ပြုလုပ်နေသလို ကျေးလက်နဲ့ဝေးလံခေါင်ပါးတဲ့ဒေသတွေမှာ ကွန်ရက်လွှမ်းခြုံမှုတွေတိုးချဲ့နေတဲ့အတွက်ဒီနှစ်အတွင်းမှာလည်း မြန်မာနိုင်ငံမှာတန်ဖိုးသင့် စမတ်ဖုန်းဟန်းဆက်တွေ ဆက်လက်လူကြိုက်များနေဦးမယ်လို့ မျှော်လင့်နိုင်ပါတယ်"ဟု တယ်လီနော မြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ်ဖြစ်သူ Joslin Myrthong ကပြောကြားသည်။

တယ်လီနောသည် မြန်မာနိုင်ငံ၏ အကျယ်ပြန့်ဆုံး 4G ကွန်ရက်ကို တည်ဆောက်ထားပြီးဖြစ်ကာ နိုင်ငံတစ်ဝန်းမြို့ကြီး ၅၀ကျော်ရှိ တယ်လီနောသုံးစွဲသူများအတွက် တည်ငြိမ်ပြီး အဆင့်မြင့်မားသည့် 4Gဒေတာသုံးစွဲမှုများ ကို ပေးအပ်လျက်လည်းရှိကြောင်း၊ ထို့အပြင် ကမ္ဘာတစ်ဝန်းအင်တာနက်အသုံးပြုသူများကို အဆေပြေ၍ မိုဘိုင်းကွန်ရက်အခြေအနေများကိုထုတ်ပြန်ပေးသည့် အကြီးမားဆုံး ကွန်ရက်စံနှုန်းပြစံမဂ်နိုး တစ်ခုဖြစ်သည့် Open Signal ပြုလုပ်သောဆန်းစစ်ချက်များအရလည်း တယ်လီနော၏ 3G ကွန်ရက်ဝန်ဆောင်မှုများသည် အကောင်းဆုံးအဖြစ် ရပ်တည်လျက်ရှိသည်။

တယ်လီနောမြန်မာအနေဖြင့် လက်ရှိတွင်အကြီးမားဆုံးနှင့် အလျင်မြန်ဆုံးကျယ်ပြန့်လာနေသည့်ဒေတာကွန်ရက်မှတဆင့် မြန်မာနိုင်ငံတစ်ဝန်းမှ သုံးစွဲသူပေါင်း ၁၉သန်းကျော်အားဝန်ဆောင်မှုများပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ မြို့နယ်အားလုံးတွင် ကွန်ရက်လွှမ်းခြုံမှုရှိထားပြီးဖြစ်သည့် တယ်လီနောသည် အသုံးပြု သူများအတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် Google Play Storeတွင် မြန်မာနိုင်ငံ၏ လူကြိုက်အများဆုံး လူမှုဘဝအက်ပလီကေးရှင်းအဖြစ် ရပ်တည်နေသည့် WowBoxကဲ့သို့သောဂီတွင်ဆန်းသစ်မှုများဖြင့်အစဉ် မပြတ်ဝန်ဆောင်မှုပေးအပ်လျက်ရှိကြောင်း သိရ သည်။

ကျော်ကျော်

telenor

အပြာရောင် ပြတင်းပေါက်

အသက်သာဆုံး

၁ မိနစ် ၀ ၁၀% -နှင့်

တယ်လီနောအချင်းချင်း

သာသာယာယာ

အမြဲအတူရှိသော တယ်လီနော

*979*10#

(၁)ကြိမ်တည်း အခမဲ့ စာရင်းသွင်းပြီး အမြဲသုံးလိုက်ပါ။

အပတ်စဉ် အပြာရောင် ပြတင်းပေါက်ကို ဖွင့်လှစ်ကြည့်ပါ။

ပြီးခဲ့သည့်နှစ် ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက်လုပ်ကိုင်သည့် အလုပ်သမား တစ်သိန်းလေးသောင်းကျော်ရှိ

၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားဦးရေ တစ်သိန်းလေးသောင်းကျော်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့တရားဝင်ထွက်ခွာအလုပ်လုပ်သူ ၂၀၁၇ ဇန်နဝါရီလအတွင်း ၁၀၆၁၁ ဦး၊ ဖေဖော်ဝါရီလအတွင်း ၃၆၁၇ ဦး၊ မတ်လအတွင်း ၁၅၆၁၆ ဦး၊ ဧပြီလအတွင်း ၉၄၃၇ ဦး၊ မေလအတွင်း ၁၂၈၇၇ ဦး၊ ဇွန်လအတွင်း ၁၅၉၇၄ ဦး၊ ဇူလိုင်လအတွင်း ၁၂၂၈၀ ဦး၊ ဩဂုတ်လအတွင်း ၁၆၅၅ ဦး၊ စက်တင်ဘာလအတွင်း ၁၈၅၅ ဦး၊ အောက်တိုဘာလအတွင်း ၁၄,၂၅၂ ဦး၊ နိုဝင်ဘာလအတွင်း ၁၂,၁၆၀ ဦးနှင့် ဒီဇင်ဘာလတွင် ၁၀၆၁ ဦးရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ်အတွင်း စုစုပေါင်း အလုပ်သမား ၁၄၈၄၄,၄ ဦး ထိုင်းနိုင်ငံသို့ ထွက်ခွာအလုပ်လုပ်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်အထိ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်ယာယီရပ်ဆိုင်းထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရကုမ္ဏီစုစုပေါင်း ၁၅ ခုရှိကြောင်း၊ ထိုင်းနိုင်ငံသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားအချို့မှာ လည်း မသမာသည့်အကျင့်စီးအချို့နှင့် ထိုင်းနိုင်ငံဘက်ခြမ်းမှ ပွဲစားအချို့ကြောင့် စာချုပ်ပါအလုပ်နေရာနှင့်ကွဲလွဲမှုများ၊ စာချုပ်ပါအတိုင်း လုပ်ခလစာ ရှိခြင်းနှင့် အကြောင်းမဲ့အလုပ်ဖြုတ်ခံရခြင်းများလည်း ရှိကြောင်းသိရသည်။

ထို့ပြင် ထိုင်းနိုင်ငံတွင်နေထိုင်အလုပ်လုပ်ကိုင်သည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားဦးရေ ငါးသန်းခန့်ရှိကြောင်း၊ ထိုင်းအခြေစိုက်အလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့များက ခန့်မှန်းထားပြီး တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်သည့်အလုပ်သမားများမှာ လူကုန်ကူးခံရမှုအပါအဝင် လိင်ပိုင်းဆိုင်ရာအဖြတ်ထုတ်ခံရမှု၊ လုပ်အားခ ခေါင်းပုံဖြတ်ခံရမှုများ ခံရလေ့ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အခြေခံအလုပ်အကိုင်များ ရှားပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းကတိုင်းဒေသကြီးပြည်နယ်အနှံ့မှ လူငယ်လူရွယ်များကို ပြည်ပသို့ထွက်ခွာအလုပ်လုပ်ရန် တွန်းအားပေးနေပြီး၊ အခြားအိမ်နီးချင်းနိုင်ငံများအနက် ထိုင်းနိုင်ငံသို့ ထွက်ခွာအလုပ်လုပ်သူ ပိုများနေကြောင်း သိရသည်။

ပိုးအိမ်

ပန်းချီဆရာနန္ဒာလှိုင်၏ ကောက်ကြောင်းမဲ့ဘဝပုံကြမ်းနှင့် ပန်းချီဆရာကြီးများ မှတ်တမ်းဆောင်းပါးများ စာအုပ်ဝယ်ယူနိုင်



ပန်းချီဆရာ နန္ဒာလှိုင်ကိုယ်တိုင် ရေးသားပြီး သတင်းစာဂျာနယ်များတွင်ဖော်ပြခဲ့သည့် ကောက်ကြောင်းမဲ့ဘဝပုံကြမ်းနှင့် ပန်းချီဆရာကြီးများ မှတ်တမ်းဆောင်းပါးများ စာအုပ်အား အမြို့ပြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူနိုင်ကြောင်း ယုဇနဥယျမြို့တော်ရှိ Eternal Art Gallery ပန်းချီပြခန်းတွင် ပြသလျှက်ရှိသော သူ၏လေးကြိမ်မြောက်တစ်ကိုယ်တော်ပန်းချီပြပွဲတွင် ဆရာနန္ဒာလှိုင်ကပြောကြားသည်။

အဆိုပါဆောင်းပါးစာအုပ်တွင် ဆောင်းပါး ၂၃ပုဒ်ပါဝင်ပြီး၊ ဦးတင်မြင့်ဦးစီးစည်ပြီး၊ အောင်စည်နေမျိုးစာပေမှ ဖြန့်ချိမည်ဖြစ်ကြောင်း သိရကြောင်း လေးကြိမ်မြောက်တစ်ကိုယ်တော် ပန်းချီပြပွဲတွင် စာနယ်ဇင်းပန်းချီလောကတွင် ရေးဆွဲခဲ့ဖူးသည့် မှူရင်းပန်းချီကားများ၊ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်ပန်းချီကား ၃၀ကျော်ပြသထားသည်။

ပန်းချီဆရာနန္ဒာလှိုင်သည် ၁၉-၇၃ ခုနှစ်မှစပြီးစာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာအဖြစ် အနေပညာလောကသို့ဝင်ရောက်ခဲ့ပြီး၊ ၁၉၉၀ခုနှစ်တွင်ပန်းချီကားများ ရေးဆွဲခြင်း၊ ဒီဇိုင်းနှောလုပ်ခြင်းဖြင့် အနေပညာလောကတွင် နာမည်ရပန်းချီဆရာ တစ်ဦးဖြစ်ကြောင်းသိရသည်။ ကျော်ကျော်

"Nestle CERELAC" မှ ကလေးတို့အတွက် အာဟာရဆိုင်ရာ ဆွေးနွေးပွဲနှင့် အာဟာရမီတာ်ဆက်ပွဲ

ဇန်နဝါရီလ (၁၄)ရက်နေ့ Sule Shangrila Grand Ballroom တွင် Nestle CERELAC မှ(၂)နှစ်နှင့် အထက်ကလေးများအတွက် အာဟာရဆိုင်ရာဆွေးနွေးဟောပြောပွဲအား ကျင်းပခဲ့ပြီး ကျန်းမာရေးနဲ့ညီညွတ်သော အဆာပြေမုန့် Nestle CERELAC Nutripuffs (Banana & St rawberry) ပစ္စည်းသစ်အားမိတ်ဆက်ခဲ့သည်။ ထို့အပြင် Nestle CERELACမှဆက်လက်ပြုလုပ်သွားမည့် Let's Eat Campain ကို လည်းမိတ်ဆက်ပြီး ထိုအစီအစဉ်တွင် မိသားစုထမင်းစားချိန်တွေရဲ့ အရေးပါမှုနဲ့ကလေးငယ်တွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာ အဆာပြေမုန့်ရွေးချယ်မှုကိုအသိပညာပေးခြင်းများ ပါဝင်ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာကေသီထွန်းမှ အဆာပြေမုန့်အများစုဟာ ကျန်းမာရေးနဲ့ညီညွတ်မှုမရှိပဲ သကြားဓာတ်နှင့် အင်ဓာတ်လွန်ကဲခြင်း၊ မသင့်လျော်သောဆီ အလွန်အကျွံသုံးစွဲထားခြင်းနှင့် အာဟာရပါဝင်မှုနည်းပါးခြင်းတို့ကြောင့် ရေရှည်တွင်ကလေးများအတွက် အဝလွန်ခြင်း၊ အရွယ်မတိုင်မီ ဆီးချိုရောဂါဖြစ်ခြင်း စသည်ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်း အာဟာရဆိုင်ရာအထူးကုဒေါက်တာ ဝင်းဝင်းမြင့်မှလည်း (၂)နှစ်နဲ့အထက် ဖွံ့ဖြိုးစကလေးငယ်တွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့သွားရည်စာကိုကျွေးသင့်ကြောင်း Ms.Maila Capanzana,Business Manager for Nestle Infant Nutrition မှမြန်မာမိခင်တွေတိုင်းဟာ မိသားစု ထမင်းစားချိန်ဆိုတာကို တန်ဖိုးထားကြသလို ကောင်းမွန်ပြီး အာဟာရပြည့်ဝတဲ့ အာဟာရဖြစ်စို့ အတွက်လည်းအမြဲတမ်း ရွေးချယ်ပြုလုပ်လေ့ရှိကြပါတယ်။ Nestle Nutrition မှမြန်မာမိခင်တိုင်းအတွက် အာဟာရဆိုင်ရာ ဗဟုသုတတွေပိုမိုတိုးပွားလာစေဖို့နဲ့ မှန်ကန်ပြီးအာဟာရပြည့်ဝတဲ့အစားအစာကို မိမိရင်သွေးလေးများအတွက် ရွေးချယ်နိုင်စေဖို့ ကူညီအသိပေးသွားမှာဖြစ်ကြောင်းပြောကြားခဲ့သည်။

ဒေါက်တာဆုနွယ်ဇော်,Nutrition,Health & Wellness Manager,မှလည်း Nestle Cerelac Nutripuff (စတော်ဘယ်ရီ၊ ငှက်ပျောအရသာ)ကျန်းမာရေးနှင့်ညီညွတ်သောကလေးများအတွက် စီစီရီရယ်အဆာပြေမုန့်ကို မိတ်ဆက်ပေးခဲ့ပါတယ်။ Nestle Cerelac Nutripuff မှာကတော့ အခြားသောသွားရည်စာအဆာပြေမုန့်များနဲ့ မတူသကြားဓာတ်၊ အင်နာဓာတ်တွေလွန်ကဲစွာမပါဝင်ပဲ စီစီရယ်နှင့်အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပါတယ်။ ကလေးတွေအတွက် လိုအပ်တဲ့အတွက် လို အပ်တဲ့ Iron,Vitamin B & Zinc စတဲ့သတ္တုဓာတ်တွေပြည့်ဝစွာပါဝင်ပြီး ဆီကြော်မဟုတ်ဘဲ မီးဖုတ်ထားသောကြောင့် ကလေးငယ်များရဲ့ရေရှည်ကျန်းမာရေးအတွက် ကောင်းမွန်ကြောင်းပြောကြားခဲ့သည်။

Nestle Myanmar Lyd.,ရဲ့ Nestle Nutrition Product များကိုမြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ပြန်ပြန်ရေး အဖွဲ့,အစည်းများဖြစ်သော Myanmar Distribution Group နှင့်,Mega Lifescience တို့နှင့် မြန်မာနိုင်ငံတစ်ဝန်းကို ဖြန့်ဖြူးပေး လျက်ရှိကြောင်းသိရသည်။ ကျော်ကျော်

မြဝတီမြို့၌ နန်းစံသူပိုးထည်တိုက်ဖွင့်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ပြည်ထောင်စုလမ်း၌ ဇန်နဝါရီ ၁၀ ရက်နံနက် ၁၀ နာရီက ရှင်ရှင်သရုပ်ဆောင် အကယ်ဒမီ မယ်လိုဒီ၊ နန်းဆုရတီဝိုးတို့က ဖဲကြိုးဖြတ်ဖွင့် လုပ်ပေးခဲ့ကြောင်းသိရသည်။

ပိုးထည်တိုက်ဖွင့်ပွဲတွင် နန်းစံသူပိုးထည်တိုက်ပိုင်ရှင် ဦးအောင်စိုးမှ ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲသို့ တက်ရောက်ဝုက်ပြုပေးခဲ့သည်။ မြဝတီမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းပျားအဖွဲ့၊ ကရင်စာပေနှင့် ယဉ်ကျေးမှုနုံးအဖွဲ့များအားအ မှတ်တရ လက်ဆောင်ချီးမြှင့် ခဲ့သည်။

ကျော်ကျော်

Myanmar Cyber Security Challenge 2018 ပြိုင်ပွဲကို ယခုလအတွင်း ကျင်းပမည်

မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များ Cyber Securityပိုင်းဆိုင်ရာ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန်ရည်ရွယ်၍ Myanmar Cyber Security Challenge 2018ပြိုင်ပွဲကို ယခုလ ၂၅ရက်နေ့၌ MICT Parkတွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ သိရသည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိသူစာရင်းကို ယခုလ ၂၀ရက်နေ့တွင်ကြေညာပေးမည်ဖြစ်ပြီး လျှောက်ထားသူ ၂၀ဖွဲ့.ထက် ကျော်လွန်ပါက အွန်လိုင်းစာမေးပွဲစစ်ဆေး၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလျှောက်လွှာပေးပို့ထားတာ ကဝေဖွဲ့.ရှိပါပြီ။ သတ်မှတ်တဲ့အဖွဲ့.ထက်ကျော်ရင် အွန်လိုင်းစာမေးပွဲစစ်ပြီး အောင်တဲ့အဖွဲ့.ကို Finalမှာ ဝင်ပြိုင်နိုင်းမှာပါ။ ဒီပြိုင်ပွဲမှာနိုင်တဲ့အဖွဲ့.တွေကို အာဆီယံမှာ လုပ်တဲ့ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်"ဟု အဆိုပါအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ဘာသာရပ်မျိုးဖြစ်သည့် Web Security, Reverse Engineening, Cryptography+Steganography, Pwn, Forensics, Miscellaneousတို့ကို လေ့လာရမည်ဖြစ်ကာ အဖွဲ့.တစ်ဖွဲ့.လျှင် အဖွဲ့.ဝင် ဥဦးပါဝင်မည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲမှ အနိုင်ရရှိသူများကိုထမ ဆုဌေကျပ် (၁၀)သိန်းနှင့် Trophy, Certificateဒုတိယဆုဌေကျပ် (၇)သိန်းနှင့် Trophy, Certificateတတိယဆုကို ဌေကျပ် (၅)သိန်းနှင့် Trophy, Certificate တို့အား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ၂နှစ် ၁ကြိမ်ကျင်းပပြု လုပ်လျက်ရှိပြီး ယခုကျင်းပမည့် ပြိုင်ပွဲသည် ၃ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ဝေဝေ

သင်္ဘောသားများ၏ သက်သေခံများဆိုင်ရာ ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံက အတည်ပြုဝင်ရောက်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသော သင်္ဘောသားများ၏ သက်သေခံအထောက်အထားများဆိုင်ရာ ကွန်ဗင်းရှင်းအမှတ် ၁၈၅သို့ မြန်မာနိုင်ငံက ဇန်နဝါရီ ၁၆ရက်၌ အတည်ပြုဝင်ရောက်ခဲ့ကြောင်း ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလယ်အဖွဲ့.ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကွန်ဗင်းရှင်းသည် သင်္ဘောသားများ၏ မူရင်းနိုင်ငံမှသာ ထုတ်ပေးခွင့်ရှိသဖြင့် သင်္ဘောသားများ၏ လုပ်ငန်းခွင်အတွင်း လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စာချုပ်အားအတည်ပြုပါဝင်သည့် စာရွက်လွှာကို မှတ်ပုံတင်သည့်ရက်မှစ၍ ၆လ ပြည့်သည့်ရက်၌ စာချုပ်စတင်အာဏာသက်ဝင်မည်ဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ ပြဋ္ဌာန်းထားသော သင်္ဘောသားများ၏ သက်သေခံအထောက်အထားများကို ဆိုင်ရာ ကွန်ဗင်းရှင်းအမှတ် ၁၈၅ (Seafears! Identity Document Convention-SID) သို့ မြန်မာနိုင်ငံက အတည်ပြုပါဝင်ခဲ့ခြင်းကြောင့် မြန်မာသင်္ဘောသားများသည် အခြားနိုင်ငံကုန်းပိုင်နက်အတွင်းရှိသည့် သင်္ဘောသားအကျိုးဆိုင်ရာဌာနများသို့ ခေတ္တသွားရောက်နိုင်ခွင့်၊ ခေတ္တကာဓိုးတက်ခွင့်၊ သင်္ဘောဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ် သက်သာချောင်ချိရေးကိစ္စများခံစားခွင့်ဝိတာန်ထင်းဆောင်သည့်သင်္ဘောသို့ သွားရောက်ရာတွင် ခရီးစဉ်ကူးပြောင်းခွင့်၊ နေရပ်ပြန်ခိုးခွင့်စသည်တို့တွင် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်ထဝီဇာမလိုဘဲ ဆောင်ရွက်နိုင်ခွင့်၊ အရေးပေါ်ဆေးကုသရန် ဆေးခန်းနှင့် ဆေးရုံသို့ သွားရောက်နိုင်ခွင့်စသည့် အခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်သည်။

T.Z

ပဲခူးရှိ ပထမဆုံးသော မုကွာရေတံခွန် ဆင်စခန်း စတင်ဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီးအတွင်း ရေတံခွန်နှင့်တွဲလျက်လည်ပတ်နိုင်မည့် ပထမဆုံးသော မုကွာရေတံခွန်ဆင်စခန်းကို ဇန်နဝါရီလဆန်းက စတင်၍ ဖွင့်လှစ်ထားကြောင်း ပဲခူးတိုင်းဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

သဘာဝကို အခြေပြုသည့် ဆင်စခန်းနှင့် အပန်းဖြေခရီးစဉ်များသည် ပဲခူးတိုင်း၏အဓိက ခရီးစဉ်များတွင် ပါဝင်နေပြီး ဆင်စခန်းများမှာ ဖိုးကျားဆင်စခန်း၊ မော်ယောကြီးဆင်စခန်း၊ ဝက်ပါဆင်စခန်း၊ နတ်မော်ဆင်စခန်းနှင့် မုကွာရေတံခွန်ဆင်စခန်းဟူ၍ ငါးခုအထိရှိလာပြီဖြစ်ကြောင်း၊ အဆိုပါ ခရီးစဉ်တွင် ဆင်များ၏ သရဲပြုမှုကိုကြည့်ရှုနိုင်ခြင်း ဆင်စီးဈေး၊ သဘာဝတောတောင်ရှုခင်းအလှများ ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်စာကျွေးခြင်း၊ ဆင်ရေချိုးခြင်းတို့ကို ကြည့်ရှုလေ့လာနိုင်မည်အပြင် မုကွာရေတံခွန်၌ အပန်းဖြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မုကွာရေတံခွန်ဆင်စခန်းသည် ပဲခူးတိုင်းဒေသကြီး မြိုချောင်းလမ်းမိုင်တိုင်အမှတ် ၈/၆တွင် မြန်မာ့သစ်ထုတ်လုပ်ရေးမှ ဆင် ၁၂ကောင်ဖြင့် မုကွာကြိုးပြင် ကာကွယ်တောနှင့်ရေတံခွန်အနီးတွင် အပန်းဖြေလည်ပတ်စရာ ခရီးစဉ်သစ်တစ်ခုအနေဖြင့်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။ ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွားတစ်ဦးလျှင် ၅၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ကျပ် ၂၀၀၀ သတ်မှတ်ထားပြီး ဆင်စီးခအနေဖြင့် ပြည်တွင်းခရီးသွားတစ်ဦးလျှင် ကျပ် ၅၀၀ ကျော်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ကျပ် ၂၀၀၀ သတ်မှတ်ထားပြီး ပဲခူးတိုင်းဒေသကြီးသို့ ၂၀၁၇ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွားတစ်သိန်းခန့်နှင့် ပြည်တွင်းခရီးသွားသုံးသိန်းခန့် လာရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သွားကြောင်း သိရသည်။

ဝိုးအိမ်

Water Bus ခရီးစဉ်များ ပြေးဆွဲနိုင်ရန် ငမိုးရိပ်ချောင်းကို အဆင့်မြှင့်တင်မည်

Water Bus ခရီးစဉ်များဝင်ထွက်သွားလာ ပြေးဆွဲနိုင်ရန်အတွက် ငမိုးရိပ်ချောင်းကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

Water Bus ခရီးစဉ်များကို ရန်ကုန်မြစ်ကြောင်း တစ်လျှောက်တွင် ပြေးဆွဲပေးလျက်ရှိရာ ထိုခရီးစဉ်မှ တစ်ဆင့် ရန်ကုန်တစ်မြို့လုံးကို ပတ်၍ ငမိုးရိပ်ချောင်းကို ပြင်ဆင်ရန်ရှိနေခြင်းဖြစ်ကြောင်း၊ ယင်းအပြင် မြို့၏အလယ်တွင်တည်ရှိနေသည့်ငမိုးရိပ်ချောင်းရိုးတစ်လျှောက်ရှိရေလမ်း ခရီးကို အဆင့်မြှင့်တင်ရေးလုပ်ဆောင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မြစ်ကြောင်းနှင့် မြို့ပေါ်ကားလမ်းများ၊ ရထားလမ်းများ ဆုံဆည်းရာနေရာများကိုလည်း ပြင်သစ်နိုင်ငံ၏ အကူအညီဖြင့် လေ့လာဆန်းစစ်မှုများဆောင်ရွက်နေကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ရက်တွင် ဖွင့်လှစ်ခဲ့သော တောင်ဥက္ကလာပမြို့နယ်သစ္စာလမ်းနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ငါးမာန်အောင်ဘုရားလမ်းတို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်တံတား (သစ္စာလမ်း)ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝိုးအိမ်

လာမည့်ကျောင်းဖွင့်ရာသီတွင် ကျောင်းကားသစ်များ ပြေးဆွဲမှု စတင်နိုင်မည်

ကျောင်းကားအသစ်များဖြင့် ပြေးဆွဲမည့်စနစ်သစ်ကို လာမည့် ကျောင်းဖွင့်ရာသီတွင် စတင်မည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် လုံခြုံစိတ်ချရသော ကျောင်းကားစနစ်ကို ၂၀၁၇ ကျောင်းဖွင့်ရာသီတွင် စတင်မည်ဟုကြေညာခဲ့ပြီး ယခု ၂၀၁၈ ကျောင်းဖွင့်ရာသီသို့ ထပ်မံ၍ ရှေ့ဆိုင်းခြင်းဖြစ်ကြောင်း။ ကျောင်းကားပြေးဆွဲရန် ၂၀၁၈ ကျောင်းဖွင့်ရာသီအထိ အချိန်ထပ်မံရှေ့ဆိုင်းရသည့် အကြောင်းရင်းကို YRTA အုပ်ချုပ်မှုဒါရိုက်တာက ရှင်းလင်းပြောကြားခဲ့ခြင်းမရှိကြောင်း၊ ထိုသို့ကျောင်းကားပြေးဆွဲရန် သက်ဆိုင်ရာကျောင်းများနှင့် ဆွေးနွေးမှုမပြီးပြတ်သေးကြောင့် လုပ်ငန်းစစတင်နိုင်သေးကြောင်း YRTAမှ တာဝန်ရှိသူတစ်ဦးက ၂၀၁၇ နှစ်ကုန်ပိုင်းတွင် ပြောကြားထားကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံပြီး အဆင်ပြေစွာသွားလာနိုင်ရန် ယခုလာမယ့်စာသင်နှစ်က စပြီးကျောင်းကားအစီးရေ ၂၀၀ နဲ့စတင်ပြေးဆွဲမှာဖြစ်ကြောင်း။ ဇန်နဝါရီလ ၁၆ရက်က ပြုလုပ်ခဲ့သည့် YBS ဘတ်စ်ကားပြေးဆွဲသည့်တစ်နှစ်ပြည့် အခမ်းအနားတွင် YRTA အဖွဲ့၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ရှင်းလင်းစဉ် YRTA အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ညီညီက ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ကျောင်းကားများဘေးကင်းစွာ ပြေးဆွဲနိုင်ရန်ဆိုကာ ကိုရီးယားနိုင်ငံမှ ဘတ်စ်ကား ၂၀၀ကို ၂၀၁၇ နှစ်လယ်ပိုင်းက ဝယ်ယူတင်သွင်းခဲ့ပြီး ယင်းကျောင်းကားများ ပေါ်ပေါက်လာရေးကို Royal Golden Hand ကုမ္ပဏီကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစနစ် (Public Private Partnership) ဖြင့် လုပ်ကိုင်စေမည်ဟုဆိုကြောင်း အဆိုပါကျောင်းကား ၂၀၀ကို ရန်ကုန်မြို့ရှိ ကျောင်း ၂၂ကျောင်း၌ ထည့်သွင်းပြေးဆွဲမည်ဖြစ်ကြောင်း YRTA က ကနဦးသတင်းထုတ်ပြန်ထားသည်။

ဝိုးအိမ်

နာမည်သီရင် ကျေနပ်တယ်

ယုဒါ

စာပေမိတ်ဆွေလေးတစ်ယောက်ဆီက ကြားရတဲ့ စကားလေးတစ်ခွန်းအပေါ် ဦးတည်ပြီးဒီစာကိုရေးဖြစ်ပါတယ်...။

စာပေမိတ်ဆွေလေးတစ်ယောက်က သူ့သူငယ်ချင်းဟာ "ဆရာမကိုသိပေမဲ့ ဆရာမဝတ္ထုတစ်ပုဒ်တလေကိုမှ အမည်ဖော်ပြီးပြန်မပြောနိုင်တာကို အားနာနေမိတယ်" လို့ဆိုပါသတဲ့။ ညည်းအားနာတက်လွန်းတဲ့လူငယ်လေးပါလားလို့ တွေးမိရင်းကျွန်မဒီအကြောင်းအရာနဲ့ ဆက်စပ်လိုတွေးမိတဲ့ အတွေးတွေကအတော်ရှည်သွားပါတယ်။ စာပေလောကမှာ စာချစ်သူပရိတ်သတ်၊ (သို့)ကလောင်သစ်နဲ့နာမည်ရှိ(သို့) ကျော်စာရေးဆရာတွေ, ဆုံးမှုတွေမှာ ပထမဆုံးစတင်တဲ့အခက်အခဲက စာရေးဆရာရဲ့စာတွေကိုသိခြင်း။ မသိခြင်းဖြစ်ပါတယ်။ ဆိုကြပါစို့၊စာရေးဆရာ တစ်ယောက်ကိုပရိသတ်ကမိတ် ဆက်ချင်တယ်။ အနည်းဆုံး နှတ်ဆက်စကားလေးပြောချင်တယ်ပေါ့။ အဲ့ဒီအချိန်မှာ နှတ်ဆက်လိုတဲ့စာချစ်သူဟာရင်နှစ်ပါတယ်။ "ငါနှတ်ဆက်လိုက်ရင်ငါ့ကိုဂရုမစိုက် ပါ့မလား။ ငါလည်းသူ့စာတွေတစ်ပုဒ်မှသတိမရတော့ဘူး၊စဉ်းစားလို့ကိုမရတော့ပါလား။။ အေးလေ။ သူ့စာမှ ငါမသိတော့တာ၊ မနှတ်ဆက်တာပဲကောင်းပါတယ်။ တော်ကြာဘာစာတွေကြိုက်လဲမေးနေင်ခုကွ"လို့ဝိုးတ ထိတ်ထိတ်ဖြစ်တတ်ပါတယ်။ သူကစာဟေကိုချစ်လို့ စာရေးဆရာကိုချစ်ခင်လေးစားလို့ နှတ်လည်းနှတ်ဆက် ချင်ပါတယ်။ မင့်မခြေမဲ့ပြီးနှတ်လည်း နှတ်မဆက်ရဲဖြစ်နေ တက်ပါတယ်။ ဒါကလူနဲ့ကလောင်ကိုသာသိပြီးစာရေး ဆရာနဲ့စာကို လွမ်းဝိုးမှုတစ်ခုအနေနဲ့မခံစားခဲ့ဖူးတဲ့ စာဖတ်ပရိသတ်များစုမှာဖြစ်တတ်ကြမှာပါပဲ။ ဒါပေမဲ့သူမိတ်ဆက်လိုတဲ့စာရေးဆရာရဲ့စာကိုမဖတ်ဖူးလို့မဟုတ်ပါဘူး။ ဖတ်ဖူးလျက်၊ ကြိုက်လည်းကြိုက်ခဲ့ဖူးလျက်နဲ့ပဲတစ်ခုတ်တရပြန်မပြောနိုင်တာပါ။

စာဖတ်ပါသနာပါသူတိုင်းတွေကြုံနေကြစ်ခဲနှစ်သက်ရာ စာတွေကိုဖတ်ဖူးကြတာချည်းပါပဲ။ ဒါပေမဲ့တချို့စာဖတ်သူတွေဟာ စာဖတ်နာသက်မှတ်ညက်အားအလွန်ကောင်းပါတယ်။ ဖတ်ခဲ့ဖူးတဲ့ စာတစ်ပုဒ်ကိုအချိန်ဘယ်လောက်ကြာကြာပြန်ပြောနိုင်တဲ့သူတွေရှိပါတယ်။ တချို့ဆိုရေးတဲ့သူကသာမေ့ချင်မေ့မယ်၊ သူကဖြင့်မမေ့ဘူးဆိုတာ တောင်ရှိပါသေးတယ်။ တချို့အလွတ်နီးပါးရေအောင်စွဲလန်း သူတွေလည်းရှိပါတယ်။ တချို့က ကြာရင်မေ့ပါတယ်။ သဘာဝအရတော့ အချိန် အတော်ကြာရင်မေ့တတ်တာပါပဲ။ စာဖတ်ပရိသတ်မပြောပါနဲ့စာရေးဆရာလည်း မေ့တတ်တာပါပဲ။ ကျွန်မကတော့ အလွန်မေ့တတ်တဲ့ထဲပါပါတယ်။ အားလုံးကိုမေ့တာဖြင့်မဟုတ်ပေမဲ့ တစ်ခါတစ်လေလုံးဝအစရာ စဉ်းစားလို့မရနေအောင်ကို မေ့နေတတ်တာပါ။ ။ ဒီအတွက်ကျွန်မကမေ့တတ်တဲ့သူတွေကို ကိုယ်ချင်းစာပါတယ်။ ကျွန်မကလောင်နာမည်ကိုအောင်မမေ့ပါဘူး။။ တချို့စာရေးသူတွေကျတော့ စာကိုမသိတဲ့အပေါ် ခံစားချက် ထားတတ်ကြပါတယ်။ မသိပဲနဲ့လာ ရှီးနေတယ်လို့ထင်တတ်ကြပါတယ်။ တချို့ကအမှတ်မှားပြီး ရောထွေးပြောမိတာမျိုးဖြစ်တတ်ကြတာကိုး။ တချို့ဆိုပရိသတ်ရှက်သွားရတဲ့ အထိအမှတ်မှားမှုကိုပြင်ပေးတတ်သူတွေရှိပါသေးတယ်။ ဥပမာဆိုပါတော့၊ ကျွန်မဝတ္ထုတစ်ခါမှမယိုခဲ့ဖူးတဲ့ မဂ္ဂဇင်းမှာကတည်းကကြိုက်တယ်လို့ ပြောလည်းသူအမှတ်မှားတာက ကျွန်မကိုဘယ်လိုမှ ထိမိုက်နိုင်တာမှမဟုတ်ပဲ။ ဒီနေ့ရမှာ ကျွန်မအမှန်ပြင်ပေးနေရာမလိုဘူးလို့ ယူဆပါတယ်။ ကျွန်မတို့လည်း ဒီလိုအမှားမျိုးတွေဖြစ်တာတာပဲမဟုတ်လာ။။ ကျွန်မလိုရသဝတ္ထုတွေကိုအင်မတန်နှစ်သက်တဲ့၊ စာလည်းရေးနေတဲ့သူမှာတောင်မေ့လျော့ခြင်း၊ ရောထွေးခြင်း၊ လုံးဝသတိမရတော့ခြင်းဆိုတဲ့ ပြဿနာမျိုးရှိနေရင် စာဖတ်သူတွေမှာလည်းရှိမှာပဲလို့ကျွန်မတွေးပါတယ်။ စာဖတ်ပရိသတ်တစ်ယောက်ဟာဘယ်စာကိုမဆိုဖတ်နေပြီး၊ စာရေးဆရာဆိုတဲ့လူတန်းစားကို လေးစားချစ်ခင်တတ်သူဖြစ်နေရင်ပဲကျွန်မကဝန်းသာပါပြီ။ ကျွန်မစာဖတ်ဖူးဖူး မဖတ်ဖူးဖူး ကိစ္စလုပ်မနေတော့ပါဘူး။။ ဖတ်ဖူးတယ်။ ကြိုက်တယ်လို့ ပြောလာရင်တော့လည်းဦးဝင်းသာရဲ့ပဲရှိပါတယ်။ ဒီအတွက် ကျွန်မကိုအားနာမိတယ်ဆိုတဲ့ မိတ်ဆွေလေးကို ကျွန်မကပြန်အားနာမိတာပါ။ သူ့မှာလေးပင်တဲ့စိတ်လေးတစ်ခုဝင်သွားရတာပါလားလို့ ဗိတ်မကောင်းတောင်ပြန်ဖြစ်ရပါသေးတယ်။

ကျွန်မတွေးမိတာက စာဖတ်တယ်ဆိုတာဟာစာမေးပွဲပြန်ဖြေမဟုတ်ပါဘူး။ ဖတ်တဲ့စာတွေကိုတစ်သက်လုံးမှတ်မိပြီးပြန်ပြောပြနိုင်ဖို့လည်းမဟုတ်ပါဘူး။ မှတ်မိနေတာကိုမှတ်မိပြီး သတိမရတော့တာတွေကိုလည်းမေ့ခွင့်ရှိတာပါပဲ။ ကိုယ်ဘက်နဲ့ကိုယ်၊ ကိုယ်ခံစားမှုနဲ့ကိုယ်စာဖတ်သူတွေစိတ်ကြိုက်စီးမျောခွင့်ရှိပါတယ်။ စာရေးဆရာအားလုံးကိုမသိခွင့်လည်းရှိပါတယ်။ စာရေးဆရာချင်းတောင်အတော်အတန်နာမည်ရှိတဲ့ ကလောင်နဲ့စာရေးဆရာကိုမသိတာရှိတာပါပဲ။ မသိလို့လည်းအပြစ်တင်နေစရာမဟုတ်ပါဘူး။။ သိတန်သလောက်ကိုအမည်လေးသိထားတာကတော့ ကလောင်နာမည်တူတွေဖြစ်မလာနိုင်ဘူးပေါ့။ ဘယ်သူစာဖတ်ဖတ်ကျွန်မကတော့စာဖတ်တယ်ဆိုရင်စာရေးသူတစ်ယောက်အနေနဲ့ စိတ်ချမ်းသာသွားမိတာပါပဲ။ စာဘာလို့ဖတ်ရသလဲဆိုတဲ့မေးခွန်းကို ကျွန်မခပ်ငယ်ငယ်ကတည်းက ကျွန်မအဖေကမေးဖူး၊ သင်ဖူးပါတယ်။ အသိဉာဏ်ပွင့်လင်းအောင်...။ မသိတဲ့အရာတွေသိအောင်....။ အတွေးအခေါ်ကောင်းအောင်...။အကောင်း အဆို။အမှားအမှန်ဝေဖန်နိုင်ခြားတက်အောင်လို့.... ဖေဖေပြောဖူးတဲ့အတိုင်းငယ်ကတည်းကကျွန်မပြန်ပြောတတ်ပါတယ်။ ဖေဖေလေ့ကျင့်ပေးခဲ့တဲ့စာဖတ်ခြင်းအကျင့်ကိုခွဲပြီး ကျွန်မစာရေးနိုင်သူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ မှတ်ဉာဏ်မှာတော့ကျွန်မအဖေရော အမေပါ Memory အနေနဲ့ပြောရမယ်ဆိုရင် 32GBအပြည့်ရှိပြီး ကျွန်မက 8GB လောက်ပဲရှိတာတော့ကျွန်မရဲ့ရှေးဘဝကသိုလ်ပဲနဲ့ပဲဆိုင်ပါလိမ့်မယ်။

ဆိုတော့....မေ့တတ်တဲ့သူတွေ, ဖတ်ထားတဲ့စာတွေကို ရောထွေးသွားတဲ့သူတွေကိုကျွန်မကနားလည်ပါတယ်။ စာဖတ်ခြင်းကကျွန်မတို့စာတွေကို ရှုန်းရှုန်းဝေအောင်ပြန်ပြောမယ်ဆိုလည်း ဘဝအတွက်ပြဿနာမဟုတ်ပါဘူး။။ ပြန်ပြောပြဖို့ လိုချိန်ပြန်ဖတ်လိုက်လည်းဖြစ်တာပါပဲ။ ကိုယ်ကဒီစာဖတ်ပြီးသုံးသပ်လေ့လာချက်တွေပြန်ရေးရမယ်ဆိုရင်လည်း စေ့စေ့ငုံငုံပြန်ဖတ်လိုက်မေ့ပါ။ ဆိုလိုတာကစာတွေဖတ်ပြီးအလွတ်နီးပါးမရလို့လည်းအားငယ်သမ်းနည်းနေစရာမဟုတ်ပါဘူး။ (တချိန်ကကျွန်မအားဝမ်းနည်းဖူးလို့ပါ)ကျွန်မပြောချင်တာကမေ့မေ့ မမေ့မေ့ စာဖတ်နေသူရဲ့တွေးခေါ် ဆင်ခြင်နိုင်စွမ်းကတော့ ပိုမြင့်လာမှာအမှန်ပါပဲ။ တချို့စာရေးကာစကလောင်သစ်တွေကျတော့လည်း" ဟိုနာမည်ကြီးစာအုတ်ငါမဖတ်ရသေးဘူး။ သူတို့ပြောနေတဲ့စာအုတ်ငါမသိပါလား" လို့စိတ်ရှုပ်ရပြန်ပါတယ်။ တကယ်တော့ဒါလည်းပြဿနာမဟုတ်ပါဘူး။။ သူ့ဘာသာနာမည်ဘယ်လောက်ကြီးကြီး ကိုယ့်အလုပ်ပဲနဲ့ ကိုယ်အချိန်နဲ့ကိုယ့်ဖျော်ဝင်မှုနဲ့ ကိုယ်ဖတ်မိချင်မှဖတ်မိမှာပါ။။ တချို့စာဖတ်သူတွေအချင်းချင်းနာမည်ကြီးစာအုပ်ကိုမဖတ်ရသေးဘူးဆိုရင်ပဲ နှိမ်ချချင်ကြတဲ့သူတွေရှိပါတယ်။ ဒီအပေါ် ဘာမှကြောင့်စိုးရိမ်နေစရာမလိုပါဘူး။ တကယ်ကကျွန်မတို့စာဖတ်တယ်ဆိုတာ ကျွန်မတို့ဘဝတွေလုပခြောင်တည်ဆောက်တတ်ဖို့ရာ အထောက်အပံ့ကောင်းတစ်ခုအနေနဲ့ ဖတ်ရခြင်းဖြစ်ပါတယ်။ ဒီလောက်များများလုတဲ့ကမ္ဘာ့စာပေ၊ မြန်မာ့စာပေတွေကို ပြည့်စုံစေအောင်၊ အများပြောတိုင်းလိုက်ပြောနိုင်ဖို့အတွက်စာအုတ်တွေချည်းထိုင်ဖတ်နေဖို့တကယ်ဘဝထဲမှာအချိန်မရှိကြပါဘူး။။ ဒီခေတ်ကတော့စာဖတ်ချိန်ပိုတောင်လျော့လာတဲ့အနေအထားဖို့ပိုခက်ခဲ့ပါလိမ့်မယ်။ သို့သော်...ကျွန်မတို့ စာမဖတ်လို့လည်းမရပါဘူး။ ဖတ်မှသိမဲ့အရာတွေကို ရွေးချယ်ဖတ်ကြရပါတယ်။ ကိုယ်နဲ့ပိုစပ်အပ်မယ့်၊ ကိုယ့်အတွက် ပိုအကျိုးဖြတ်ထွန်းစေမယ့် စာအုပ်တွေကိုရွေးချယ်ဖတ်တက်ဖို့လိုပါတယ်။ ရသဝတ္ထုရေးချင်လို့လည်းရှိသမျှနာမည်ကြီး ရသဝတ္ထုတိုင်းကို လိုက်ဖတ်နေမှ ပြည့်စုံမှာမဟုတ်ပါဘူး။ အတန်အသင့်ဖတ်ထား ရင်လုံလောက်တာပါပဲ။ ဒီလိုပါပဲတခြားသောစာပေအမျိုးအစားတွေလည်း ကိုယ်ပိုနှစ်သက်ရာ၊ကိုယ်စံနမူနာ ပြုစုရာလောက်ကိုရွေးချယ်ဖတ်တတ်ဖို့ လိုပါတယ်။ စာရေးလိုတယ်ဆိုရင်လည်း ကိုယ့်အတွေ့အကြုံနဲ့ကိုယ် ကိုယ်ခံစားမှုနဲ့ကိုယ်ကိုယ်အနေပညာနဲ့ ကိုယ်စာကောင်းတွေရေးနိုင်ပါလိမ့်မယ်။ ဝုဂ်တုဂုဂ်ပြိုင်လုပ်ပြီး၊ လူဝင်ဆန့်အောင်ပြောနိုင်ဆိုနိုင်ဖို့အတွက်နဲ့ ကိုယ့်စိတ်နဲ့အံမဝင်တဲ့ အရာမျိုးကိုဖတ်နေလည်း အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ ကိုယ့်ခံစားမှုအရနှစ်လိုလို့ ဖတ်မှသာစာတစ်ပုဒ်ကို ဘဝထဲကခေါ်ယူအသုံးချနိုင်မှာပါ။ ကျွန်မ အလိုဆိုရင်တော့ဖတ်မိတဲ့စာတစ်ပိုဒ်ကို လှလှပပတန်ဆာဆင်ပြီးချီး မြှောက်ပြောဆိုနေဖို့ထက် ဒီစာထဲကနေပြန်ထွက် တွေးခေါ်နိုင်စွမ်းနဲ့ကိုယ်ဘဝ ကိုယ်ချောချောမွေ့မွေ့, တည်ဆောက်တတ်ဖို့ကသာ ပိုအရေးကြီးတယ်လို့စာဖတ်သူ တစ်ယောက်အနေနဲ့ ခံစားပါတယ်။

ဒါကြောင့် ကျွန်မကတော့ကျွန်မရဲ့စာဖတ်ပရိသတ်ဟာကျွန်မစာတွေကောင်းကြောင်း ပြောဆိုနေဖို့ထက် ကျွန်မစာတွေထဲကတစ်စုံတစ်ရာကို စစ်ယူရရှိနိုင်ခဲ့တယ်ဆိုရင်ကျေနပ်ပါပြီ။ ကျွန်မစာတွေဖတ်ပြီးဆင့်မွားတွေးခေါ်နိုင်စွမ်းနဲ့ ကိုယ်ဘဝခရီးအတွက်ဆောင်သင့်တာဆောင်၊ ရှောင်သင့်တာရှောင်၊ ပြောင်းလဲသင့်တာပြောင်းလဲ၊ ခွဲမြဲသင့်တာခွဲမြဲနိုင်ကြတယ်ဆိုရင်...ကျွန်မကလောင်တစ်ခုနဲ့စာရေးရတာ ကုသိုလ်ရနေတာပဲလို့ကျွန်မကျေနပ်မိမှာပါ။ ကျွန်မစာတွေကိုစွဲမြဲသိရှိမှတ်မိနေဖို့မဟုတ် ဘဲလက်တွေဘဝထဲ ကိုယ်စိတ်ဓါတ်ထင်တူအသုံးချနိုင်တယ်ဆိုရင်တော့ ကျွန်မအင်မတန်ဝမ်းသာရမှာပေါ့။ ဒါကြောင့်ကျွန်မရဲ့ကလောင်နာမည်ကိုဟိုအရင်ကတည်းကပဲ သိသိ ခုမှသိသိ၊ သိတဲ့အချိန် ယုဒါဆိုတဲ့စာရေးသူတစ်ယောက်ရှိပါလားလို့မှတ်မိသွားရင် ကျေနပ်ပါပြီ။ ပြီးတော့တစ်ခုတွေးမိတာကတစ်ခါတစ်ရံမှာ ကျွန်မအင်မတန်နှစ်သက်သဘောကျတဲ့ စာရေးဆရာတွေကိုတွေ့မြင်ခွင့်ရတဲ့အခါ ကျွန်မလည်းပဲမခေါ်ရဲမပြောရဲနှုတ်မဆက်ဖြစ်တာ မျိုးဖြစ်ရတတ်လို့ဝမ်းမသာတဲ့သူဆိုတာမရှိပါဘူး။ လူငယ်တွေကကိုယ့်ထက်သက်ကြီးပါကြီးသူတွေကိုအရင်စနှုတ်ဆက်သင့်ပါတယ်။ အချိန်မရလို့၊ လူများနေလို့ကိုယ်အပေါ် အမှုမဲ့အမှတ်မဲ့ ဂရုမစိုက်လိုက်နိုင်တဲ့ တို့ရွယ်ရွယ်အပေါ်လည်း နားလည်ပေးသင့်ပါတယ်။ အနေပညာနဲ့တီးသူတွေမပြောပါနဲ့ သာမန်မိတ်ဆွေများတဲ့ သူတွေတောင်ပြောဆိုနှုတ်တတ်ကြတဲ့ သူတွေမှာနေတဲ့ အခါလစ်ဟာသွားတက်ကြထုံးစံပါပဲ။ တချို့ကျတော့ဒီအပေါ် အားငယ်တဲ့ခံစားမှု မကျေနပ်တဲ့ခံစားမှုတွေထားတက်ကြပါတယ်။ တကယ်တော့ဘယ်ဆက်ဆံရေးမှာ ဆိုကိုယ်အစိတ်ရင်းရှိုးနဲ့ နှတ်ဆက်ခေါ်ပြောဖို့သာလိုပါတယ်။ တံခွန်မမှုကောင်းခြင်း။ မကောင်းခြင်းကတော့ တဖက်လူနဲ့ဆိုင်ပါတယ်။ ကျွန်မကိုအမြင်မှာတွေလိုက်တယ်မခေါ်ရဲလို့နှတ်မဆက်လိုက်ရတာလို့ mess ပို့ပြီးပြန်ပြောတဲ့အခါသြော် တချိန်ကငဲ့လိုလိုဖြစ်မှာလို့တွေးမိပါတယ်။ ဒါကလူငယ်နဲ့ လူကြီးအကြားဖြစ်တက်တဲ့သဘာဝလေးတွေပါ။

ဒါကြောင့်ဖို့ လူငယ်လေးတစ်ယောက်ဆီကကြားရတဲ့သတင်းစကားလေးတစ်ခွန်းအပေါ် ဖြန့်ထွက်တွေးကြည့်ရင်းဒီစာကိုရေးလိုက်မိပါတယ်။ ကျွန်မအကြံတွေ့အခါ....ကြောက်လို့ ပြုံးမပြဖြစ်လိုက်ဘူး...အားနာလို့နှတ်မဆက်လိုက်မိဘူး... မာနကြီးတယ်ထင်လို့ မခေါ်လိုက်ပါဘူး ...ရယ်လို့မဖြစ်ရအောင် ခေါ်ချင်တယ်ဆိုရင်ခြင့်ခေါ်ပါ.. ပြောပါ....နှတ်ဆက်ပါ...။ တတ်နိုင်သမျှတော့ နီးစပ်ရာရာ အကြောင်းရေစက်ရှိသူအားလုံးကို နွေးထွေးချစ်ခင်နိုင်ပါကြောင်း...။

ဒုတိယကမ္ဘာစစ်က နစ်မြုပ်ခဲ့သည့် သင်္ဘောနှစ်စင်းအား ပြန်လည်တူးဖော်မည်

စစ်တွေ့မြို့၌ အိန္ဒိယတည်ဆောက်နေသည့် ဆိပ်ကမ်း၊ ဆိပ်ခံတံတားရှေ့တွင် ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြှုပ်ခဲ့သည့်သင်္ဘောနှစ်စင်းအား အိန္ဒိယအစစ်အစဉ်ဖြင့် ပြန်လည်တူးဖော်သွားမည် ဖြစ်ကြောင်း စစ်တွေ့မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။

လက်ရှိတည်ဆောက်နေသည့် ဆိပ်ကမ်းကို အိန္ဒိယနင်္ဂပြန်မာအစိုးရတို့ ပူးပေါင်းအကောင်အထည်ဖော်နေသည့် ကုလားတန်ဖြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ယခုနစ်မှစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး၊ ၎င်းအပြင် ဆိပ်ကမ်းအနီး၌လည်း နန်းမြေများပို့ချမှုကြောင့် ရေစီးကြိမ်သည့်အတွက် ဆိပ်ကမ်းသာလည်ပတ်က သင်္ဘောများဆိုက်ကပ်နိုင်ရန် ပြန်လည်တူးဖော်ရမည်ဖြစ်ကာ အိန္ဒိယတည်ဆောက်နေသည့် ဆိပ်ကမ်းမှာတည်ဆောက်မှုပြီးစီးနေပြီဖြစ်သော်လည်း လုပ်ငန်းလည်ပတ်မှု မရှိသေးကြောင်း၊ ဆိပ်ကမ်းက ဆောက်လုပ်နေတုန်းဖြစ်သည့်အတွက် လွှဲပြောင်းမည့်အချိန်ကျမှ မြေတူးတဲ့အချိန်မှာ ဖော်ရမည်ဖြစ်ကြောင်း၊ သင်္ဘောတွေက ဒုတိယကမ္ဘာစစ်ကမ္ဘာ့ပေါ်နေတာလို့သိရတယ် မှတ်တမ်းမှတ်ရာလည်း မရှိကြောင်း စစ်တွေမြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။

ပိုးအိမ်

ဒေါက်တာအေးမောင်နှင့် ဝေဟင်အောင်ကို ယခုလကုန်တွင် ရုံးထုတ်မည်

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်သည့် ရခိုင်နိုင်ငံတော်အချုပ်အခြာအာဏာကျဆုံးခြင်း (၂၃၃) နှစ်မြောက် ဝမ်းနည်းဖွယ်အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဟောပြောသူ ဒေါက်တာအေးမောင်နှင့်စာရေးဆရာဝေဟင်အောင် တို့နှစ်ဦး အား ရသေ့တောင်မြို့နယ်ရဲစခန်းက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်အရေးယူထားခြင်းဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲကိုရသေ့တောင်မြို့နယ် တောင်ရင်းတိုင်း ရပ်ကွက် စေတီယင်္ဂဏကျောင်း တိုက်မမှာရုံတွင် ဇန်နဝါရီ ၁၅ ရက်မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ ၁၅မိနစ်အထိ မေယုရင်သွီးလူမှုကူညီရေး အသင်းကဦးဆောင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး အမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင် တို့ ပါဝင်ဟောပြောခဲ့ကြသည်။

စာပေဟောပြောပွဲတွင် ဒေါက်တာအေးမောင က "ဗမာများအနေဖြင့် ရခိုင်လူမျိုးများကို ဗမာ့ကျွန်အဖြစ်လောက်သာထားရှိပြီး တန်းတူအခွင့်အရေးမပေးကြောင်း။ အချုပ်အခြာအာဏာရရှိရေးအတွက် နည်းလမ်း ၂ ခုသာရှိကြောင်း၊ လက်နက်ကိုင်တော်လုနိုရေးနည်းနှင့် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များရှိကြောင်း။ မိမိမှာ နောက်တစ်နည်းဖြစ်သောလူထုဗဟိုပြုနိုင်ငံရေးနည်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။ လက်ရှိနိုင်ငံရေးအားနည်းချက်ကို အခွင့်ကောင်းယူ၍ ပန်းတိုင်ရောက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ နောက်နှစ်များစွာရောက်တိုင်းမှာ အချုပ်အခြာအာဏာပြန်လည်ရယူလိုလေး စိတ်ဓာတ်မွေးရန်၊ လက်နက်ကိုင်တော်လုနိုရေးနှင့် လူထုဗဟိုပြုနိုင်ငံရေးအားလုံး၏ ပန်းတိုင်သည် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ရေးသာ ဖြစ်ကြောင်း။ လူထုကိုရည်ရွယ်ခြင်းလက်နက်ကိုင်တော်လုနိုခြင်းတို့ ပြုလုပ်ပြီးအာဏာရယူရန် နည်းမျိုးစုံဖြင့်အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကို ဆင်နွှဲပြီး ရည်မှန်းချက်ပန်းတိုင်သို့ သွားနေခြင်းဖြစ်ကြောင်း။ ယခုလိုဟောပြောပွဲများ ကျင်းပခြင်းဖြင့်တစ်မျိုးသားလုံးထားရှိသင့်သည့် ရည်မှန်းချက်ပန်းတိုင်ကိုသိရှိပြီး အမျိုးသားရေးတစ်ရပ်အနေဖြင့် ပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်ကြောင်း" စသည်ဖြင့် ထည့်သွင်းဟောပြောခဲ့သည်။

စာရေးဆရာဝေဟင်အောင်(ခ) အောင်ကျော်ဝင်းက "ရခိုင်ပြည်နယ် အချုပ်အခြာအာဏာ ကျဆုံးသွားသည်မှာ နှစ်ပေါင်း ၂၃၃ နှစ်ရှိခဲ့ပြီးလူမျိုးဆက် (၅) ဆက်ခန့် ကင်းကွာခဲ့ကြောင်း၊ နိုင်ငံရေးတွင်လက်ပါးဖြန့်တောင်း၍မရသောကြောင့် လက်ညှိုးကွေးပြီးတောင်းသည့် အဖွဲ့ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း။ ယခုအချိန်တွင် ထွန်းမြတ်နိုင်ဦးဆောင်သော AA တပ်မတော်သည်လည်းရခိုင်နိုင်ငံတော်နှင့် အချုပ်အခြာပြန်လည်ရရှိရေး၊ ဗမာ့ကျွန်အဖြစ်မှလွတ်မြောက်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲဝင်လျက်ရှိကြောင်း။ ရသေ့တောင်မြို့နယ်သူ၊ မြို့နယ်သားများ အနေဖြင့်လည်း ဗမာ့ကျွန်အဖြစ်မှလွတ်မြောက်ရန် အားလုံးတွင်တာဝန်ရှိကြောင်း။ ယခုအချိန်သည်နိုင်ငံရေး အကျပ်အတည်းဖြစ်နေသည့်အချိန်ကာလဖြစ်နေ၍ မိမိတို့အတွက် အခွင့်အရေး သာနေသောအချိန်ဖြစ်ကြောင်း။ ဗမာ့ကျွန် ဘဝမှလွတ်မြောက်နိုင်ရေးနှင့် လွတ်လပ်ရေးရရှိရေးအတွက် တော်လှန်တိုက်ခိုက်ရန် အချိန်ကောင်းဖြစ်ကြောင်း။ အားလုံးပါဝင်ကြရန် လိုအပ်ကြောင်း" စသည်ဖြင့် ဟောပြောခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်(ခ) အောင်ကျော်ဝင်းတို့၏ ဟောပြောချက်များနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပသည့်ရခိုင်ပြည်နယ် အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇၊၂၀၁၈)မှ ၎င်း တို့နှစ်ဦး အား နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကန့်မှု ရာဇသတ်ကြီး ပုဒ်မ ၁၂၀ (ခ) (၇) ၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) (၇) ၊ မတရားအသင်း အက်ဥပဒေ ပုဒ်မ (၁၇) (ခ) (၂) တို့ ဖြင့်အမှုဖွင့်တရားစွဲဆိုသွားရန် ဆုံးဖြတ်ခဲ့ကာ ရသေ့တောင်မြို့နယ်ရဲစခန်းက ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းတွင် မတရားအသင်းအက်ဥပဒေပုဒ်မ မ၁၇(၁) ဖြင့် အမှုဖွင့်ခဲ့ပြီး ထိုနောက် ည ၈ နာရီမိနစ် ၂၀ ခန့်တွင် ဝေဟင် အောင် (ခ) အောင်ကျော်ဝင်းအားစစ်တွေမြို့နယ်ရဲစခန်းအချုပ်၌ အမှုဖြင့် ဖမ်းဆီးချုပ်နှောင်ထားခြင်း ဖြစ်သည်။

အိမ်စည်

ရန်ကုန်တိုင်းအတွင်း အသက် ၂နှစ်နှင့် အထက်ရှိ လူဦးရေ ခြောက်သန်းကျော်ကို ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်မည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်၍ ရန်ကုန်တိုင်းရှိ အသက် ၂နှစ် နှင့်အထက် လူဦးရေ ခြောက်သန်းကျော်ကို ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးအား ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အထိ ၁၀ရက် အခမဲ့တိုက်ကျွေးမည်ဖြစ်ကြောင်း။ ရန်ကုန်တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်နန်းလုံက ပြောသည်။

"၂နှစ်အောက် ကလေးတွေ၊ ကိုယ်ခန်ဆောင်တွေ၊ အတက်ရောဂါရှိတဲ့သူတွေ၊ ရောဂါဆိုးရှားရှားခံစားနေရသူတွေကလွဲရင်ကျန်တဲ့သူတွေ အားလုံးကို ရင်ကွက်၊ ကျေးရွာမှာရှိတဲ့အိမ်အားလုံးကို တိုက်မှာဖြစ်ပါတယ်။ ဒီဆေးတိုက်တာက ၂၀၁၇က တည်းက စခဲ့တာ။ ဒီနှစ်က နောက်ဆုံးတိုက်ရတဲ့နှစ်ဖြစ်ပါတယ်။ အဲဒီတော့ ဆေးက နောက်နှစ်ဆက်တိုက် ဖို့ဆိုတာကလည်း မသေချာတဲ့အတွက်ကြောင့် ဒီဆေးကိုအားလုံးပဲ သောက်စေချင်ပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် လာမည့်၂၀၂၀ ပြည့်နှစ်၌ ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ရည်မှန်းဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ဆင်ခြေထောက်ရောဂါကင်းဝေးရန် ဆေးသောက်ရမည့်ဦးတည်အုပ်စုတွင် ပါဝင်သူများ အားလုံး ယခုတိုက်ကျွေးမည့်သန်ချဆေးပေါင်းကို ယုံကြည်စွာသောက်နိုင်ရန်နှင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။ ဇန်နဝါရီ ၁၆ရက်ကရန်ကုန်တိုင်းပြည်သူ့ကျန်းမာရေးဌာနတွင် ကျင်းပပြုလုပ်သည့် ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းအပြင် အခြားတိုင်းနှင့် ပြည်နယ်များတွင် အိမ်တိုင်ရောက် တိုက်ကျွေးမည်ဖြစ်ကာ ရန်ကုန်တိုင်း၌ အဆိုပါကာကွယ်ဆေးကို ၂၀၁၃ မှ ၂၀၁၈ အထိ ငါးနှစ်ဆက်တိုက်ကျွေးခဲ့တာဖြစ်ပြီး ဆေးတိုက်ကျွေးခြင်းမပြုလုပ်မီ မြို့နယ်အလိုက် စီမံချက်များ ရေးဆွဲပြီး ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းများတွင် ယင်းရောဂါနှင့် ပတ်သက်၍ အသိပညာပေးခြင်း ပြုလုပ်မည်ဖြစ်သည်။

ဆင်ခြေထောက်ရောဂါသည် သွေးကြောထဲတွင်နေသော သန်ကောင်ကြောင့် ဖြစ်ပွားပြီး ခြင်ကိုက်ခြင်းဖြင့် ကူးစက်နိုင်သည်။ ဆင်ခြေထောက်လက္ခဏာများသည် ချမ်းတုန်ဖျားခြင်း ယားယံ၍ အင်ပျင်ထွက်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ချောင်းဆိုးရင်ကျပ်ခြင်း အကျိတ်ရောင်ခြင်း ဝေ့ဝေ့စေမှား ရောင်၍ အောင့်ခြင်း နာခြင်း၊ ဆန်ဆေးရည်ကဲ့သို့ အဖြူရောင်ဆီးပျစ်ပျစ်သွားခြင်းနှင့် ဆီးထဲသွေးပါခြင်းတို့ဖြစ်သည်။ ရောဂါရင့်လာသည့်အခါတွင် ခြေလက်တို့တစ်ဖက်တည်း (သို့မဟုတ်)နှစ်ဖက်စလုံး ကြီးလာပြီး နောက်ဆုံးတွင် ဆင်ခြေထောက်အသွင်ဖြစ်လာသည်။

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးဖြစ်သည့် သန်ချဆေးပေါင်းသောက်သုံးခြင်းဖြင့် ဆင်ခြေထောက် သန်ကောင်များ သေကြေပျက်စီးပြီး ရောဂါကင်းစင်ခြင်း၊ ရောဂါပိုးမရှိသူများတွင် ရောဂါပိုးကူးစက်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

T.Z

Transcom News journal Cartoons

ပြည့်တန်ဆာဘဝများ၀ဲက အမျိုးသမီးအချို့ရဲ့ဘဝအကြောင်းအရာများနဲ့ သုံးရောင်ခြယ်

ဘ၀ အကြောင်းအမျိုးမျိုးကြောင့် မဖြစ်ချင်ပေမဲ့လည်း ပြည့်တန်ဆာ ဘ၀ရောက်ခဲ့ရတဲ့ အမျိုးသမီးတွေရဲ့ ဘ၀ကို တော်ဂီအလန်းတွေနဲ့ ရိုက်ကူးထားတဲ့ သုံးရောင်ခြယ်ရုပ်ရှင် ဇာတ်ကားကြီးကို ဒီတစ်ပတ်ရုပ်ရှင်ကြည့်မရိသက်များ ခံစားကြည့်ရှုနိုင်ဦးမှာဖြစ်ပါတယ်။ ဒါရိုက်တာစတီးလက ရိုက်ကူးပုံဖော်ထားပြီး အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မင်းမော်ကွန်း၊ အိချာပို၊ ရွှေသီးနဲ့. အနပ ညာရှင်များစွာ ပုံဖော်ရိုက်ကူးထားတာဖြစ်ပါတယ်။

အဲ့ကောင်မတွေကို ခေါ်သွား ... ရေရှိုးပြီး သုံးရောင်ခြယ်ခိုင်းလိုက်ဆိုတဲ့(မင်းမော်ကွန်း)၊ ဒီနွဲ့ထဲကရုံးထွက်နိုင်ဖို့အတွက်ကို ကမ်းတဲ့လက်တစ်စုံကို ရဲရဲ၀ံ့၀ံ့ဆုတ်ကိုင်လိုက်စမ်းပါဆိုတဲ့ (ခန့်စည်သူ)၊ ဒီနေ့တစ်နေကုန် Non Stop အလုပ်၀င်နေတာ ရှင်တစ်ယောက်ထဲနဲ့. ပြိုင်းသွားရင် ကျမပြာသွားမှာပေါ့ဆိုတဲ့ (အိချာပို)၊ မင်္ဂလာပါလို့.တော့ လာမနှတ်ဆက်နဲ့နော် ကျမအလုပ်ကမင်္ဂလာမရှိဘူး ဆိုတဲ့ (ရွှေသီး)..ဆိုတဲ့ မြင်ကွင်းများနဲ့ သုံးရောင်ချယ်အပြင်အဆင်များ ကြားဖြတ်သန်းနေကြတဲ့ အမျိုးသမီးတွေရဲ့ဘ၀ကို ပေါ်လွင်အောင်ရိုက်ကူးထားတာကတော့ သုံးရောင်ခြယ် ဇာတ်ကားကြီးပါ။

အိမ်စည

ဘ၀အဟောတွေ ပြေချင်တယ်ဆိုရင်ဖြင့် ကြီးလေးကြီးရှိတယ်...

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်ပြီး ဇာတ်လမ်းဇာတ်ညွှန်းဒါရိုက်တာ ပြည့်ဟိန်းသီဟရိုက်ကူးတဲ့ ကြီးလေးကြီးရုပ်ရှင် ဇာတ်ကား။ ဒီဇာတ်ကားမှာတော့ ကျေးရွာလူကြီး အုပ်ကြီးအဖြစ် အကယ်ဒမီလူမင်း၊ ကပ်စေးနဲလူဖျိုကြီး မောင်ကြီးအဖြစ် အကယ်ဒမီခန့်စည်သူ၊ ပစ္စည်းအပေါင်ခံပိုက်ဆံချေးငှားသူ အမျိုးကြီးတင်တင်ကြီးအဖြစ် အကယ်ဒမီအိန္ဒြာကျော်ဇင်၊ ကျေးရွာအတွင်း အတင်းလုည်ည်လည်ပြောသူအာကြီးအဖြစ် အကယ်ဒမီခိုင်သင်းကြည်တို့က ပါ၀င်သရုပ်ဆောင်ထားကြပါတယ်။

ဒုံအပြင် အခြားဟာသအနပညာရှင် သရုပ်ဆောင်တွေဖြစ်တဲ့ ခင်လှိုင်၊ ဒိန်းဇေါင်၊ တက္ကသိုလ်ဂွမ်းပုံ၊ ဇရာ၊ ဆင်မ၊ ကျော်ထူး၊ အုန်းသီး၊ စိန်သီး၊ ဝိစိ၊ ဖိုမြေ အေးချမ်း၊ 5Star အဖွဲ့၊ ဟားတသိုက်အဖွဲ့နဲ့ အခြားအနပညာရှင်များက ပါ၀င်သရုပ်ဆောင်ထားကြပါတယ်။

" ဒီကားထဲမှာတော့ ကိုယ်တရုပ်ကွက်အုပ်ချုပ်ရေးမှူး အုပ်ကြီးပေါ့။ ဖြစ်လာသမျှပြဿနာကို ဒိုင်ခံဖြေရှင်းရတယ်၊ အဲ့ထဲကမှ မရိုင်းလေး (ခိုင်သင်းကြည်) ဇာတ်လမ်းထဲမှာတော့ သူကအတင်းပြောတဲ့ အာကြီးပေါ့။ သူ့ကိုကိုယ်ကတစ်ဖက်သတ် ကြိုက်ပိုးပန်းတာပေါ့၊ နောက်တော့ ဖုးစာတလွဲနဲ့ သူများအပျိုကြီးတင်တင်ကြီးနဲ့မှာပြီး ညားကြတဲ့ဟာသဇာတ်လမ်းလေးလို့ ပြောရမှာပေါ့၊ ဒီကားလေးက အပိုအလိုမရှိဘဲ သေသေသပ်သပ်လေးနဲ့ သရုပ်ဆောင်တွေကလဲကိုယ်လို ပါရင့်တွေဖြစ်တာနဲ့အညီ သေသေသပ်သပ်လေးနဲ့အဓိမ္မာယ်ရှိရှိရယ်ရတဲ့ ကားလေးတစ်ကားပါ၊ အမှတ်တရကတော့ ဒီကားရိုက်စဉ်က ပုပ္ပားဆိုတာ ရိုက်ကူးနေကျနေရာတစ်ခုဖြစ်မေဲ့ ဒီကားရိုက်စဉ်မှာ ကိုယ်တို့လေးယောက်အတွဲ ညီခဲ့တာရယ်၊ အပြင်မှာလဲအတူသွားအတူစားနဲ့ ပျော်ပျော်ပါးပါးရိုက်ခဲ့ကြတာပါ" ဟုအကယ်ဒမီသရုပ်ဆောင်လူမင်းကပြောပါတယ်။

ကြီးလေးကြီးဇာတ်ကားနဲ့ ပတ်သက်ပြီး သရုပ်ဆောင်ကျော်ထူးကတော့ "ပရိသတ်ဘ၀အမောပြေအောင် ဖျော်ဖြေရေးအနေနဲ့တင်ဆက်တဲ့ ကားတစ်ကားအနေနဲ့မြင်ပါတယ်။ ကျွန်တော်ကဒီထဲမှာအရက်သမား အရှိန်ပြည့်ကျူးနေတယ်၊ အရက်သောက်ဖို့ရှိတဲ့ ထမင်းအိုး။ ဟင်းအိုးကိုပေါင်တယ်၊ မိန်းမသီဂနအရက် ဖိုးတောင်းတယ်၊ နောက်မိန်းမ ဖောက်ပြန်တယ်ဆိုပြီး အုပ်ကြီးကိုခဏခဏပြဿနာဖြေရှင်းဖို့ ရောက်ရတယ်၊ အဲဒီလိုလေးပေါ့၊ ဇာတ်ကား အမှတ်တရကတော့ ရိုက်နေတုန်းကလဲ အနပညာမောင်နမတွေစုစုကြတော့ ပျော်ပျော်ပါးပါးနဲ့ ပင်ပန်းလို ပင်ပန်းမှန်းမသိဘူး။ ဇာတ်ကားဘယ် လိုရိုက်ပြီးသွားမှန်းတောင် မသိပါ ဘူး" ဟုပြောပါတယ်။

ရုပ်ရှင်ချစ်ပရိသတ်ကြီးရေ..ဘ၀အမောတွေ ပြေချင်တယ်ဆိုရင်ဖြင့် ကြီးလေးကြီးရှိပါတယ်။ လက်မှတ်လေးများ အချိန်မီဝယ်ယူပြီး ....

အိမ်စည

ဓင်းလေးဒေသရဲ့ ရိုးရာယဉ်ကျေးမှုများနဲ့ သဘာ၀အလှအပများကို ခံစားရမယ့် လရောင်ဖြာတဲ့ဓင်းလေးမှာ...

ဒီဇာတ်ကား ကိုဒါရိုက်တာညွှန်မြန်မာ ညီညီအောင်က ရိုက်ကူးထားတာဖြစ်ပြီး နေတိုး(နှစ်ကိုခွဲ)၊ ဝါဇင်နဲ့ ဝတ်မှုရွှေရည်တို့က ပါ၀င်သရုပ်ဆောင်ထားတာဖြစ်ပြီး အင်းလေးဒေသရဲ့ အလှအပများကို နောက်ခံထားပြီး ရိုးရာလေ့များကို ခံစားကြည့်ရှုရမယ့် ဇာတ်ကားတစ်ကားပါ။

ဇာတ်လမ်းကတော့ ကြာညိုသွယ် (ဝတ်မှုရွှေရည်)က ဂီတကိုအလွန်ဝါသနာပါတဲ့ မိန်းကလေးတစ်ဦးပါ။ ကြာညိုသွယ်ရဲ့ အစ်ကိုဖြစ်သူ စိုင်းဝဏ္ဏာဝါဇင်)က ညီမကိုအလွန်ချစ်တဲ့ အစ်ကိုတစ်ယောက်ဖြစ်ပါတယ်။ တစ်နေ့တော့ သူတို့နေထိုင်တဲ့အင်းလေးကို မင်းနောင်ရိုး (နေတိုး)နဲ့ ဦးလူအောင်တို့ ပြောင်းလာကြပါတယ်။ တစ်ရက်မှာတော့ ဆိုင်ကယ်မတော်တဆဖြစ်လာတဲ့ ကြာညိုသွယ်ရဲ့ မိခင်ဒေါ်နန်းခမ်းမွန် (မေသဏ္ဌာဦး) လိုအပ်နေတဲ့ သွေးကို မင်းနောင်ရိုးက လှူပေးရင်းကနေသူတို့တွေခင်မင်သွားကြပါတယ်။ မင်းနောင်ရိုးကသူလိုပဲ ဂီတကိုပါသနာပါတဲ့ ကြာညိုသွယ်ကိုစီးရီးထုတ်ပေးဖို့ စီစဉ်ကြပါတယ်။

မင်းနောင်ရိုးတို့ ပြောင်းလာပြီး နောက်ပိုင်းမှာ လပြည့်နေ့တိုင်းမကောင်းဆိုးပါးတစ်ကောင်က ရွာသူရွာသားတွေကို သတ်ဖြတ်တာတွေကြုံလာရပါတယ်။ လပြည့်နေ့တိုင်းမှာ ကြာညိုသွယ်တို့ရွာလူတွေတစ်ယောက်ပြီးတစ်ယောက် အသတ်ခံရတာကြောင့် မင်းနောင်ရိုးကိုမသက်ာဖြစ်လာကြပါတယ်။ ဒီလိုနဲ့လပြည့်နေ့တစ်ရက်မှာတော့ စိုင်းဝဏ္ဏာ နဲ့ မကောင်းဆိုးပါးတို့ဆုံကြပြီး စိုးဝဏ္ဏာ ပစ်လိုက်တဲ့ ဓားကြောင့် သူ့မှာ ဒဏ်ရာရသွားပါတယ်။ ဒီမှာတော့ မင်းနောင်ရိုးကို မသက်ာ ဖြစ်နေတဲ့ စိုင်းသဏ္ဌာက ရွာကလူကြီးတွေကို ခေါ်ပြီး သူတို့အိမ်ကို ဝင်ရှာပေမယ့်ဘာမှမတွေ့ခဲ့ကြပါဘူး။ မင်းနောင်ရိုးရဲ့ လက်မှာလည်းဒဏ်ရာမတွေ့ရတာကြောင့် စိုင်းဝဏ္ဏာတို့တွေပြန်လာ ကြပါတယ်။

တကယ်တော့ မင်းနောင်ရိုးမှာ ထက်နောင်ရိုးဆိုတဲ့ အမွှာအစ်ကိုရှိပြီး သူတို့ရဲ့ဖခင်ဆေးသုတေသနပညာရှင် စိုက်ပျိုးထားတဲ့အသီးကို ထက်နောင်ရိုးက ခိုးစားမိရာကနေ လပြည့်နေ့ရောက်တိုင်းမှာ သွေးသားဖောက်ပြန်ပြီး မကောင်းဆိုးပါး အသွင် ပြောင်းလဲတာပါ။ ဒါကြောင့်ပဲ မင်းနောင်ရိုးတို့တွေ တစ်ရွာပြီးတစ်ရွာပြောင်းနေကြရတာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေနဲ့ ဘာဆက်ဖြစ်ကြမယ်ဆိုတာကတော့ ....

အိမ်စည

ဝါးတန်းမီးရထားကုန်စည်ရုံဝင်းအတွင်း ကွန်တိန်နာယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဝါးတန်းလမ်းဆိပ်ကမ်းမီးရထားကုန်တင်/ချတင်အတွင်း ကွန်တင်နာယာဉ်တစ်စီး ၆နာရီ ၁၆ရက် နံနက်၁၀နာရီခွဲခန့်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့် ကွန်တိန်နာယာဉ်သည် ဝါးတန်းမီးရထားကုန်ရုံဘူတာအတွင်း ရပ်ထားစဉ်ယာဉ်၏ရှေ့ခေါင်းခန်းဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ပြီး ယာဉ်၏ခေါင်းပိုင်းတစ်ခုလုံးမီး လောင်ကျွမ်းခဲ့ကြောင်းသိရသည်။

မီးက ၁၀နာရီခွဲလောက်ကစလောင်ပြီး မီးနိုးထွက်လာမှုသိရတယ်။ အနီးရှိမီးသတ်ဆေးဘူးသုံးဘူးနဲ့ သွားပြန်ပြောကြောင်း ဒါပေမဲ့မီးမငြိမ်၍ ဆိပ်ကမ်းမီးသတ်နဲ့အလုပ်မီးသတ်တွေကို ဖုန်းလှမ်းဆက်အကြောင်းကြားရကြောင်း ကွန်တိန်နာအခွံကိုတင်ထားပြီး ပြန်ထွက်မလို့။ အရိပ်ဘာကရော့ က ကားတစ်စီးပိတ်နေလို့ ကားစက်ရပ်ပြီး ပိတ်နေတဲ့ကားသွားရွှေ့နေတဲ့အချိန်မှာ စက်သတ်ထားတဲ့ကားကဝိုင်ယာရှော့ဖြစ်ပြီး လောင်ကြောင်း မီးသတ်မှသိရသည်။

အဆိုပါ ယာဉ်မီးလောင်ရာနေရာသို့ ဆိပ်ကမ်းမီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီး ကျောက်တံတားမြို့နယ်မှမီးသတ်ယာဉ်လေးစီးနှင့် မီးသတ်တပ်ဖွဲ့တင် ၂၅ဦးခန့်ဖြင့် မီးငြိမ်မှီသတ်ခဲ့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင့် မီးလောင်မှုနှင့် ပတ်သက်၍ ကွန်တိန်နာယာဉ်မောင်းဖြစ်သူအား ဆိပ်ကမ်းမြို့မရဲ့စခန်းက (၁)၁၉/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မဖြင့် ၂၈၅ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ကျော်ကျော်

YRTA ခွင့်ပြုချက်မရှိဘဲ City Bus များ တင်သွင်းပြေးဆွဲပါက အရေးယူမည်

YBSယာဉ်လိုင်းများအနေဖြင့် YRTA ခွင့်ပြုချက်မရှိဘဲ City Busယာဉ်များ တင်သွင်းပြီး ပြေးဆွဲပါက အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသည်။

YBSဂျမ္ဘူကီများ။ YBSယာဉ်လိုင်းများအနေဖြင့် YRTA၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပယာဉ်တင်သွင်းသည့် ဂျမ္ဘူကီများထံမှ ခရီးသည်တင် City Busယာဉ်များမှာ ယူတင်သွင်းပြီး YBSယာဉ်ပြေးဆွဲခြင်း လုပ်ငန်းမှ ရင်စဲသည်အထိအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ချက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပိုမိုကောင်းမွန်သောခရီးသည်ပို့ဆောင်ရေးစနစ်ကို ၂၀၁၇ခုနှစ်ပါရီ ၁၆ရက်မှစ၍ စနစ်တကျအဆင့်ဆင့် ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားပြည်သူများသွားလာရေးတွင် လုံခြုံချောမွေ့စေရန် YBSယာဉ်များဖြင့် စီမံထားရှိကြောင်း သိရသည်။

YBSစနစ် အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုများအနေဖြင့်ယာဉ်တိုက်မှုများ လျော့နည်းလာခြင်း၊ ခေတ်မီယာဉ်သစ်ကြီးများဖြင့် ခရီးသွားပြည်သူများကို ဈေးနှုန်းချိုသာစွာ ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ခရီးသွားပြည်သူများ၏ လိုအပ်ချက်အတွက် ဘတ်စ်ကားများတိုးချဲ့ပြေးဆွဲခြင်း၊ ယာဉ်များအားအလုံးစုံ အာမခံထားရှိစေခြင်းဖြင့် ယာဉ်ပိုင်ရှင်နှင့် ခ ရီးသွားပြည်သူများအား ကာကွယ်မှုပေးနိုင်ခြင်း၊ စိန်ခေါ်မှုများအနေနဲ့နည်းပညာပူးပေါင်းပေးဆောင်ရွက်မှုနှင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ စိန်ခေါ်မှုများကြေ့ တွေ့ရကြောင်း YBSအမှုဆောင်အရာရှိချုပ် စောဘိုဘိုမ၏ ၆နံနက်ပါရီ ၁၆ရက်က Sky Starတိုတယ်တွင် ပြုလုပ်သည့် YRTAနှင့် YBSတစ်နစ်ပြည့်နှစ်ပတ်လည် အခမ်းအနားမှ သိရသည်။

ပိုးအိမ်

စစ်တွေကမ်းနားမြို့သစ်စီမံကိန်းတွင် မြေကွက်တစ်စတုရန်းပေကို သောင်းဂဏန်းဈေးဖြင့် ရောင်းချပေးမည်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဖြစ်ကမ်းတစ်လျှောက်တွင် တည်ဆောက်မည့် စစ်တွေကမ်းနားမြို့သစ်စီမံကိန်းမှ မြေကွက်များအား တစ်စတုရန်းပေကို သောင်းဂဏန်းဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၈ရက်က Central Hotel၌ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ စီမံကိန်းကို ရခိုင်ပြည်နယ်အစိုးရနှင့် ကိုရီးယားကုမ္ပဏီဖြစ်သော BXT Inernational Co., Ltd.တို့မှ အကျိုးတူပူးပေါင်း၍ မြေဧက (၉၀)ခန့်ရှိ စစ်တွေကမ်းနားမြို့သစ်ပရောဂျက်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဝယ်ယူသူများအတွက် ရခိုင်ပြည်နယ်အစိုးရမှ နှစ်ဝဝဂရန်မြေ ထုတ်ပေးသွားမည်ဖြစ်ကြောင်း iMyanmar House.comမှ မန်နေဂျင်းဒါရိုက်တာဦးနေမင်းသူက ပြောသည်။

"BXTကုမ္ပဏီကိုယ်တိုင်က ဒီပရောဂျက်ကို အာမခံအရစ်ကျစနစ်နဲ့ ရောင်းချမှာဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ပါဝင်တဲ့ ကိုက်ညီတဲ့နေရာတွေကို မြေ သားအနေနဲ့ပဲ ရောင်းချပေးသွားမှာပါ။ ဒီမြေနေရာကနေထွက်လာမယ့်ကွန်ဒိုတွေ၊ တိုက်ခန်းတွေ၊ အဆောက်အဦးတွေ စတာတွေကိုအနည်းဆုံး သိန်းရာဂဏန်းကနေထောင်ဂဏန်းထိ ရောင်းချသွားမှာပါ"ဟု ၎င်း ကပြောသည်။

လက်ရှိတွင် ယင်းစီမံကိန်းမှာ၅၀ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်ကာ၊ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉ သန်းကျော်ကုန်ကျမည် ဖြစ်ပြီး၊ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလကုန် အတွင်းမြေဖိုခြင်း၊ ရေမြောင်းဖောက်ခြင်း၊ လမ်းဖောက်ခြင်းနှင့် လျှပ်စစ်မီးရရှိရေအောင် လုပ်ဆောင်ပေးခြင်း လုပ်ငန်းများကို အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီစီမံကိန်းကို ၂၀၁၆ခုနှစ်မှာ MICကိုတင်ခဲ့တာပါ။ အကျိုးတူပူးပေါင်းတာက ရခိုင်အစိုးရက ၃၀ရာခိုင်နှုန်းရယူပြီး ကျန်တာကို BXTက ရရှိမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့က တော့ ဒီလုပ်ငန်းကိုအောင်မြင်အောင် လုပ်ဆောင်တဲ့နေရာမှာဥပဒေနည်း ဥပဒေပိုင်းတွေနဲ့ အကူအညီပေးရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းတစ်ခုလုံးအတွက် ကုန်ကျစရိတ် နည်းပညာနဲ့ လုပ်ငန်းလုပ်ဆောင်ချက်တွေအားလုံးကို BXTကဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန် ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်ကျော်ဇံ၏ ကပြောသည်။

ယင်းစီမံကိန်းထဲတွင် စုပေါင်းအိမ်ရာ၊ လက်လီလက္ကားစျေးကွက်၊ အလယ်အလတ်အမြင့်ရှိသော ကွန်ဒိုဓနိယံများ။ ဂိုဒေါင်နှင့် ပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုများ။ ကုန်သွယ်မှုစီးပွားရေး၊ ပါးစက်ရုံများနှင့် အပန်းဖြေနေရာများ စသည်တို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"စစ်တွေကမ်းနားမြို့သစ် စီမံကိန်းဟာ မြေဧကပေါင်း ၉၀နီးပါးကို မြေမှိုပြည်ပြင်ပြီး အကောင်အထည်ဖော်သွားမယ့် အလွန်ကြီးမားတဲ့စီမံကိန်းတစ်ခုပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကုန်သွယ်မှုနေရာတွေ၊ လက်လီလက္ကားစျေးကွက်တွေ၊ ဂိုဒေါင်နဲ့ ပို့ဆောင်ရေးဝန်ဆောင်မှုတွေ အဆောက်အဦးများစွာနဲ့စက်ရုံများကိုတည်ဆောက်ဖော်ဆောင်သွားမှာဖြစ်ပါတယ်"ဟု BXT၏ Mr. Steve Park ကပြောသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စစ်တွေမြို့ရှိ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းစဉ်များကိုလည်း ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ရန် အတွက် ၂၀၁၆ခုနှစ် မတ်လတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ပြီး iMyanmarHouse.comမှ တာဝန်ယူ ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဝေဝေ

ဧပြီ ၁ ၊ ၂၀၁၈
ဘယ်သူ့ကိုမှ ယုံကြည်ခြင်းမရှိ
ကျွန်တော်ပဲ ကိုယ်တိုင်ပဲ
ဟုတ်ပါတယ်
ဟုတ်ပါတယ်
ဟုတ်ပါတယ်

သီတဂူကမ္ဘာ ဗုဒ္ဓတက္ကသိုလ်တွင် ဗုဒ္ဓဘာသာဆိုင်ရာ ဘွဲ့များပေးအပ်ချီးမြှင့်ရန် ဘွဲ့နှင်းသဘင်ကျောင်းဆောင် ဖွင့်လှစ်

မန္တလေးသီတဂူ ကမ္ဘာဗုဒ္ဓတက္ကသိုလ်တွင် ဗုဒ္ဓဘာသာဆိုင်ရာဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ရန် ရန်ကုန်မြို့တော်ဝင်မိသားစုမှ ဆောက်လုပ်ကူပံ့ငွေနှင့်သီတဂူတော်ဝင် သဒ္ဓမ္မဇောတိက သ္သန္ဓိမဟာအမည်ရှိ ဘွဲ့နှင်းသဘင်ကျောင်းဆောင်ကြီးကို ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့)က မန္တလေးတောင်ခြေ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်ကျောင်းတော်ဝင်းအတွင်း ဖွင့်ပွဲကျင်းပခဲ့သည်။

ကျော်ကျော်

Vietjet က ပထမဆုံးသော A321neo "new-engine option" လေယာဉ်နှင့် အရှေ့တောင်အာရှကို မိတ်ဆက်

ဂျာမနီနိုင်ငံ ဟမ်ဘော့ဂ်မှ ပျံသန်းလာသည့် Airbus လေယာဉ်ကြီး ဗီယက်နမ်နိုင်ငံ Tan Son Nhat အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းသို့ ဆိုက်ရောက်ပြီးချိန်မှစ၍ ခေတ်သစ်လေကြောင်းဝိုင်းဆောင်ရေးကုမ္ပဏီ Vietjet သည် အရှေ့တောင်အာရှသို့ A321neo (new engine option) လေယာဉ်ကို ဆောင်ယူလာသည့်ပထမဦးဆုံးသောလေကြောင်းလိုင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည့် VN-646 အဖြစ် မှတ်ပုံတင် စာရင်းဝင်သည့် A321neo ကို Pratt&WhitneY ၏ နောက်ဆုံးမျိုး ဆက်သစ်ဖြစ်သော GTF အင်ဂျင်ဖြင့် မောင်းနှင်ခြင်းဖြစ်ပြီး ဖိအိမ်ရှိရှိ ထိုင်နိုင်သော သားရေဖုံး ထိုင်ခုံပေါင်း ၂၃၀ နှင့် အရည်အသွေးမြင့် ကော်ဖေများခင်းထားသော ကျယ်ဝန်းသည့် လေယာဉ်သစ်ကြီး A321-neo ၏ ရှေ့ဆုံးခုံတန်းပါးတန်းသည် Vietjet ၏ Skyboss ခရီးသည်များ အတွက် ထိပ်တန်း၀န်ဆောင်မှုများကို ပေးနိုင်အောင် အထူးပုံဖော်ထားကြောင်း လေယာဉ်၏အတွင်းပိုင်းတွင် ဆန်းကြယ်လှပစွာ အရောင်များပြောင်းပေးနိုင်သည့် LED light system ထည့်သွင်းထားပြီး လေယာဉ်ခန်းတစ်ခုခုးကို သက်သောင့်သက်သာရှိပြီး ထူးခြားနှစ်သက်စရာကောင်းသော ဝန်းကျင်အနေအထားတစ်ခုဖြစ်အောင် ရင်သပ်ရွှမောဖွယ် မွမ်းမံပြင်ဆင်မှုများဖြင့် ဇန်ဟီးအလှဆင်ထားသည်။

A321neo လေယာဉ်အသစ်စက်စက်ကြီးတွင် နောက်ဆုံးပေါ် အင်ဂျင်စက်ဒီဇိုင်း၊ အဆင့်မြှင့်အယ်ရိုနမစ်ပညာနှင့် ဆန်းသစ်တီထွင်ထားသော လေယာဉ်ကိုယ်ထည်ခန်းတို့ ပေါင်းစပ်ဖွဲ့စည်းထားပြီး လေယာဉ်ထုတ်လုပ်သူများ၏ အဆိုအရ ၄င်း၏ GTF အင်ဂျင်သည် လောင်စာသုံးစွဲမှုကို သိသိသာသာလျှော့ချပေးနိုင်ရာ စတင်ပြေးဆွဲချိန်တွင် ၁၆ ရာခိုင်နှုန်းမှသည် ၂၀၂၀ ပြည့်နှစ်ရောက်ချိန်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အသံဆူညံမှုတွင် ၇၅ ရာခိုင်နှုန်းနှင့် ကာဘွန်နိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုတွင် ၅၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်းသိရသည်။ ဤအင်ဂျင်များကို Pratt & Whitney က ၂၀၁၆ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး Vietjet သည် လေယာဉ်တည်ဆောက်ရာတွင် အဆိုပါအင်ဂျင်များကို ထည့်သွင်းဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ပထမဆုံးလေကြောင်းလိုင်းများထဲမှ တစ်ခုဖြစ်ကြောင်း A321neo သည် လည်း ၂၀၁၇ ခုနှစ်အတွင်း Airbus မှ Vietjet သို့ ရောင်းချပေးသော ၁၇ စင်းမြောက် လေယာဉ်ဖြစ်သည်။

လေယာဉ်သစ်ကြီးသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ဗီယက်နမ်ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို စတင်ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်လက်ခံရယူသည့်နေ့တွင် လက်ရှိမှာ ယူထားသော A320neo လေယာဉ် ၄၂ စင်းကို ပိုမိုအဆင့်မြင့်ပြီး ပိုမိုကြီးမားသော A321neo model များ သို့ တိုးမြှင့်မှာယူမည့်အကြောင်းကို လည်း Vietjet က ထုတ်ပြန်ကြေညာလိုက်သည်။ သို့ဖြစ်၍ လေကြောင်းလိုင်းသည် ယခုလက်ရှိတွင် A321neo ၇၃ စီးနှင့် A321neo ၁၁ စီးမှာယူထားပြီးဖြစ်ကြောင်း သိရသည်။ကျော်ကျော်

ခနောင်၏ "ကြွယ်ဝတဲ့အရသာ-ကြွယ်ဝတဲ့ဘဝ" ကံစမ်းမဲအစီအစဉ်မှ သိန်း၁၀၀ဆုရှင် နှစ်ဦးအဝါအဝင် ကံထူးရှင် ၉၁ ဦးအား ဂုဏ်ပြု

Unilever Myanmar ၏ ခနောကြက်သားမုန့်၏ "ကြွယ်ဝတဲ့အရသာ-ကြွယ်ဝတဲ့ဘဝ" ကံစမ်းမဲအစီအစဉ်မှ ကျပ်သိန်းတစ်ရာကံထူးရှင်နှစ်ဦးဖြစ်သည့် ရန်ကုန်မှ ဦးစိုးညွှန့်နှင့် မွန်ပြည်နယ်မှ ဝေဝေမွန်တို့ဖြစ်ကြောင်း ခနောမှ သိရသည်။ "ကြွယ်ဝတဲ့ အရသာ-ကြွယ်ဝတဲ့ဘဝ"ကံစမ်းမဲအစီအစဉ်မှကျပ်သိန်း ၁၀၀ ကံထူးရှင်နှစ်ဦးအပါအဝင် စုစုပေါင်းကံထူးရှင် ၉၁ ဦး ထွက်ပေါ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"သင်သိန်း၁၀၀ဆုအား ကံထူးပါသည်လို့ စာရောက်လာကတည်းက ကျွန်တော်တို့အရမ်းပျော်သွားတာပါ။ ကျွန်တော်တို့ သိန်း ၁၀၀ဆုကို လိုချင်ခဲ့ပေမယ့် မမျှော်လင့်ထားခဲ့ပါဘူး။ အခုလိုပေါက်သွားတော့ အရမ်းပျော်ပြီး ကျွန်တော့်မိန်းမကို တောင်ပွေ့ချီလိုက်ပါသေးတယ်"ဟု ဦးစိုးညွှန့်မှ ပြောကြားခဲ့သည်။ ထပ်မံပြီး ကံထူးရှင် မဝေဝေမွန်မှလည်း "ကျွန်မဘာပြောရမှန်း မသိအောင်ကို အရမ်းပျော်နေပါတယ်၊ ကျွန်မရဲ့စိတ်ကူးတွေအမှန်တကယ်ဖြစ်လာသလိုပါပဲ"ဟု ပြောကြားခဲ့သည်။

Unilever မှ Brand Manger ဖြစ်သူ မချောစုစုဌေးမှလည်း "ကံထူးရှင်တွေကို ဆုချီးမြှင့်ပေးဖို့ ကျွန်မတို့လည်း အရမ်းစိတ်ရှုပ်ရှားနေပါတယ်။ မြန်မာပြည်အနှံ့မှ ခနောသုံးစွဲသူတွေ "ကြွယ်ဝတဲ့အရသာ-ကြွယ်ဝတဲ့ဘဝ" ကံစမ်းမဲအစီအစဉ်မှာ တက်တက်ကြွကြွနဲ့ ပါဝင်နေကြတာတွေ့ရတဲ့အပြင် သူတို့အတွက် အနုံအရသာနဲ့ ပြည့်ဝတဲ့ မိသားစုထမင်း ဝိုင်းလေးကို ဖန်တီးပေးရုံနိုင်သာမက ပျော်ရွှင်မှုတွေယူဆောင်ပေးနိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေတာကြောင့်ကျွန်မတို့လည်း ပိုပြီးပျော်ရွှင်ရပါတယ်။နောက်ထပ်မံပြီးတော့ ကျွန်ရှိနေသေးတဲ့ ဆုမဲပေါင်းများစွာအတွက် မြန်မာပြည်တစ်ဝှမ်းမှ ကံထူးသူတွေ ထပ်မံပေါ်ထွက်လာဖို့ မျှော်လင့်နေပါတယ်" ဟု ပြောကြားခဲ့သည်။

ထပ်မံကံစမ်းပါဝင်မည့်သူများ ကိုလည်း ကံထူးရှင်နှစ်ဦးက ခနော၏ကံစမ်းမဲအစီအစဉ်သည် ဆုမဲပေါင်းများစွာကို အမှန်တကယ်ပေးနေကြောင်းနှင့် အဖိုးတန်ဆုကြီးများစွာကို ကံထူးပြီး ပျော်ရွှင်နိုင်ရန်အခွင့်အလမ်းများရှိနေသောကြောင့် ဤအစီအစဉ်တွင် ပါဝင်ရန် တိုက်တွန်းနှိုးဆော်လိုက်ကြောင်းလည်းပြောကြားသည်။ ကံစမ်းမဲအစီအစဉ်မှ ထွက်ပေါ်ခဲ့ပြီးသော ကံထူးရှင် ၉၁ ဦးအနက်မှ သိန်း ၁၀၀ဆုရှင် ၃ဦး၊ စိန်လက်စွပ်ကံထူးရှင် ၁၀ဦး၊ စင်ကာပူသို့သွားရောက်လည်ပတ်နိုင်မည့် ခရီးစဉ် ကံထူးရှင် ၅ဦးနှင့် မြန်မာကျပ် ၅သောင်းဆုရှင် ၇၃ဦးတို့ ပေါ်ထွက်ခဲ့ပြီး၊ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၁ရက်နေ့မှ စတင်ပြုလုပ်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇေဖော်ဝါရီလကုန်ထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကာ စိတ်ဝင်စားဖွယ်ရာ ဆုမဲပေါင်းများစွာလည်း ထပ်မံကံထူးနိုင်ရန်ကျွန်ရှိနေကြောင်း သိရသည်။

ကျော်ကျော်

စတုတ္ထမြောက်အော်ပရေတာ Mytel က ရာခိုင်နှုန်း ၇၀ ကျော်ရက် ပြင်ဆင်ထားပြီး ယခုနှစ်ပထမဆုံးလအတွင်း စတင်ဝန်ဆောင်မှုပေးမည်

စတုတ္ထမြောက်ဆက်သွယ်ရေးအော်ပရေတာ Mytel ကရာခိုင်နှုန်း ၇၀ကျော်ရက်ပြင်ဆင်ပြီးစီးထားကာ ယခုနှစ် ပထမဆုံးလအတွင်းမိတ်ဆက်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း Mytel မှသိရသည်။

လက်ရှိမှာ စတင်မိတ်ဆက်ဖို့ အတွက်ပြင်ဆင်နေကြောင်း ရက်ကို တော့ တိတိကျကျမပြောနိုင်သေးကြောင်းပြောပြီး ခါမှရက်အပြောင်းအလဲဖြတ်တာမျိုးတွေရှိလာမှာ စိုးကြောင်း ဒီလိုမျိုး၊စတင်မိတ်ဆက်ဖို့ အတွက်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ. ခွင့်ပြုချက်ယူရတဲ့ အပိုင်းတွေရှိ ဒါတွေအားလုံး အဆင်သင့်ဖြစ်တော့မှ မိတ်ဆက်ပွဲလုပ်ပြီး စတင်ရောင်းချဝန်ဆောင်မှုပေးသွားမှာ Mytel မှတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

Mytel တွင် ပူးပေါင်းလုပ်ကိုင်နေသူအားလုံး၏ လက်ရှိရင်နီးမြှုပ်နှံမှုမှာ လိုင်စင်ကြေးများအပါအဝင် အမေရိကန်ဒေါ်လာတစ်ဘီလျံနီးပါး ခန့်ကြောင်းသိရသည်။

ပြည်တွင်းဖက်စပ်ကုမ္ပဏီအနေဖြင့် Myanmar National Telecom Holding Public Limited မှ ၂၃ရာခိုင်နှုန်း၊ Star High Company Limited မှ ၂၈ရာခိုင်နှုန်းနှင့် စုစုပေါင်း၅၁ ရာခိုင်နှုန်းပါဝင်ခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် ဗီယက်နမ်နိုင်ငံ Viettel ကုမ္ပဏီမှ၄၉ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားပြီးပို့ဆောင်ဆက်သွယ်ရေး၀န်ကြီးဌာနက လိုင်းအသုံးပြုခအနေဖြင့် Myanmar National Tele & Communications ကုမ္ပဏီအားအမေရိကန်ဒေါ်လာသန်း ၃၀၀ဖြင့်ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ကိုရီးယားနှစ်နိုင်ငံ တင်းမာမှုများ လျော့ချရေး စစ်ဘက်ဆိုင်ရာ ဆွေးနွေးရန် သဘောတူ

နစ်နိုင်ငံတင်းမာမှုများ လျော့ချရန်အတွက် စစ်ဘက်ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်သွားရန် တောင်နှင့်မြောက်ကိုရီးယားနစ်နိုင်ငံ သဘောတူညီမှုရရှိခဲ့ကြောင်း သိရှိရသည်။ တောင်ကိုရီးယားတွင် ကျင်းပသည့် ဆောင်းရာသီအိုလံပစ်တွင် မြောက်ကိုရီးယားအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ရေး ဆွေးနွေးမှုများနှင့်အတူ နစ်နိုင်ငံတင်းမာမှုလျော့ချရန် ကိစ္စကိုပါ ဇန်နဝါရီ ၉ရက်က တစ်ပါတည်းညှိနှိုင်းခဲ့ခြင်း ဖြစ်သည်။

နစ်နိုင်ငံစစ်တပ်အရာရှိများ ဆွေးနွေးမှုအတွက်သဘောတူခဲ့သလို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ကြား အရေးပေါ်အခြေအနေအတွက် ဆက်သွယ်ရန်ထားရှိသည့် ဖုန်းလိုင်းကိုလည်း ပြန်ဖွင့်ထားရန် သဘောတူညီမှုရရှိခဲ့သည်။ ယခင်က မြောက်ကိုရီးယားသည် အဆိုပါ ဖုန်းလိုင်းကို ပိတ်ထားခဲ့သည်။

နစ်နိုင်ငံနယ်စပ်ရိုပြိုးချမ်းရေးကျေးရွာတွင် ဇန်နဝါရီ ၉ရက်က ပြုလုပ်သော ဆွေးနွေးမှုများသည် ပြိုင်ဘက်နစ်နိုင်ငံ၏ထိပ်တန်းအရာရှိများကြား ၂နှစ်အတွင်းပထမဆုံးအကြိမ် တွေ့ဆုံမှုလည်း ဖြစ်လာသည်။

ဆွေးနွေးမှုများသည် ယေဘုယျအားဖြင့် အပေါ်းလက္ခဏာဆန်ခဲ့သော်လည်း ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေး အဆိုပြုမှုနှင့်ပတ်သက်၍မူ မြောက်ကိုရီးယားဘက်က လိုလိုလားလားမရှိခဲ့ဟုတောင်ကိုရီးယားအစိုးရက ထုတ်ပြန်အတည်ပြုခဲ့သည်။

တောင်ကိုရီးယား၏ အဓိကစစ်ရေးမဟာမိတ်အမေရိကန်ပြည်ထောင်စုက ယခုဆွေးနွေးမှုကို ကြိုဆိုသော်လည်း သတိကြီးစွာဖြင့် စောင့်ကြည့်နေကြောင်း ဆိုသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်းရာသီအိုလံပစ်တွင် မြောက်ကိုရီးယားအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မှုသည် ကုလသမဂ္ဂ၏ အရေးယူသတ်မှတ်ချက်များကို ဖောက်ဖျက်ကြောင်း သေချာနိုင်မာစေရန် တောင်ကိုရီးယားအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကြေညာထားသည်။

ဆွေးနွေးမှုများတွင် တောင်ကိုရီးယားက ဒေသတွင်းတင်းမာမှုများ မြင့်တက်လာစေမည့် ရန်လိုမြင်းခြောက်မှုများ မပြုလုပ်ရန် တောင်းဆိုခဲ့ပြီး မြောက်ကိုရီးယားကလည်း ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးရရှိနေစေရေးအား ထုတ်သွားမည်ဟု ကတိပေးခဲ့သည်။ ညှိနှိုင်းမှုများတွင် ၂၀၀၆ခုနှစ် အိုလံပစ်နည်းတူ တောင်နှင့်မြောက်ကိုရီးယားအားကစားအဖွဲ့များ အတူပူးပေါင်းချီတက်ရန်၊ ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာသွားသည့် မိသားစုများပြန်လည် တွေ့ဆုံခွင့်ရရန်တို့ကိုလည်း တောင်ကိုရီးယားကတောင်းဆိုခဲ့သည်။ ထိုအပြင် အိုလံပစ်ပြိုင်ပွဲနှင့်ပတ်သက်၍ မြောက်ကိုရီးယား၏ ထိရောက်အဆင်ပြေစွာ ပါဝင်နိုင်ခွင့်အတွက်လည်း ကုလသမဂ္ဂ၏ အရေးယူဝိတ်ဆို့မှုပါ အချက်အချို့ကို တောင်ကိုရီးယားက လျှော့ပေါ့ပေးထားမည်ဟု သိရသည်။

မြောက်ကိုရီးယားက အဆိုပါ တောင်ဆိုမှုများနှင့် ပတ်သက်၍ မည်သို့မည်ပုံသဘောထားသည် ဆိုခြင်းကို မူ တိတိကျကျမကြေညာသေးချေ။ မြောက်ကိုရီးယား ဘက်မှ ဦးဆောင်ဆွေးနွေးသည့် ရီဆွန်ဂွမ်းက ရန်လိုသည့် သဘောမျိုး၊ လိုက်လျောသည့် သဘောမျိုးတစ်ဖက်ဖက်သို့ ယိမ်းခဲခြင်းမရှိခဲ့ဘဲ နှစ်သစ်တွင် ကိုရီးယားနှစ်နိုင်ငံ လုံးအတွက် ကောင်းမွန်သည့် လက်ဆောင်မျိုးပိုင်ဆိုင်စေလိုကြောင်း၊ အရာရာကို မြောက်ကိုရီးယားအနေဖြင့်အလေးအနက် သဘောထား စဉ်းစားမည်ဖြစ်ကြောင်း သာပြောဆိုသွားခဲ့သည်။

လရောင်
Ref: BBC

မြောက်ကိုရီးယားနှင့် စစ်ဖြစ်နိုင်ခြေကို အလေးအနက် စဉ်းစားရန်လိုဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဆို

အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနှင့် စစ်ဖြစ်နိုင်ခြေကို အလေးအနက်သဘောထားရန် လိုအပ်နေပြီဟု နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆန်က ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယာဖရီးလန်းနှင့် အတူ သတင်းထောက်များကို တွေ့ဆုံရှိနိုင့် တီလာဆန်က ယခုလို မှတ်ချက်ပေးခဲ့ခြင်း ဖြစ်သည်။ မြောက်ကိုရီးယားပြဿနာနှင့် ပတ်သက်၍ ကနေဒါတွင် ကျင်းပသည့် မူဝါဒရေးရာအစည်းအဝေးတစ်ခုအပြီးတွင် တီလာဆန်ကသတင်းထောက်များကို တွေ့ဆုံခဲ့သည်။

မြောက်ကိုရီးယားနှင့် စစ်ဖြစ်နိုင်ခြေအလားအလာအပေါ် အမေရိကန်ကမည်သို့သဘောထားရှိမြင်ကြောင်း သတင်းထောက်တစ်ဦးက မေးမြန်းသည့် အခါ တီလာဆန်က "ကျွန်တော့် အထင်တော့ ကျွန်တော်တို့ အားလုံးဟာ လက်ရှိ အခြေအနေအပေါ် လေးလေးနက်နက်နဲ့ အမြင်ရှင်းရှင်း ရှုမြင်နိုင်ဖို့ လိုနေပါပြီ၊ မြောက်ကိုရီးယားဟာ နျူကလီးယားလက်နက်နဲ့ တိုက်ချင်းပစ်ခုံးကျည် နည်းပညာတွေမှာ ထင်သာမြင်သာ တိုးတက်မှုတွေ ဆက်ရှိနေတာကို တွေ့နိုင်ပါတယ်။ ဒီလက်နက်တွေရဲ့ အဖျက်စွမ်းအား ဘယ်လောက်ရှိသလဲဆိုတာကို သူတို့ရဲ့ နောက်ဆုံးစမ်းသပ်မှုတွေမှာ ခန့်မှန်းလို့ရပါတယ်၊ သူတို့ဟာ တာဝေးပျံသန်းနိုင်တဲ့ တိုက်ချင်းပစ်ခုံးကျည်စနစ်မှာလည်း တိုးတက်မှုတွေရှိလာအောင် လုပ်ဆောင်နေနိုင်ဆဲပါ"ဟု ဖြေကြားခဲ့သည်။

ၫင်းက ဆက်လက်၍ "မြိမ်းခြောက်မှုတွေက ကြီးထွားလာနေတယ်ဆိုတာကို ကျွန်တော်တို့ သေချာသတိထားရပါမယ်။ မြောက်ကိုရီးယားကတွေ့ဆုံဆွေးနွေးဖို့ ညှိနှိုင်းဖို့နည်းလမ်းမျိုးကို လက်မခံဘူးဆိုရင် တခြားရွေးချယ်စရာကိစ္စတွေက အထမြောက်လာနိုင်ပါတယ်"ဟုလည်း မှတ်ချက်ပေးခဲ့သည်။ ဗန်ကူးဗားမြို့တွင် ပြုလုပ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်လာသောနိုင်ငံများက မြောက်ကိုရီးယားသို့ နျူကလီးယားလက်နက်နှင့် တိုက်ချင်းပစ်ခုံးကျည်နည်းပညာအထောက်အပံ့ပစ္စည်းများကို မှောင်ခိုတင်ပို့မှုများ ပိုမိုကန့်သတ်ဟန့်တားရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်းလည်းသိရသည်။

လတ်တလောတွင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့သည် ဖေဖော်ဝါရီတွင် ကျင်းပမည့် ဆောင်းရာသီအိုလံပစ်၌ မြောက်ကိုရီးယားအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ရေး ဆွေးနွေးနေကြပြီး အမေရိကန်က ဂူအစ်ကျွန်းသို့ YB-52မဟာမျိုးဟာ ဗုံးကြဲလေယာဉ်များကို စေလွှတ်ထားသည်၊ မြောက်ကိုရီးယားကမူ အမေရိကန်ဗုံးကြဲလေယာဉ်ကြီးများ ဂူအစ်သို့ရောက်ရှိနေခြင်းနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ကို စိတ်ကူးယဉ်လွန်းသည့် အရူးတစ်ယောက်ဟု လှောင်ပြောင် ဝေဖန်ခဲ့သည်။

လရောင် – Ref: CBS

ထရမ့်ကြောင့် နိုင်ငံတကာတည်ငြိမ်မှု ပျက်ပြားနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဝေဖန်

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် နိုင်ငံတကာတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေအောင် လုပ်ဆောင်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်မ်ရော့ဗ်က ဝေဖန်စွပ်စွဲလိုက်သည်။

ထရမ့်၏ နိုင်ငံခြားရေးမူဝါဒများသည် ကမ္ဘာ့နိုင်ငံအများအပြား၏ တည်ငြိမ်မှုကို ထိချက်ပြင်းစွာ ရိုက်ခတ်နေကြောင်း လက်မ်ရော့ဗ်ကဆိုသည်။ လက်မ်ရော့ဗ်သည် ထရမ့်ကို တိုက်ရိုက်နာမည်တပ်၍ မပြောခဲ့သော်လည်း ၎င်း၏ မြောက်ကိုရီးယားနှင့် အီရန်နျူကလီးယားအရေး မူဝါဒများကြောင့်ကမ္ဘာ့တည်ငြိမ်အေးချမ်းမှုအပေါ် ဂယက်ရိုက်နေကြောင်း ပြောဆိုသွားသည်။

ကိုရီးယားကျွန်းဆွယ် ပဋိပက္ခနှင့်ပတ်သက်ပြီး လက်မ်ရော့ဗ်က "အမေရိကန်က ဒီကိစ္စမှာ စစ်ရေးအရ အရေးယူဆောင်ရွက်ဖို့ ရှောင်လွှဲမရနိုင်ဘူးဆိုတာမျိုး တော်တော်လေး မြောင်းကျက္ကပြောထားတယ်။ ဒါပေမဲ့ လူတိုင်းလည်း သိပြီးသားပါ။ အခုလို အဆင်ခြင်မဲ့ပြောဆို လုပ်ဆောင်မှုတွေကြောင့် ဖြစ်ရပ်ဆိုးတွေ ရှောင်လွှဲမရဘဲ ကြုံသွားနိုင်ပါတယ်"ဟု ဝေဖန်ခဲ့သည်။

အမေရိကန်အနေဖြင့် အခြေခိုင်မာပြီးသားဖြစ်သည့် အီရန်နျူကလီးယားသဘောတူညီမှုကို ဆက်လက်ထောက်ခံ ရပ်တည်လိုမှုမရှိသောသဘောထားမျိုး ပြသနေခြင်းသည်လည်း ဒေသတွင်း တည်ငြိမ်မှုများကို အကြီးအကျယ် ပျက်ပြားသွားစေနိုင်ကြောင်း လက်မ်ရော့ဗ်က သတိပေးခဲ့သည်။ ရုရှား၊ တရုတ်တို့အပြင် အမေရိကန်၏ ဥရောပမဟာမိတ်များကပါ အမေရိကန်သမ္မတဟောင်း ဘာရတ်အိုဘားမား လက်ထက်က ဦးဆောင်ညှိနှိုင်းခဲ့သည့် အီရန်နျူကလီးယားအရေး သဘောတူညီမှုကို ဆက်လက်တည်တံ့စေရန် ဆန္ဒရှိနေကြသည်။

ထိုအပြင် ကမ္ဘာ့ရေးရာပြဿနာတိုင်းကို အရေးယူဝိတ်ဆို့မှု မူဝါဒဖြင့်ဖြေရှင်းရန်သာ စဉ်းစားနေခြင်းသည် မှန်ကန်သော ရွေးချယ်မှုမဖြစ်နိုင်ဟုလက်မ်ရော့ဗ်က ထောက်ပြခဲ့သည်။ အမေရိကန် အစိုးရတက်ကမူ လက်ရှော့ဗ်၏ မှတ်ချက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးချေ။

ထို အတောအတွင်း တုရကီသမ္မတ ရီဆက်ပ်တေယစ်ပ် အာဒိုဂန်က လည်း အမေရိကန်သည် ပိမိတို့၏နယ်စပ်ဒေသတွင် ကာ့ဒ်သူပုန်များအင်အားကောင်းလာပြီး ဆူပူအုံကြွစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြောင်း ဝေဖန် စွပ်စွဲထားသည်။

လရောင် – Ref: CNN

ဖိလစ်ပိုင်ရှိ မေယွန်မီးတောင် လှုပ်ရှားမှုများကြောင့် ဒေသခံသောင်းနှင့်ချီပြီး အရေးပေါ်ပြောင်းရွှေ့

ဖိလစ်ပိုင်နိုင်ငံရှိ မေယွန်မီးတောင် လှုပ်ရှားမှုများကြောင့်အနီးအနားမှ ဒေသခံသောင်းနှင့်ချီပြီး အရေးပေါ်ရွှေ့ပြောင်းပေးနေရကြောင်း သိရသည်။ ကယ်ဆယ်ရေးဌာနက မေယွန်မီးတောင်အနီးတဝိုက်ဒေရီယာများမှ လူပေါင်း ၃၄၀၀ဝထက်မနည်းကို ချက်ချင်းရွှေ့ပြောင်းနိုင်ရန် ကူညီပေးနေကြောင်း ကြေညာသည်။ ဖိလစ်ပိုင်မီးတောင်နှင့်ငလျင်ဗိုင်းတာရေးဌာနက နိုင်ငံအရှေ့မြောက်ပိုင်း၊ အယ်လ်ဘေးခရိုင်ရှိ မေယွန်မီးတောင်မှ ယိုဖိတ်စီးကျလာသည့် ချော်ရည်များသည်၁.၂ မိုင်မျှ အကွာအဝေးထိရောက်ရှိနေပြီဟု သတိပေးထားသည်။

"ဒီလိုမျိုးချော်ရည်တွေ လွင့်စင်ပေါက်ကွဲထွက်မှုဟာ ပုံမှန်အားဖြင့် တစ်ပတ်လောက် အချိန်ကြာတတ်ပါတယ်။ ဒီအတောအတွင်း ဒေသခံတွေကို ယာယီခိုလှုံရေးစခန်းတွေဆီ ရွှေ့ပြောင်းပေးထားဖို့မဖြစ်မနေလိုပါတယ်"ဟု အယ်လ်ဘေးခရိုင် အုပ်ချုပ်ရေးမှူးအယ်လ်ဖရန်ဆစ်ဘီချာရက ပြောကြားခဲ့သည်။

မေယွန်မီးတောင်သည် ပြီးခဲ့သည့်သီတင်းပတ်ကုန်က စတင်လှုပ်ရှားလာပြီး အတွင်းပိုင်း၌ ပေါက်ကွဲမှုများ ဖြစ်ပွားကာချော်ရည်များကို မှုတ်ထုတ်နေခဲ့သည်။ ဒေသတွင်းရှိ စာသင်ကျောင်းအချို့မှာ ယာယီခိုလှုံရေးစခန်းဖြစ်လာပြီး ရပ်ဝေးတွင် ဆွေမျိုးရှိသူများကလည်း အယ်လ်ဘေးမှ ထွက်ခွာသွားကြသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မီးတောင်ပေါက်ကွဲမှု အရှိန်ကြောင့် အယ်လ်ဘေးတွင် မြေလွှာတုန်ခါမှု အနည်းဆုံး ၉ကြိမ်မျှသက်ရောက်ခံစားခဲ့ရကြောင်း ဒေသခံများက ပြောကြားခဲ့သည်။ အာဏာပိုင်များက မီးတောင်ပတ်ပတ်လည် လေးဝိုင်ခွဲမျှအကွာထိ ဇရိယာကိုအန္တရာယ်ဇုန်အဖြစ် အလေးအနက်သတိပေး ကြေညာထားသည်။

မနီလာမြို့တော် အရှေ့တောင်ဘက်မိုင်ပေါင်း ၂၁၀မျှအကွာတွင် တည်ရှိသည့် မေယွန်မီးတောင်ပတ်ဝန်းကျင်တွင် မြေသြဇာကောင်းမွန်ပြီး ဆီအုန်းသီးနဲ့များ စိုက်ပျိုးထားပြီး လူနေထူထပ်သည်။ မီးတောင်ပတ်ဝန်းကျင်ရှိ ရွာဝင်းများမှာလည်း သာယာလှပသောကြောင့်ကမ္ဘာလှည့်ခရီးသွား အများအပြားကို ဆွဲဆောင်လေ့ရှိသည်။ သို့သော်မေယွန်သည် သမိုင်းတွင် အနိုးကြား အလှုပ်ရှားဆုံး မီးတောင်တစ်ခုအဖြစ်ရှိခဲ့ပြီး နှစ်ပေါင်း ၅၀၀မျှအတွင်း အကြိမ် ၅၀မျှထိ ပေါက်ကွဲခဲ့ဖူးကြောင်း သိရသည်။

လရောင် – Ref: Fox News

ဆော်ဒီတွင် ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးများ ဘောလုံးကွင်းထဲ ဝင်အားပေးခွင့်ရ

နိုင်ငံ၏သမိုင်းဝင် အပြောင်းအလဲတစ်ရပ်အဖြစ် ဆော်ဒီအာရေးဘီးယားတွင် အမျိုးသမီးများကို ဘောလုံးကွင်းအတွင်း ပထမဆုံးအကြိမ်ဝင်ရောက် အားပေးခွင့်ပြုလိုက်ပြီဖြစ်သည်။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းကဆုံးဖြတ်ခဲ့သည့် စည်းမျဉ်းအပြောင်းအလဲကို ဇန်နဝါရီ ၁၂ရက်က ဂျာဒါမြို့တွင် အာဏာပိုင်များက စတင်အကောင်အထည်ဖော်လာခဲ့သည်။ မြို့ထဲရှိ အားကစားရုံတစ်ခုထဲသို့ အမျိုးသမီးပရိသတ်များ ပထမဆုံးအကြိမ်ဝင်ရောက်လာပြီး မိသားစုဝင်များနှင့်အတူ ဘောလုံးပွဲအားပေးခွင့်ရခဲ့သည်။

ဆော်ဒီအစိုးရ၏ ပြည်ပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအပေါ် အစဉ်အဆက်ဖိနှိပ်တင်းကျပ်လာသည့် ဝေလုံးစံများကို ဖြေလျှော့ပေးရန် အလေးအနက် ထည့်သွင်းဆောင်ရွက်နေပြီး ယခုသတ်မှတ်ချက်အရ မိသားစုဝင်များနှင့်အတူ အမျိုးသမီးများ ဘောလုံးပွဲကြည့်နိုင်ရန်အတွက် အားကစားကွင်းများတွင်သီးသန့်ဧရိယာများ ဖြည့်တင်းတပ်ဆင်တည်ဆောက်ပေးခဲ့သည်။

အမျိုးသမီးများအနေဖြင့် လက်မှတ်ဝယ်ပြီးချိန်တွင် မိသားစုဂိတ်ပေါက်မှ ကွင်းထဲဝင်ပြီး မိသားစုဧရိယာများတွင်သာပွဲကြည့်ခွင့်ရမည်ဖြစ်သော်လည်း ယင်းအပြောင်းအလဲကပင်ဆော်ဒီ၏ အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုတွင် ထင်ရှားသည့် အချိုးအကွေ့ဖြစ်လာသည်။

ထိုနေ့တွင်ပင် ထူးခြားမှုတစ်ခုအဖြစ် ဂျာဒါ၊ဒ်၌ အမျိုးသမီးယာဉ်မောင်းများအတွက် အဓိကရည်ရွယ်ထားသည့် ပထမဆုံးကားပြခန်းကို ဖွင့်လှစ်ခဲ့သည်။ ဆော်ဒီတွင် အမျိုးသမီးများကို ကားမောင်းခွင့်မပေးဘဲ ပိတ်ပင်ထားခြင်းကို ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် စတင်ပယ်ဖျက်ပေးခဲ့သည်။ အမျိုးသမီးများ ကားလိုင်စင် လျှောက်ထားခွင့်ရလာပြီး ကိုယ်တိုင်ကားမောင်းရန် အခွင့်အရေးရှိလာသည်။

ဂျာဒါ၊ရှိ အားကစားရုံထဲတွင်မူ အမျိုးသမီးဧည့်ကြိုများက အမျိုးသမီးပရိသတ်များကို နေရာချကူညီပေးခဲ့သည်။ ၎င်းတို့သည် မြို့ခံအသင်းတစ်သင်းကို ပျော်ရွှင်စွာ အားပေးခဲ့ကြကြောင်း မျက်မြင်များက ဆိုသည်။ သို့သော် အမျိုးသမီးပရိသတ်များရော၊ ဧည့်ကြိုများပါ အစွမ်းလာမ်စ်ရိုးရာ ဝေလေ့အဝိုင်း အနက်ရောင်ခြုံထည်များကို ဝတ်ဆင်လာရသည်။

ဆော်ဒီအစိုးရကလာမည့် ရက်ပိုင်းအတွင်းကစားစေမည့် နောက်ထပ် ဘောလုံးပွဲနှစ်ပွဲသို့လည်း အမျိုးသမီးပရိသတ်များ တက်ရောက်အားပေးခွင့်ရရန် စီစဉ်ထားကြောင်း အတည်ပြုကြေညာထားသည်။

လရောင် – Ref: BBC

ပြင်သစ်နိုင်ငံထုတ် နို့မှုန့်တွင် ဗက်တီးရီးယားပါဝင်နေ၍ နိုင်ငံပေါင်း ၈၃နိုင်ငံ၌ ထိခိုက်နေ

ပြင်သစ်နို့ထွက်ပစ္စည်းကုမ္ပဏီ Lactalis ပါဝင်ပတ်သက်သော ဗက်တီးရီးယားပိုးမွှား ပြဿနာတစ်ခုကြောင့် နိုင်ငံပေါင်း ၈၃နိုင်ငံရှိ ကလေးနို့မှုန့်ဘူး ၁၂သန်းကျော်ကို ယခုအခါ ပြန်လည်သိမ်းယူနေပြီဖြစ်သည်။ Lactalis ကုမ္ပဏီအမှုဆောင်အရာရှိချုပ်က ယင်းညစ်ညမ်းမှုအန္တရာယ် ကျယ်ပြန့်သွားကြောင်း ပြင်သစ်မီဒီယာသို့ အတည်ပြုသည်။

စက်ရုံတစ်ရုံတွင် ဗက်တီးရီးယားပိုးမွှား ရှာတွေ့ပြီး နောက် ယင်းထုတ်ကုန်များကို ဒီဇင်ဘာကတည်းက ပြန်လည်သိမ်းရန် စီစဉ်ထားသည်။

ယင်းနို့မှုန့်သောက်ပြီးနောက် ကလေးများနာမကျန်းဖြစ်လာသည်ဟု ပြောသောမိဘများက ယင်းကုမ္ပဏီကို တရားစွဲဆိုထားသည်။

Lactalisကုမ္ပဏီသည် နှစ်စဉ်ရောင်းအားကန်အမ်လာ ၂၁ဘီလီယံရှိသည့် ကမ္ဘာ့နို့ထွက်ပစ္စည်းအများဆုံးရောင်းချသော ကုမ္ပဏီများအနက် တစ်ခုဖြစ်သည်။

ယင်းလုပ်ငန်းက ပစ္စည်းများ ပြန်လည်သိမ်းယူရန် ညွှန်ကြားချက် သုံးကြိမ်ထုတ်ပြီးပြီဖြစ်ကာ ယင်းကုမ္ပဏီဟု ယင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။

မြောက်ကိုရီးယားက နောက်ဆုံးပြုလုပ်သော နျူစစ်သပ်မှု ခြောက်ကြိမ်တွင် ငါးကြိမ်သည် ပန်ဂိုင်းရီတွင် ပြုလုပ်ခြင်းဖြစ်သည်။

ယင်းဧရိယာ၌ အသေးစားမြေငလျင်များဆက်တိုက် လှုပ်ခတ်ခဲ့ပြီး ပန်ဂိုင်းရီဧရိယာသည် ဘုရိမေဒေသိုင်ရာ အခြေအနေတစ်ခုခံစားရဖွယ်မရှိကြောင်း 38 Northဝက်ဘ်ဆိုက်က အောက်တိုဘာတွင် ဖော်ပြခဲ့သည်။

ဘုရိမေဒေသိုင်ရာ အခြေအနေသိုသည်မှာမြေအောက် နျူစစ်သပ်မှုကြောင့် အကျိုးဆက်ရလဒ်ကို ဆိုလိုခြင်းဖြစ်သည်။

ယင်းဧရိယာရှိ အခြားတစ်နေရာတွင် စစ်သား ၁၀၀၊ ၁၂၀ခန့် တန်းစီနေသည်ကို တွေ့ရကြောင်းနှင့် ၎င်းတို့၏ ရည်ရွယ်ချက်ကို မသိရသေးကြောင်း ယင်းဝက်ဘ်ဆိုက်က ထပ်လောင်းဖော်ပြသည်။

အဆိုပါ ပုံရိပ်များသည် တောင်ကိုရီးယားနှင့်ဆွေးနွေးညှိနှိုင်းရန် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ဒီဇင်ဘာတွင် ကမ်းလှမ်းခဲ့ပြီး မကြာမီက ရိုက်ကူးထားသော ပုံရိပ်များဖြစ်သည်။

လရောင် -Ref: AFP

မြောက်ကိုရီးယားက နျူစစ်သပ်သည့်နေရာ၌ ဥမင်လိုဏ်ခေါင်းတူးမှု အရှိန်မြှင့်တင်နေဟုဆို

ကာလရည်ကြာရပ်ဆိုင်းခဲ့သည့် ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးမှု ပြန်လည်စတင်ပြီးနောက် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ လျော့ကျလာစဉ်မြောက်ကိုရီးယားသည် နျူစစ်သပ်သည့် အဓိကနေရာ၌ ဥမင်လိုဏ်ခေါင်းတူးမှုကို အရှိန်မြှင့်တင်နေကြောင်း အမေရိကန်အကြံပေးအဖွဲ့တစ်ဖွဲ့က ပြောသည်။ ပန်ဂိုင်းရီ နျူစစ်သပ်သည့် ဗိုင်းတွင်းသုံးလက်တွန်းလှည်းများနှင့် စစ်သားများကို မကြာခဏမြင်ရကြောင်း။ တူးထားသည့်မြေစာပုံ မြင့်လာသည်ကို ပြိုဟ်တုန်ပြေပုံများက ပြသနေကြောင်း 38 North ဝက်ဘ်ဆိုက်က ဖော်ပြသည်။

"ဒီလုပ်ငန်းဆောင်တာတွေက ပန်ဂိုင်းရီနျူစစ်သပ်တဲ့ နေရာတွေကို ဖြစ်နိုင်ခြေရှိတဲ့ အနာဂတ် နျူစစ်သပ်မှု အတွက် ထိန်းသိမ်းဖို့ မြောက်ကိုရီးယားနဲ့ ဆက်ပြီးတော့ ကြိုးပမ်းအားထုတ်မှုတွေကို သိသာထင်ရှားစေပါတယ်"

ဆော်ဒီအာရေးဗီးယားအစိုးရနှင့် ပြေလည်မှုရရှိရေး မင်းသားအယ်လ်ဝါလိဒ် ဆွေးနွေးညှိနှိုင်းနေ

အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး နိမ်နင်းမှုတစ်ခုတွင် နစ်ဝေကျော်ကြာ ထိန်းသိမ်းခံရသည့် ဆော်ဒီအာရေးဗီးယား ဘီလျံနာမင်းသား အယ်လ်ဝါလိဒ်သည် အာဏာပိုင်များနှင့် ပြေလည်မှုရရှိရေး ဆွေးနွေးညှိနှိုင်းနေသော်လည်း သတ်မှတ်ချက်များနှင့် ပတ်သက်၍ ယခုအချိန်အထိ သဘောမတူသေးကြောင်း ဆော်ဒီအာရေးဗီးယား ထိပ်တန်းအာရာရှိ တစ်ဦးက ပြောသည်။ အမေရိကန်ဒေါ်လာ ၁၇ဘီလီယံ အသားတင် ချမ်းသာသည်ဟု Forbesမဂ္ဂဇင်းက အကြမ်းဖျင်းခန့်မှန်းသော အယ်လ်ဝါလိဒ်သည် နိုင်ငံတကာကရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Kingdom Holdingပိုင်ရှင်၊ ဥက္ကဋ္ဌဖြစ်ပြီး တိုင်းပြည်၏ အထင်ရှားဆုံး စီးပွားရေးလုပ်ငန်းရှင်များတွင် ပါဝင်သည်။

"သေချာတဲ့ ကိန်းဂဏန်းတစ်ခုကို သူကကမ်းလှမ်းခဲ့ပေမယ့် သူ့ဆီက တောင်းထားတဲ့ ပမာဏနဲ့မကိုက်ပါဘူး။ ဒီနေ့အထိတော့ ရေွေ့နေချုပ်ကအတည်မပြုသေးပါဘူး"ဟု တာဝန်ရှိသူ တစ်ဦးကပြောသည်။

အယ်လ်ဝါလိဒ်သည် အမှားကျူးလွန်ကြောင်း ပန်ခံမှုမှန်သမျှရှောင်လွှဲနိုင်မည့် လျှုံခိုန်းမှုတစ်ခုပြုလုပ်ရန် အစိုးရထံကမ်းလှမ်းခဲ့ကြောင်း၊ အစိုးရက ယင်းသတ်မှတ်ချက်များကို ပယ်ချခဲ့ကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှိမ်နင်းမှုအတွင်း အခြားနိုင်ငံရေးသမားများ၊ ထိပ်တန်းစီးပွားရေး လုပ်ငန်းရှင်များနှင့်အတူ အယ်လ်ဝါလိဒ်ကို နိုဝင်ဘာအစောပိုင်းက ထိန်းသိမ်းခဲ့ပြီးနောက် အာဏာပိုင်များသည် ထိန်းသိမ်းခံရသူများနှင့် ပြေလည်မှုရရန် ဖျေါမှန်းနေသည်။

နိုင်ငံတော်က သမ္မာအာဏီဝကျကျပိုင်ဆိုင်သော ရန်ပုံငွေ အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ခန့်ပြန်လည်ရရှိရန် ရည်မှန်းကြောင်းဆော်ဒီအာဏာပိုင်များ ကပြောသည်။

အယ်လ်ဝါလိဒ်ကို စွပ်စွဲချက်များတွင် ငွေကြေးခပါချမှု လာဘ်စားမှုနှင့် တာဝန်ရှိသူများကို ငွေညှစ်မှုများပါဝင်ကြောင်း ဖမ်းဆီးမှုအပြီး မကြာခဏ ရှိသူတစ်ဦးက ရှိကိတာသတင်းဌာနအား ပြောကြားခဲ့သည်။

လရောင် – Ref: Reuters

အင်ဒိုနီးရှား စတော့ရှယ်ယာအဆောက်အအုံ ကြမ်းခင်းပြိုကျ၍ လူ ၇၀ကျော် ဒဏ်ရာရ

အင်ဒိုနီးရှား စတော့ရှယ်ယာအဆောက်အအုံ၏ပထမထပ်ကြမ်းခင်းသည် ယင်းအဆောက်အအုံ၏ ဧည့်ခန်းပေါ်သို့ ပြိုကျ၍ လူ ၇၀ကျော်ဒဏ်ရာရခဲ့သည်။ ယင်းအဆောက်အအုံသို့ လာရောက်နေသော ကျောင်းသားများ အပါအဝင်အဆောက်အအုံရှိ လူများထွက်ပြေးနေပြီး ဒဏ်ရာရသူများကို ထမ်းစင်ဖြင့် သယ်ယူလာစဉ် ရဲတပ်ဖွဲ့က ယင်းအဆောက်အအုံတစ်ဝိုက် ပိတ်ထားခဲ့သည်။

သို့သော် သေဆုံးသူမရှိကြောင်း အတည်ပြုနိုင်သည်ဟု အင်ဒိုနီးရှားစတော့ရှယ်ယာဈေးကွက် ညွှန်ကြားရေးမှူး ဘီတိုဆူလီစတီဝိုက ပြောသည်။

ဒဏ်ရာရသူ အများစုသည် ခြေထောက်နှင့်လက်တို့တွင်ရှိကြောင်း ဂျကာတာရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အာဂိယူဂိုနိုက ပြောသည်။

အလုပ်သမားများ ဖြတ်သန်းသွားလာရာ ပထမထပ်တွင် ယင်းသို့ဖြစ်ပွားခြင်းဖြစ်ပြီး ထိခိုက်သူများကို အနီးရှိ ဆေးရုံသို့ပို့ဆောင်ထားကြောင်း ယူလိုဒိုကသတင်းထောက်များအား ပြောသည်။

ယင်းအဆောက်အအုံသည် ဂျကာတာမြို့လယ်တွင်ရှိပြီး ကမ္ဘာ့ဘဏ်၏ဒေသဆိုင်ရာရုံးသည် ယင်းအဆောက်အအုံ၏ ၁၂လွှာတွင် ဖွင့်ထားသည်။

ယင်းအဆောက်အအုံသည် ၂၀၀၀စက်တင်ဘာက အစ္စလာမ်မစ် စစ်သွေးကြွများ၏ အသေခံဗုံးခွဲမှု ပစ်မှတ်ဖြစ်ခဲ့သော တာမါနန်ဝယ်အ အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း ရဲတပ်ဖွဲ့က ယင်းပထမထပ်ကြမ်းခင်းပြိုကျမှုသည် ဗုံးကြောင့် မဟုတ်ဟု ပြောသည်။

လရောင် – Ref: Reuters

ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်မည့် ကန်သမ္မတဒေါ်နယ်ထရန့်ကို ဆွစ်ဇာလန်ပြည်သူများ ဆန့်ကျင်ဆန္ဒပြ

ဆွစ်ဇာလန်နိုင်ငံ ဒါဗိုစ်မြို့တွင်ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum)သို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့် တက်ရောက်မည့် အစီအစဉ်ကို ဆန့်ကျင်သောရာချီသည့် ဆွစ်ဇာလန်နိုင်ငံသားများသည် ဇန်နာဝါရီ ၁၃ရက်က မြို့တော်တစ်လျှောက် ချီတက်ဆန္ဒထုတ်ဖော်ခဲ့သည်။ အဆိုပါ ဆန္ဒထုတ်ဖော်သူများသည် ဇန်နာဝါရီ ၂၂ရက်မှ ၂၆ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၏ ဖိခ်ခံနှင်းလျှောစီး အယန်းဖြေစခန်း တစ်ခုတွင်ကျင်းပမည့် World Economic Forumနှစ်စဉ်ကမ္ဘာ့ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကိုလည်းပစ်မှတ်ထားဆန့်ကျင်ခဲ့သည်။

ထိုစီးပွားရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသည် ယခင်က ဆန္ဒပြပွဲငယ်များဖြင့် ရင်ဆိုင်ရလေ့ရှိသော်လည်း ယခုသီတင်းပတ်တွင် ဒေါ်နယ်ထရန့်က ယင်းအစည်းအဝေးသို့ တက်ရောက်မည်ဟု ရုတ်တရက်ကြေညာပြီးနောက် ဆွစ်ဇာလန်အာဏာပိုင်များက နိုင်ငံတစ်လွှားပဋိပက္ခနှင့် မတည်ငြိမ်မှုများ မြင့်တက်လာနိုင်သည့် အလားအလာရှိကြောင်း သတိပေးခဲ့သည်။

သို့သော် RJGအဖွဲ့က ဦးစီးပြုလုပ်သော စနေနေ့ဆန္ဒထုတ်ဖော်မှုမှာ တစ်ရစ်တစ်ရာထိပိုက်မှုမရှိဘဲ တည်တည်ငြိမ်ငြိမ်ဖြင့် ပြီးဆုံးခဲ့သည်။

RJGက ဝက်ဘ်ဆိုက်တွင် အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း ရေးသားဖော်ပြသည်။

ထိုအပြင် ဒေါ်နယ်ထရန့်အပေါ် ဆန့်ကျင်သော Campaxအဖွဲ့ကလည်း ယင်းထိပ်သီးအစည်းအဝေးသို့ထရန့် မတက်ရောက်စေရေး ထောက်ခံကြောင်း လက်မှတ်၁၂၅၈ ကျော်ကို စနေနေ့က ကောက်ခံရရှိခဲ့သည်။

ဒါမိုစ်မြို့သို့ ဒေါ်နယ်ထရန့်ရောက်လာပါကဆန္ဒပြရန် စီစဉ် ထားသည်။ လရောင်-Ref: AFP

ကိုလံဘီယာနိုင်ငံသို့ ထွက်ပြေးလာသော ဗင်နီဇွဲလားနိုင်ငံသားများကို ကုလသမဂ္ဂက ကူညီလို

စားနပ်ရိက္ခာပြတ်လပ်ခြင်းနှင့် စီးပွားရေးကပ်ဆိုက်ခြင်းကြောင့် မိခင်နိုင်ငံမှ ထွက်ပြေးလာသည့် ကိုလံဘီယာရောက် ဗင်နီဇွဲလားနိုင်ငံသားများကို ကူညီရန် ကုလသမဂ္ဂအနေဖြင့် ကိုလံဘီယာသို့ အကူအညီအများအပြားပေးပို့ရန် ဆန္ဒရှိကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဇန်နာဝါရီ ၁၃ရက်တွင် ပြောသည်။ ကိုလံဘီယာအစိုးရအဖွဲ့နှင့် (FARC) ဖာစ်သူပုန်အဖွဲ့အကြား ပြဿနာချမ်းရေးရယူနိုင်ခြင်းနှင့် လက်ရှိတွင် အမျိုးသားလွတ်မြောက်ရေး (ELN) လက်နက်ကိုင်အဖွဲ့ငယ်နှင့် ပြဿနာချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်နေခြင်း ဆွေးနွေးရန် ဂူတာရက်စ်သည် ကိုလံဘီယာသို့ နှစ်ရက်ကြာခရီးရောက်ရှိလာစဉ် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံတွင် အစားအစာလျော့နည်းလာခြင်း၊ ရာဇဝတ်မှုများမြင့်တက်လာခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် မကြာသေးမီနှစ်များအတွင်း ဗင်နီဇွဲလားနိုင်ငံသားများသည် နယ်စပ်မှတစ်ဆင့် ကိုလံဘီယာသို့ပြောင်းကျော်ဝင်ရောက်လာခဲ့ကြသည်။

အချို့ ဗင်နီဇွဲလားနိုင်ငံသားများသည် စားသောက်ကုန်များ ဝယ်ယူရန်သာ ကိုလံဘီယာနယ်စပ်သို့ ခေတ္တရောက်ရှိလာပြီး အချို့သည် ထိုနယ်စပ်ဒေသတွင် အခြေတကျ စတင်နေထိုင်လျက်ရှိကာ ဗီဇာမရှိဘဲ အလုပ်လုပ်သူများလည်းရှိသည်။

ကိုလံဘီယာနိုင်ငံသို့ ရောက်ရှိလာသော ဗင်နီဇွဲလားနိုင်ငံသား၄၇၀,၀၀၀

ခန့်ရှိကြောင်း အစိုးရက ခန့်မှန်းသည်။

သို့သော် ထိုအိမ်နီးချင်းနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးအရတင်းမာမှုများရှိခဲ့သည်။

ကိုလံဘီယာသမ္မတ ဂျူအန်မန်နျုရယ်ဆန်းတို့စိက ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဂူရိုသည် ဒီမိုကရေစီစနစ်ကို ဖျက်ဆီးနေသည်ဟု စွပ်စွဲပြီးမာဂူရိုကလည်း ဒိမိကို ရာထူးမှဖြုတ်ချရန် ကြိုးစားနေသည့် နိုင်ငံတကာ၏ ပူးပေါင်းကြံစည်မှုတွင် ကိုလံဘီယာ ပါဝင်ကြောင်း ပြောကြားသည်။

လရောင်—Ref: Reuters

ဆီးနှင်းကျဆင်းမှုကြောင့် ဂျပန်တွင် ရထားတစ်စီးပေါ်၌ ခရီးသည် ၄၀ဝကျော် တစ်ညလုံး ပိတ်မိခဲ့

ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ဂျပန်တွင် ခရီးသည် ၄၀ဝကျော် မျှရထားပေါ်တွင် တစ်ညလုံး ပိတ်မိနေခဲ့ကြောင်းသိရသည်။ ဂျပန်ပင်လယ်ကမ်းခြေအနီးတွင် ဖောက်လုပ်ထားသည့်ရထားလမ်းပေါ်၌ ဆီးနှင်းများထူထူထဲထဲကျဆင်းခဲ့ပြီး ဆက်လက်ခုတ်မောင်းရန်၏ မရတော့သည့်အတွက် ရထားကို မဖြစ်မနေနေရပ်ထားရန် ဆုံးဖြတ်ခဲ့ရကြောင်း ရထားပို့ဆောင်ရေးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါရထားသည် ဇန်နာဝါရီ ၁၂ရက်၊ ဒေသစံတော်ချိန် မနက် ၁၀း၃၀ နာရီတွင် ပြန်လည်ထွက်ခွာနိုင်ခဲ့သည်။ ရထားပေါ်လိုက်ပါခဲ့သည့် ခရီးသည် ၄၃၀ဝန်းကျင်မှာ ၁၅နာရီကြာအောင်ပိတ်မိပြီး သောင်တင်နေခဲ့ခြင်းဖြစ်သည်။

ဂျပန်ရထားပို့ဆောင်ရေးဌာန၏ နီပါတာဌာနခွဲမှာ ပြောရေးဆိုခွင့်ရအရာရှိက တွေ့လေးတွဲမျိတ်ဆက်ထားသည့် ခရီးသည်တင်ရထားသည်ဆီးနှင်းများဖုံးပြီး ရထားဘီးများ ဆက်မရွှေ့တော့သဖြင့် လမ်းခုလတ်တွင်ယခုလို ရပ်ခဲ့ရခြင်းဟု ကြေညာခဲ့သည်။

မူလကခရီးသည်များကို ရထားပေါ်မှ ရွှေ့ပြောင်းပေးရန် စဉ်းစားခဲ့သေးသော်လည်း ရာသီဥတုဆိုးရွားခြင်းနှင့် မောင်ပိုက်လွန်ခြင်းကြောင့် အန္တရာယ်များလွန်းသည့်အတွက် တစ်ညလုံးရထားပေါ်တွင် ဆက်ထားရန်သာတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့သည်။ ရထားပေါ်တွင် လျှပ်စစ်မီးရော၊ အနွေးဓာတ်ပုံလုံလောက်စွာ အထောက်အပံ့ပေးထားနိုင်သောကြောင့်လည်း ဖြစ်သည်။

လရောင် – Ref: Fox News



ဒုဘိုင်းကို ပထမဆုံး သွားရောက် ဖျော်ဖြေတဲ့ EXO အဖွဲ့

နာဝည်ကျော်တောင်ကို နိုးယားကေမပ်အတွဲ EXOသည်ပထမဆုံးအဖြစ် ဒုဘိုင်းမြို့တွင်သွားရောက်ဖျော်ဖြေခဲ့သည်။ ဇန်နဝါရီ ၁၆ရက်တွင် EXOအဖွဲ့သည် ယူအေအီးနိုင်ငံဒုဘိုင်းမြို့၌ The Dubai Fountain Show ဖျော်ဖြေပွဲ၌ 'Power' သီချင်း သီဆိုခဲ့သည်။

EXO အဖွဲ့က အဆိုပါဖျော်ဖြေပွဲတွင် ပါဝင်ရေခြင်းနှင့်ပတ်သက်၍ မမေမှိန်သောအမှတ်တရဖြစ်ကြောင်းပြောကြားပြီး အင်စတာဂရမ်စာမျက်နှာ၌ ဒုဘိုင်း ရောက်အဖွဲ့ဝင်များ၏ ဓာတ်ပုံများကို ဖော်မြှုခဲ့သည်။

၂၀၁၁တွင် S.M.Entertainment ကုမ္ပဏီကစတင်တည်ထောင်ခဲ့သော EXO အဖွဲ့သည် နိုင်ငံတကာအထိ ထိုးဖောက်ခဲ့သော တောင်ကိုရီးယား၏အကျော်ကြားဆုံး ကေမပ်အဖွဲ့ ဖြစ်ပြီး ၂၀၁၅ ခု Forbes မဂ္ဂဇင်းက ဖော်ပြခြင်းသော ဩဇာလွှမ်းမိုးမှု အရှိဆုံးကိုရီးယားအနုပညာရှင်များအဖြစ် ရွေးချယ်ခံရသည်။

လရောင် soompi

ဒေဇင်ဘာများရွေးချယ်သည့် အကောင်းဆုံး ဝင်းသမီးဆုကို နိုကိုးလ်ကစ်ဒ်မန်းရရှိ

ဝေဇန်သူများရွေးချယ်သည့်ဆု(သို့မဟုတ်) (၂၃)ကြိမ်မြောက် Critics' Choice Award အကောင်းဆုံးဆုလေးဆုကို Big Little Lies ဇာတ်ကားကရရှိပြီး အကောင်းဆုံးမင်းသမီးဆုကို နိုကိုးလ်ကစ်ဒ်မန်းက ရရှိခဲ့သည်။HBO ကုမ္ပဏီ၏ရုပ်သံဇာတ်လမ်းတွဲ Big Little Liesတွင် အကောင်းဆုံးပါဝင်သရုပ်ဆောင်နိုင်ခဲ့၍ နိုကိုးလ်ကစ်ဒ်မန်းသည် လော့စ်အန်ဂျယ်လီစ်မြို့၌ ပြုလုပ်သော ဆုပေးပွဲတွင် ယင်းဆုကို လက်ခံရယူပြီးနောက် ၎င်း၏ကလေးများအားလုံးကို တွေးရှုးတင်သည်ဟု မြှောက်ကြားသည်။

အကောင်းဆုံးရုပ်ရှင်ကား နှင့် အကောင်းဆုံးဒါရိုက်တာဆုကို ဂျူလာမိုဒယ်တိုရီ၏ The Shape of Water ဇာတ်ကားရရှိခဲ့သည်။ အကောင်းဆုံးဇာတ်ဖိုမင်းသားဆုကို ဆမ်ရော့ခ်ဝဲလ်က ရရှိပြီး နိုကိုးလ်ကစ်ဒ်မန်းနှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့သည့် အလက်ဇန်းဒါးစတာဂတ်နှင့် လော်ရာဒန်းတို့သည်လည်း အကောင်းဆုံးဇာတ်ပို့ဆုများရရှိခဲ့သည်။

လရောင် —Ref: Daily Mail



ဒက်ရာသက်သာလို့ ရုပ်ရှင်ပြန်ရိုက်နေတဲ့ တွမ်ခရုဇ်

အမေရိကန်မင်းသား တွမ်ခရုဇ်သည် ပြီးခဲ့သည့်နစ်က ရိုက်ကူးရေးပြုလုပ်စဉ် ခြေချင်းဝတ်ကျိုးခဲ့သောကြောင့် ရိုက်ကူးရေးများ ရပ်နားခဲ့သော်လည်း ယခုအခါ ပြန်လည်သက်သာလာ၍ 'Mission: Impossible 6' ရုပ်ရှင်ကို ဆက်လက်ရိုက် ကူးနေသည်။အသက် (၅၅) နှစ်အရွယ် တွမ်ခရုဇ်သည် ပြီးခဲ့သည့် သြဂုတ်က 'Mission: Impossible 6' ရိုက်ကွင်းအတွင်း လန်ဒန်မြို့အဆောက်အအုံနှစ်ခု၏ ခေါင်ပိုးအကြားလုမ်းခုန်သည့် စွန့်စားခန်း တစ်ခုတွင် ခြေချင်းဝတ် ကျိုးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဒဏ်ရာရရှိပြီးက တည်းက ယင်းရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှုကို ငါးလခန့်ကြာရပ်နားခဲ့ပြီးနောက် ဇန်နဝါရီ ၁၃ ရက်တွင် ရိုက်ကူးမှု ပြန်လည်စတင်ခဲ့သည်။

'Mission: Impossible 6' ဇာတ်ကားအတွက် တွမ်ခရုဇ်သည် တစ်နှစ်ကြာလေ့ကျင့်ရေး ပြုလုပ်ခဲ့ရကြောင်း ထိုဇာတ်ကား ထုတ်လုပ်သူ အေးဗစ်အယ်လီဆန်က ပြောသည်။

၁၉၉၆ တွင် 'Mission: Impossible 6' ၏နဲပါတ်တစ်ဇာတ်ကား ထွက်ရှိလာကတည်းက အောင်မြင်မှုများစွာရခဲ့ပြီးနောက် ၂၀၁၅တွင် နဲပါတ်ပါးအထိထွက်ရှိခဲ့ပြီး လက်ရှိရိုက်ကူးနေသော နဲပါတ်ခြောက်ဇာတ်ကား၌ အေးဂျင့်အီသန်ဟန်အဖြစ် သရုပ်ဆောင်ထားသော တွမ်ခရုဇ်ကို ဖူဗိုင် ၂၇ ရက်တွင် ရှစ်နိုင်မည်ဖြစ်သည်။ လရောင်—Ref:Contactmusic

နည်းပြဘဝသို့ ကူးပြောင်းမည့် မိုက်ကယ်ကာရစ်ကို မန်ယူနည်းပြ မော်ရင်ဟို ကြိုဆို

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်တွင် နည်းပြဘဝသို့ ကူးပြောင်းမည့် ကွင်းလယ်လူဟောင်း မိုက်ကယ်ကားရစ်ကို ကြိုဆိုခဲ့သည်။

အသက် (၃၆)နှစ်အရွယ် မိုက်ကယ်ကားရစ်သည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုး တောင့်မည်မဟုတ်တဲ့ ကစားသမားဘဝမှ အနားယူရန်စီစဉ်ထားပြီး နည်းပြအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိဘောလုံးရာသီတွင် မိုက်ကယ်ကားရစ်သည် နှလုံးခုနစ်နှုန်း ပုံဖန်မဟုတ်သည့် ဝေဒနာကြောင့် ကုသမှုများခံယူခဲ့ရပြီး မန်ယူအသင်း၏ ပွဲစဉ်များကိုလွဲချော်ကျက်ရှိသည်။

"နည်းပြဘဝကို ကူးပြောင်းတဲ့ ဆုံးဖြတ်ချက်ဟာ အသင်းအတွက်ရော၊ သူ့အတွက်ပါ ကောင်းမွန်ပါတယ်။ ဘောလုံးသမားဘဝကိုဒဏ်ရာတွေကြောင့် အခြားပြဿနာတွေကြောင့်မဟုတ်တဲ့ အဆုံးသတ်နိုင်တာကလည်းကောင်းပါတယ်။ သူဟာ ပြီးခဲ့တဲ့လတွေအတွင်းမှာ လေ့ကျင့်ခန်း မဆင်းနိုင်ခဲ့ဘူး။ လက်ရှိအချိန်မှာ လေ့ကျင့်ခန်း ပြန်ဆင်းနေပြီဖြစ်ပြီး သူက ကျွန်တော်တို့အတွက် အရေးပါတဲ့ကစားသမားတစ်ဦး ဖြစ်နေဆဲပါပဲ။ နည်းပြဘဝကို ရောက်လာမယ့်သူကို ကျွန်တော် ကြိုဆိုပါတယ်"ဟု မော်ရင်ဟိုက ပြောကြားခဲ့သည်။

မိုက်ကယ်ကားရစ်သည် မန်ယူအသင်းသို့ ၂၀၀၆ ခုနှစ်တွင် ရောက်ရှိလာပြီး ပရီးမီးယားလီဂ်၊ ချန်ပီယံလီဂ်၊ လိဂ်ဖလား၊ ယူရိုပါလီဂ်နှင့် ဖီဖာကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

မြတ်မင်းဇင်

၂၀၁၇ တစ်နှစ်တာအကောင်းဆုံး ဂျာမန်ကစားသမားဆု ဘိုင်ယန်နောက်ခံလူ ကင်မစ်ရ်ရရှိ

ဘိုင်ယန်မြူးနစ်နောက်ခံလူ ဂျိုရှာကင်မစ်ရ်သည် ၂၀၁၇တစ်နှစ်တာ အကောင်းဆုံးဂျာမန်ကစားသမားဆုကို ရရှိခဲ့သည်။ ၎င်းသည်ယခုရာသီတွင် ဘိုင်ယန်အတွက်ခြေစွမ်းပြကာ တိုက်စစ်မှူးမူလာနှင့် ဘောလုံးချိတ်ဆက်မှုအများဆုံးကစားသမား ဖြစ်သည်။

ကင်မစ်ရ်သည် လက်ရွေးစင်အသင်းတွင်လည်း ခြေစွမ်းပြခဲ့ပြီး နည်းပြဂျိုအာချင်လိုက ၎င်းကို နောက်တန်းညာအစွန်၌ ပထမဆုံး နေရာချထားကစားစေခဲ့သည်။ ၎င်းသည် ကလပ်အသင်းတွင် ကစားနေသောနေရာအထိုင်ကျသကဲ့သို့ လက်ရွေးစင်အသင်း၌လည်း ခြေစွမ်းပြခဲ့သောကြောင့် ယင်းနှစ်အတွက် ဂျာမနီ၏ တစ်နှစ်တာအကောင်းဆုံး လက်ရွေးစင်ကစားသမားဆုကိုလည်း ရရှိခဲ့သည်။ ၎င်းသည် ဒရက်စလာ၊ တာစတာဂျန်တို့ကို ကျော်ဖြတ်ပြီး မဲ ၇၅ဒသမ ၃ရာခိုင်နှုန်းဖြင့် တစ်နှစ်တာအကောင်းဆုံး ဂျာမန်ကစားသမားဆု ရရှိခြင်းဖြစ်သည်။ အသက် (၂၂)နှစ်သာရှိသေးသည့် ကင်မစ်ရ်သည် ဘိုင်ယန်မြူးနစ်ပရိသတ်များ၊ရွေးချယ်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ရရှိခဲ့သည်။

မြတ်မင်းဇင်

ဖာနန်ဒင်ဟို မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းတိုး

ဘရာဇီးလက်ရွေးစင် ကွင်းလယ်လူ ဖာနန်ဒင်ဟို (၃၂) နှစ်သည် မန်စီးတီးအသင်း၌ ၂၀၂၀ မတိုင်မီအထိ ရှိနေမည့် သက်တမ်းတိုးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ယခုနွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဖာနန်ဒင်ဟိုနှင့် မန်စီးတီးအသင်းကြား လအတန်အကြာ ဆွေးနွေးညှိနှိုင်းပြီးနောက် အသင်း၌ အနည်းဆုံးနောက်ထပ် နှစ်ရာသီရှိနေမည့် သက်တမ်းတိုးစာချုပ်လက်မှတ်ရေးထိုးရေး သဘောတူခဲ့သည်။

"ဒီအသင်းက တောက်ပတဲ့ အနာဂတ်ရှိတဲ့ အသင်းပါ။ ဒီအသင်းရဲ့အစီတ်အဝိုင်းအဖြစ် ဖြစ်နိုင်သမျှကြာကြာ ကျွန်တော်ဖြစ်ချင်ပါတယ်"ဟုယခုနှစ်ရာသီတွင် မန်စီးတီးအတွက် ပရီးမီးယားလီဂ် ၂၃ပွဲ အပါအဝင် ပြိုင်ပွဲစုံ ပွဲ၃၀ ကစားထားသူ ဖာနန်ဒင်ဟိုက အသင်းဝက်ဘ်ဆိုက်အား ပြောသည်။

ထိုအပြင် နည်းပြဂွာဒီယိုလာ ဦးဆောင်မှုအောက်တွင် ထင်ရှားသောဆုဖလားများ ရရှိနိုင်သည်ဟု ခံစားရကြောင်း နှင့် ပိုမိုကောင်းမွန်သော ကစားသမားဖြစ်လာစေရန် ဂွာဒီယိုလာက ၎င်းကို အရောင်တင်ပေးခဲ့ကြောင်း ဖာနန်ဒင်ဟိုက ပြောသည်။

၂၀၁၃ က ရှက်တာဒီးနော်စ်မှ ပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့လာပြီးနောက် ဖာနန်ဒင်ဟိုသည် မန်စီးတီးအတွက် ပြိုင်ပွဲစုံ ၂၁၂ပွဲ ကစားပေးခဲ့ပြီး ၁၉ဂိုး သွင်းယူခဲ့ကာ ပွဲဦးထွက်ရာသီတွင် အသင်းနှင့်အတူ ပရီးမီးယားလီဂ်ဖလားနှင့်လီဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

မြတ်မင်းဇင်

ထိပ်တန်းကလပ်များ ချမ်းသာကြွယ်ဝမှုကွာဟချက် ကြီးမားလာ၍ ယူအီးအက်ဖ်အေ သတိပေး

ဥရောပတွင် နာမည်အကျော်ကြားဆုံး ဘောလုံးကလပ်အသင်းများသည် ၎င်းတို့၏ကမ္ဘာကျော်အမှတ်တံဆိပ်များကို အခွင့်ကောင်းယူ၍ ပြိုင်ဘက်အသင်းများထက် ဝင်ငွေရရှိမှု များပြားပြီး ဝိုမိုချမ်းသာကြွယ်ဝလာသည်ဟု ဥရောပ ဘောလုံးအဖွဲ့၏ လေ့လာမှုတစ်ရပ်က ဖော်ပြသည်။

ကလပ်အသင်းကြီး ၁၂သင်းသည် စွမ်းဆောင်ပြခြင်းနှင့် စီးပွားရေးသဘောတူညီချက်များဆွဲဆောင်ရန် အကောင်းဆုံးနေရာရထားပြီး ယင်းမှာ ပြည်တွင်းထုတ်လွှင့်ပြသခွင့်နှင့် ယူအီးအက်ဖ်အေဆုကြေးထက် ဝင်ငွေပိုရနေသည်။ ထိပ်သီးကလပ်များ၏ ဝင်ငွေတိုးပွားလာနေစဉ် ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA) အနေဖြင့် သတိရှိရမည်ဖြစ်ကာ မိမိတို့တန်ဖိုးများအပေါ် မျက်ခြည်မပြတ်ရှိရမည်ဟု ယူအီးအက်ဖ်အေ ဥက္ကဋ္ဌအလက်ဆန်းဒီးစီဖီရင်က ပြောသည်။

ဂလိုဘယ်လိုက်ဇေးရှင်းနှင့် နည်းပညာခေတ်အပြောင်းအလဲများကြောင့် ဘဏ္ဍာရေးကွာဟချက် ကြီးမားလာသော်လည်း ဘောလုံးအားကစား၌ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားမှု ဆက်လက်ရှိစေရေး ယူအီးအက်ဖ်အေက သေချာအောင်လုပ်ဆောင်ရမည်ဟု စီဖီရင်က လေ့လာမှုအမှာစာတွင်ပြောသည်။ ယူအီးအက်ဖ်အေ၏ ၁၂ဖွဲ့ မျက်နှာပါ သုတေသနနာတမ်းကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၆ တွင် မန်ယူအသင်းက ဝင်ငွေယူရှိ ၆၈၉ သန်းရခဲ့ပြီး ထိပ်ဆုံး၌ ရပ်တည်နေသည်။ စုစုပေါင်း ၄၈ သင်းသည် ဝင်ငွေယူရှိသန်း ၁၀၀ အထက်ရခဲ့ပြီး နံပါတ် (၃၀)နေရာရှိ အက်စတွန်ဗီလာအပါအဝင် ထိပ်ဆုံး ၃၀သင်း၏ ဝင်ငွေသည် ယူရို ၉၃ဒသမ ၁ဘီလီယံရှိကာ အခြားအသင်း ပေါင်း ၆၅၁ သင်း၏ ဝင်ငွေနှင့် ညီမျှလုနီးပါးဖြစ်နေသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်သည် ဘဏ္ဍာရေးမျှတစွာ ကစားရေး (FFP) အစီအစဉ်ကို ခက်ခဲချိန် ၂၀၀၉ ကစ၍ ၎င်းတို့၏ နစ်စဉ်အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

မြတ်မင်းဇင်

ယူ-၁၃ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ ကစားသမားကောင်းများ ရွေးချယ်စခန်းသွင်း

ယူ-၁၃ ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲမှ ခြေစွမ်းကောင်းသည့်ကစားသမား ၃၀ဦးအား ရန်ကုန်မြို့တွင်စခန်းသွင်းလေ့ကျင့်ပေးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်ကပြောကြားသည်။

ဇန်နဝါရီ ၆ရက်မှ ၁ရက်အထိ ရန်ကုန်မြို့ အမျိုးသားဘောလုံးအကယ်ဒမီမြက်ခင်းတဲ့ကွင်း၌ ကျင်းပသည့် အဆိုပါပြိုင်ပွဲမှ ကစားသမား ၃၀ ဦးခန့်ကို ရွေးချယ်ကာ သက်တမ်းအလိုက်အာဆီယံပြိုင်ပွဲများနှင့် လူငယ်ဘောလုံးပြိုင်ပွဲများအတွက် ရည်ရွယ်၍ သက်တမ်းအလိုက်လက်ရွေးစင်အသင်းအဖြစ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"သူများနိုင်ငံတွေမှာဆိုရင် အသက် (၈)နှစ်ကစပြီး ပြိုင်ပွဲတွေကန်နေပြီ။ ကျွန်တော်တို့ကလည်း ဒီပြိုင်ပွဲက ကစားသမားတွေကို ရွေးချယ်ပြီးစနစ်တကျ လေ့ကျင့်ပေးမယ်ဆိုရင် သက်တမ်းအလိုက်အာဆီယံပြိုင်ပွဲတွေနဲ့ လူငယ်ဘောလုံးပွဲတော်တွေမှာ ဆုတံဆိပ်ရဖို့မျှော်နှန်းနိုင်ပြီ"ဟု ဦးဇော်ဇော်ကပြောသည်။

ကစားသမားရွေးချယ်ရေးအဖွဲ့က ရွေးချယ်ထားသည့် ကစားသမား ၃၀ ဦးကို ရန်ကုန်မြို့ အမျိုးသားဘောလုံးအကယ်ဒမီတွင် ထားရိုမည်ဖြစ်ပြီး ပညာရေးနှင့် ဘောလုံးကစားနည်းတို့သင်ယူနိုင်ရန် အမျိုးသမီးဘောလုံးကော်မတီ တာဝန်ရှိသူများနှင့်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌကဆိုသည်။

လာမည့်နှစ်များတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို အသက် (၁၄)နှစ်အောက်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ ထိုအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် လူငယ်ကစားသမားများကို လေ့ကျင့်သင်ကြားပေးနိုင်မည့် နည်းပြဆရာများ ထွက်ပေါ်လာစေရန် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ၏အစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးဇော်ဇော်ကပြောသည်။ ပြိုင်ပွဲဝင် ၁၇သင်း ပါဝင်ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းယူ-၁၃ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရှမ်း(တောင်)အသင်း ဗိုလ်ရွှေခဲ့သည်။

မြတ်မင်းဇင်

MANN
YADANARPON AIRLINES
Enjoy Royal Service!

www.airmyp.com

အနေးထွေးဆုံး ဝန်ဆောင်မှုများဖြင့် ပြည်တွင်းခရီးစဉ်များအတွက်
မိသားစု၊ ချစ်သူ၊ ခင်သူများနှင့်အတူ
ပွင့်လင်းရာသီ၏ ခရီးသွားအချိန်အခါကို မန်းရတနာပုံနှင့်အတူ စတင်လိုက်ပါ

- Yangon
- Nyaung U
- Mandalay
- Heho
- Thandwe
- Sittwe
- Tachileik
- Kyaing Tong
- Lashio
- Dawei
- Myeik
- Kaw Thaung
- Khamti
- Myitkyina

AMPU VISA MasterCard UnionPay

Find us on Facebook MannYadanarPonAirlines

Yangon Office
No.3, Thalarwaddy Street, 7th Mile, Mayangone Township.
Phone : (+95-1) 656969, Fax : (+95-1) 656998, Email : reservation@airmyp.com

Mandalay Office
No.9, 78th Street, Between 33rd & 34th Street, Chan Aye Thar Zan Township.
Tel : (+95-2) 67099, Fax : (+95-2) 67039